ရေးသားပြုစုသည်

ဥဂ္ဂါဝံ

# တချို့က ကြွမ်းမှုဖြစ်တယ်

နှင့်



အခြားသောအသစ်မြင်ပုံပြင်ထူးများ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာအုပ်စာတမ်း ကြိုတင်ခွင့်ပြုချက်အမှတ် (၂၄၀/၉၇)(၆)
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် (၄၇/၉၇)(၁၁)

ပုံနှိပ်ခြင်း --- ပထမအကြိမ်

၁၉၉၇-ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၂၀၀၀

တန်ဖိုး - ၁၈[illegible]

မျက်နှာဖုံးပန်းချီ - တာဲအောင်မြင်

စီစဉ်မှု - **ထွန်းထွန်း (ရသေ့တောင်)**

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးလှသောင်း

အောင်ဝင်းသိန်းပုံနှိပ်တိုက် (မြဲ-၀၄၃၁၆)

အမှတ်(၂၃)၊ မြရာကုန်းလမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

မောင်ရဲမြင့် (တက်လမ်းစာပေ)

(မြဲ-၀၁၀၄၉)

အမှတ်-၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊

ရန်ကုန်မြို့။

# ဥက္ကါစံ
(ပန်တီးပြုစုသည်)

---

# တချို့ကကြွမ်းမှပြစ်တယ်
# နှင့်
# အခြားသောအသစ်မြင်ပုံပြင်ထူးများ
## ( ရခိုင် နှင့် တိုင်းရင်းသားပုံပြင်စုံ )

ပြည်လုံးကျွတ်ဖြန့်ချီရေး
ရွက်ကျပင်ပေါက်စာစဥ်ပြန့်ပွားရေး

---

အမှတ်-၃၃၆၊ ၇-လမ်း၊
ငမိုးရိပ်ရပ်ကွက်၊ သယ်င်္န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## မာတိကာ


✦ အမှာစာ ၁

၁။ တစ်ချို့ကကြမ်းမှဖြစ်တယ် ၅

၂။ လူနပ်ချမ်းသာ (ရခိုင်ရိုးရာပုံပြင်) ၁၈

၃။ ငှက်ကလေးပုံပြင် ၂၄

၄။ လူမှာ ကတိနဲ့ သစ္စာ ၂၈

၅။ မှန်တာလုပ် ဟုတ်တာပြော (ရခိုင်ရိုးရာပုံပြင်) ၃၄

၆။ ဒီလိုမလုပ်နဲ့ ၄၇

၇။ အရှူးအနှမ်းအထူးအဆန်း(ရခိုင်ရိုးရာပုံပြင်) ၅၁

၈။ လူမစွမ်းက နတ်မတယ်(ရခိုင်ရိုးရာပုံပြင်) ၆၁

၉။ အပျော့ချွဲမှာ အဆစ်ပါသွားတယ်(ရခိုင်ရိုးရာပုံပြင်) ၇၆

၁၀။ အမေမှာ မှာတဲ့အတိုင်း(ရခိုင်ရိုးရာပုံပြင်) ၈၆

၁၁။ ထိုက်တန်တဲ့လူ ရယူစေ(ရခိုင်ရိုးရာပုံပြင်) ၉၅

၁၂။ ငဖျင်းရဲ့ဇာတ်လမ်း(မြန်မာ့ကျေးလက်ပုံပြင်) ၁၁၀


✤✤✤ ✤✤✤ ✤✤✤

## (အမှာစာ)

မှန်ရာကို ပြောဆိုဖို့အတွက် လူနှစ်ယောက်လိုတယ်..။ တစ်ယောက်က ပြောဖို့လူ..၊ နောက်တစ်ယောက်က နားထောင်ပေးဖို့လူပါပဲ..။

*(ဒေးဒေါ်ရှင်)*

အဲဒါနဲ့ပတ်သက်ပြီး ပြောရရင်တော့ ပုံပြင်ဆိုတာကတော့ အမှန်တရားကို ပြောကြားသူတစ်ယောက်လို့ ဆိုရမလားမသိဘူး။ နားထောင်သူဆိုတာကတော့ အဲဒီပုံပြင်ကို စဉ်းစား၊ ဖတ်ကြား၊ နားထောင်လာခဲ့ကြသူတွေကို ဆိုရမလား မသိပါဘူး။

ပုံပြင်တွေမှာက သိကြတဲ့အတိုင်း လောကနီယာမတွေထဲက တစ်ခုခုကို ပညာပေးလမ်းညွှန် တင်စားပြထားတာတွေနဲ့ ပြည့်လျှမ်းနေလို့ပဲဖြစ်ပါတယ်။

ဒါပေမယ့် အတုံးလိုက်အတစ်လိုက် မဲဟုတ်ပါပဲ၊ သာသာနဲ့ နာနာခေါ်ရမလားမသိဘူး။ ညင်ညင်သာသာ (ဒါမှမဟုတ်) ရယ်စရာ မောစရာ (ဒါမှမဟုတ်) ပြောင်သလို နောက်သလို (ဒါမှမဟုတ်) ရှုးသလို ပေါ့သလိုမျိုး နဲ့ပြောဆို ဖျော်ဖြေ တင်ဆက်ထားတတ်တာမျိုးတွေပဲ ဖြစ်ပါတယ်။

ပုံပြင်ဆိုတာ ဘာနဲ့တူသလဲဆိုတော့ ဇာတ်စင်ထက်က သရုပ်ဆောင် ကပြနေတာမျိုးပဲ ဖြစ်ပါတယ်။

ဖတ်သူက ခံစားမှုနဲ့ တုံ့ပြန်ပညာယူရတာမျိုးပဲ ဖြစ်ပါတယ်။

ကိုယ်နှစ်သက်သလို ခံစားရတာမျိုးပဲ ဖြစ်ပါတယ်။ ဆိုလိုတာက ဖွတ်တရွတ် အတင်းအဓမ္မ စေခိုင်းလုပ်ဆောင်ခိုင်းတတ်တာမျိုး မဟုတ်ပဲ ညင်ညင်သာသာ လုပ်ဆောင်ပြတတ်တာမျိုးပဲ ဖြစ်ပါတယ်။

တစ်နည်းဆိုရင်လည်း မရယ်သူတွေအတွက် နာသာခံခက် ဖြစ်စေတာမျိုးတွေလည်း ပါတတ်ပါတယ်။

ဥပမာတစ်ခု ပြပါရစေ။

အမျိုးသမီးတစ်ဦးဟာ သူတောင်းစား နှစ်ယောက်ကို သနားတာကြောင့် အိမ်ထဲသို့ခေါ်လာခဲ့တယ်။

"လက်ဖက်ရည် ဘယ်သူသောက်မလဲ" လို့ မေးလိုက်တော့ နှစ်ဦးထဲက တစ်ဦးက အားတက်သရောနဲ့ "ကျွန်တော်သောက်မယ်လို့" ပြောလိုက်တယ်။

"မုန့် ပဲ တွေလည်း ရှိသေးတယ် ဘယ်သူစားချင်လဲ" လို့ မေးပြန်တယ်။ "ကျွန်တော်စားမယ်" လို့ အဲဒီသူတောင်းစားကပဲ ပြန်ဖြေပြန်တယ်။

"အကြော်စုံတွေလည်း ရှိသေးတယ် ဘယ်သူစားဦးမလဲရှင့်" လို့ မေးလိုက်ပြန်တယ်။

ဒီတော့ အဲဒီသူတောင်းစားကပဲ သူ့အသံကို ကျယ်သည်ထက် ကျယ်အောင် အသံမြှင့်လိုက်ပြီးတော့ "ကျွန်တော်ပဲ စားမယ်ခင်ဗျာ" လို့ဆိုလိုက်ပြန်တယ်။ ဒီလိုနဲ့ အစားအသောက်တွေ ကုန်သွားခဲ့တယ်။ ဒီတော့ အိမ်ရှင်အမျိုးသမီးက "ကျွန်မမှာ ရေတွေကုန်နေတယ်ရှင့်၊ ဘယ်သူခပ်ပေးမလဲ" လို့ မေးလိုက်တယ်။

ဒီတော့ အဲဒီသူတောင်းစားက သူနဲ့ အဖော်ပါလာသူကို လက်တို့ပြီး လှမ်းပြောလာတယ်။

"ဟေ့လူ မင်းလည်း တစ်လှည့်ပြောဦးမှပေါ့ကွ" တဲ့ ဆိုတာမျိုးတွေပဲဖြစ်ပါတယ်။

စာရေးသူဟာ 'ဒီအမြင်တွေ၊ ဒီပုံပြင်တွေကို ဖော်ထုတ်တင်ပြဖို့ ကြိုးစားလိုက်ရတာပဲ ဖြစ်ပါတယ်။ ဒီပုံပြင်တွေဟာ မမှန်သူအတွက် နာသာခံချက် ဖြစ်စရာ၊ မှန်ကန်သူအတွက်က လက်ခုပ်လက်ဝါး တီးစရာ ဖြစ်ဖို့ပါပဲ။

အားလုံး မျှဝေခံစား နိုင်ကြပါစေ..။

*(စာရေးသူ)*

## ၁။ တချို့က ကြမ်းမှုဖြစ်တယ်

လွန်လေပြီးသောအခါက အလွန်ဆင်းရဲသည့် ညီအစ်ကို နှစ်ယောက်ရှိတယ်။ အစ်ကိုဖြစ်သူမှာ အရပ်တစ်ပါးသို့သွားပြီး အလုပ်ရှာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ပိုက်ဆံရသောအခါ ညီဖြစ်သူထံ ပို့ပေးမယ်ဟု ညီဖြစ်သူကိုပြောပြီး အလုပ်ရှာရန် နေအိမ်မှ ထွက်သွားလေတယ်။ ညီဖြစ်သူလည်း အိမ်မှာပင် ကျန်ရစ်ခဲ့တယ်။ အစ်ကိုဖြစ်သူဟာ ရွာကြီးတစ်ရွာသို့ရောက်တဲ့အခါ ကြေးရတတ် လယ်ပိုင်ရှင်ကြီးတစ်ဦးထံမှာ စာရင်းငှားအလုပ် ဝင်လုပ်တယ်။ အလုပ်ကို လာမည့်နှစ်နွေဦးပေါက်ချိန်အထိ အလုပ်လုပ်မယ်လို့ နှစ်ဦးနှစ်ဖက်သဘောတူ ကတိထားကြတယ်။ ဒါပေမယ့် လယ်ပိုင်ရှင်ကြီးက အောက်ပါစည်းကမ်းချက်ကို လိုက်နာရမယ်လို့ ပြောတယ်။ လယ်ပိုင်ရှင်ကြီး ပြောခဲ့တဲ့ စည်းကမ်းမှာ-

လာမယ့်နှစ်နွေဦးပေါက် မတိုင်မီ တစ်ဦးဦးက တစ်ခြားတစ်ဦးအား စိတ်ဆိုးဒေါသဖြစ်လျှင် ဒေါသဖြစ်စိတ်ဆိုးသူကို ဒဏ်တပ်ရမယ်။ ဥပမာ မင်းကငါ့ကို စိတ်ဆိုးဒေါသဖြစ်လျှင် မင်းက ငွေတစ်ထောင်ကျပ် ငါ့ကို ပေးရမယ်။ တကယ်လို့ ငါက စိတ်ဆိုးဒေါသထွက်လျှင် မင်းကို ငွေတစ်ထောင်ကျပ် ငါကပေးရမယ်လို့ လယ်ပိုင်ရှင်ကြီးကဆိုတယ်။

"ဒါပေမယ့် ကျွန်တော့်မှာလျော်ကြေးပေးစရာ ပိုက်ဆံမရှိပါဘူးဗျာ"

## ၁။ တချို့က ကြမ်းမှုဖြစ်တယ်

လွန်လေပြီးသောအခါက အလွန်ဆင်းရဲသည့် ညီအစ်ကို နှစ်ယောက်ရှိတယ်။ အစ်ကိုဖြစ်သူမှာ အရပ်တစ်ပါးသို့သွားပြီး အလုပ်ရှာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ပိုက်ဆံရသောအခါ ညီဖြစ်သူထံ ပို့ပေးမယ်ဟု ညီဖြစ်သူကိုပြောပြီး အလုပ်ရှာရန် နေအိမ်မှ ထွက်သွားလေတယ်။ ညီဖြစ်သူလည်း အိမ်မှာပင် ကျန်ရစ်ခဲ့တယ်။ အစ်ကိုဖြစ်သူဟာ ရွာကြီးတစ်ရွာသို့ရောက်တဲ့အခါ ကြေးရတတ် လယ်ပိုင်ရှင်ကြီးတစ်ဦးထံမှာ စာရင်းငှားအလုပ် ဝင်လုပ်တယ်။ အလုပ်ကို လာမည့်နှစ်နွေဦးပေါက်ချိန်အထိ အလုပ်လုပ်မယ်လို့ နှစ်ဦးနှစ်ဖက်သဘောတူ ကတိထားကြတယ်။ ဒါပေမယ့် လယ်ပိုင်ရှင်ကြီးက အောက်ပါစည်းကမ်းချက်ကို လိုက်နာရမယ်လို့ ပြောတယ်။ လယ်ပိုင်ရှင်ကြီး ပြောခဲ့တဲ့ စည်းကမ်းမှာ-

လာမယ့်နှစ်နွေဦးပေါက် မတိုင်မီ တစ်ဦးဦးက တစ်ခြားတစ်ဦးအား စိတ်ဆိုးဒေါသဖြစ်လျှင် ဒေါသဖြစ်စိတ်ဆိုးသူကို ဒဏ်တပ်ရမယ်။ ဥပမာ မင်းကငါ့ကို စိတ်ဆိုးဒေါသဖြစ်လျှင် မင်းက ငွေတစ်ထောင်ကျပ် ငါ့ကို ပေးရမယ်။ တကယ်လို့ ငါက စိတ်ဆိုးဒေါသထွက်လျှင် မင်းကို ငွေတစ်ထောင်ကျပ် ငါကပေးရမယ်လို့ လယ်ပိုင်ရှင်ကြီးကဆိုတယ်။

"ဒါပေမယ့် ကျွန်တော့်မှာလျော်ကြေးပေးစရာ ပိုက်ဆံမရှိပါဘူးဗျာ"

စာရင်းငှားက သူ့တွင် လျော်ကြေးပေးရန် ပိုက်ဆံမရှိကြောင်းကို ပြောတယ်။

"အင်း.. လျော်ကြေးပေးရန် မရှိဘူးဆိုတော့ အေးလေ မင်းက ပိုက်ဆံမရှိလို့ ငါ့ဆီလာပြီး အလုပ်လုပ်တဲ့လူဖြစ်တော့ ဘယ်မှာ ပိုက်ဆံရှိပါ့မလဲ၊ ကိုင်း...ကိုင်း ဒီတော့ လျော်ကြေးငွေ တစ်ထောင်မပေးနိုင်ရင် ငါ့ဆီမှာ အခကြေးငွေ တစ်ပြားတစ်ချပ်မှ မယူပဲ ဆယ်နှစ်တိတိ အလုပ်လုပ်ပေးရမယ်။ ကဲ.. ဘယ်လိုသဘောရသလဲ.."

စာရင်းငှားဟာ အစပထမမှာ အလုပ်ရှင်ရဲ့ စည်းကမ်းချက်ကို ငြင်းပယ်လိုက်မယ်လို့ စိတ်ကူးမိသေးတယ်။ "ဟယ် ငါ့စိတ်ကို ငါနိုင်အောင် ထိန်းပြီး ဘယ်တော့မှ စိတ်မဆိုးဒေါသမထွက်အောင် နေရင်ပြီးတာပဲ၊ အဲ တကယ်လို့ လယ်ပိုင်ရှင်ကြီးက စိတ်ဆိုးရင် လျော်ကြေးတစ်ထောင် တောင် ငါရဦးမှာပဲ"လို့ စဉ်းစားမိတာကြောင့် လယ်ပိုင်ရှင်ကြီးရဲ့ စည်းကမ်းချက်ကို သဘောတူလိုက်တယ်။

နောက်တစ်နေ့ နံနက်ပိုင်း မိုးသောက် လင်းလာတာနဲ့ တပြိုင်နက် လယ်ပိုင်ရှင်ကြီးက သူ့ကို လယ်ထဲသွား အလုပ်လုပ်ရန် စေလွှတ်လိုက်တယ်။

"ဟောဒီတံစဉ်နဲ့ တောင်းကိုယူသွားပြီး လယ်ထဲက မြက်တွေကို ရိတ်ပေတော့၊ အဲ.. လယ်ထဲမှာ အလင်းရောင် ရှိသေးသမျှ မင်းအလုပ်ကို မရပ်ရဘူး၊ ကိုင်း.. သွားတော့.."

လယ်ပိုင်ရှင်ကြီးဟာ သူ့စာရင်းငှားကို မြက်ရိတ်ရန် တံစဉ်နဲ့

တောင်းကို ပေးပြီး လယ်ထဲသို့ စေလွှတ်လိုက်တယ်။

စာရင်းငှားဟာ လယ်ပိုင်ရှင်ကြီး စေခိုင်းခဲ့တဲ့အတိုင်း လယ်ထဲမှာ တစ်နေ့လုံး မြက်ရိတ်နေတယ်။ မှောင်ရိပ်ပျိုးလာတဲ့အခါမှ မောမော ပန်းပန်းနဲ့ အိမ်သို့မြက်တောင်းကို ထမ်းပြီးပြန်လာခဲ့တယ်။

"ဟော့… အစောကြီးရှိသေးတယ်၊ ဘာကြောင့် ပြန်လာခဲ့သတုံး" လို့ အလုပ်သမားကိုမြင်တာနဲ့ တပြိုင်နက် အလုပ်ရှင်က မေးလိုက်တယ်။

"ဘယ်မှာ စောတော့လို့လဲဗျာ၊ နေလည်းဝင်သွားပြီပဲ" လို့ အလုပ် သမားက နဖူးမှချွေးကိုသုတ်ရင်း ပြန်ပြောလိုက်တယ်။

"ဟော့ နေဝင်သွားတာနဲ့ ပြန်လာခဲ့ရရောလားကွ၊ အလင်းရောင် ရှိသေးရင် အလုပ်ကိုမရပ်ရဘူးလို့ မနက်က မင်းကို ငါမှာလိုက်တယ် မဟုတ်လား၊ နေဝင်သွားပေမယ့် လရှိသေးတယ် မဟုတ်လား၊ လရောင်နဲ့ လည်း မင်းအလုပ်ကို လုပ်နိုင်တာဘဲ"

"ခင်ဗျားပြောသလိုသာဆို ကျွန်တော်ဘယ်တော့မှ မနားရတော့ဘူး ပေါ့" လို့ စာရင်းငှားက အော်ပြောလိုက်မိတယ်။

"ဟဲ..ဟဲ မင်းစိတ်ဆိုးပြီ မှတ်တယ်" လယ်ပိုင်ရှင်ကြီးက သဘော ကျစွာနဲ့ မေးလိုက်တယ်။

"စိတ်မဆိုးပါဘူးခင်ဗျာ၊ ကျွန်တော်ခင်ဗျားကို နည်းနည်းလေးမှ စိတ်မဆိုးပါဘူး၊ ကျွန်တော်မောလွန်းလို့ပါ၊ ခဏတဖြုတ် အမောဖြေပြီး ကျွန်တော် လယ်ထဲကို ပြန်သွားပါ့မယ်"

စာရင်းငှားက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကပျာကယာ ပြန်ပြော လိုက်ရတယ်။

စာရင်းငှားဟာ လဝင်သွားတဲ့အထိ တစ်ညလုံး အလုပ်လုပ်ရရှာ တယ်။ သို့ပေမယ့် လဝင်သွားပြီးနောက် မကြာမီမှာပဲ နေထွက်လာပြန် တယ်။ စာရင်းငှားဟာ ပင်ပန်းလွန်းလှတာကြောင့် လဲကျသွားလေတော့ တယ်။ တစ်နေ့လုံး တစ်ညလုံး အလုပ်လုပ်ရတာနဲ့ စိတ်ကိုမထိန်းနိုင် တော့ပဲ လယ်ပိုင်ရှင်ကြီးကို ဆဲရေးလိုက်မိတယ်။

"တယ်လူစိတ်ကင်းမဲ့တဲ့ လယ်ပိုင်ရှင် သွေးစုပ်သတ္တဝါကြီး၊ သင့် လောက်ယုတ်မာသူ ဒီလောကမှာမရှိတော့…၊ အလုပ်သမားရဲ့ချွေး၊ သွေး တွေနဲ့၊ သင်ရှာလို့ရတဲ့ သင့်ပိုက်ဆံတွေ၊ သင့်လယ်မြေတွေ၊ သင်စားတဲ့ ထမင်း၊ ဟင်းလျာတွေဟာ အဆိပ်ဖြစ်ပါစေသား"

စာရင်းငှားက လယ်ပိုင်ရှင်ကို ကျိန်ဆဲနေခိုက်မှာပဲ လယ်ပိုင်ရှင် ကြီးက ရောက်ခဲ့ပြီကော….

"မင်းစိတ်ကို မထိန်းနိုင်တော့ပဲ ငါ့ကိုစိတ်ဆိုးပြီ မဟုတ်လား၊ မင်းနဲ့ငါ ကတိထားခဲ့တဲ့ စည်းကမ်းချက်အတိုင်း မင်းငါ့ကို ငွေတစ်ထောင် ပေးမလား၊ ဒါမှမဟုတ် ငါ့ဆီမှာ ဆယ်နှစ်အခမဲ့ အလုပ်လုပ်ပေးမလား ပြော"လို့ ပြောလိုက်ပြန်တယ်။ လယ်ပိုင် ရှင်ကြီးရဲ့စကားကို ကြားလိုက်တဲ့ အခါ စာရင်းငှားဟာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားပြန်တော့တယ်။ မိမိကတိပေးခဲ့တဲ့အတိုင်း မိမိမှာ လယ်ပိုင်ရှင်ကြီးကို လျော်ကြေးအဖြစ် ပေးရန် ငွေတစ်ထောင်လည်း မရှိ။ ဒီလို စိတ်ယုတ်မာတဲ့ အလုပ်ရှင်ထံ

လည်း ဆယ်နှစ်တိုင်တိုင် ကျွန်ခံလိုစိတ်မရှိပြန်ဘူး…၊ နောက်ဆုံးတွင် စာရင်းငှားဟာ လယ်ပိုင်ရှင်ကြီးကို ပေးဆပ်ရန် ကြေးကျပ်တစ်ထောင်ရှိပါတယ်ဆိုတဲ့ စာချုပ်မှာ လက်မှတ်ရေးထိုးပြီး လက်ချည်းသက်သက် အိမ်သို့ ပြန်လာခဲ့ရရှာတယ်…။

အိမ်သို့ ပြန်ရောက်တဲ့အခါ ညီဖြစ်သူက မေးတာကြောင့် အစ်ကိုဖြစ်သူက သူ့အဖြစ်အပျက်အားလုံးကို တစ်လုံးမကျန် ပြန်ပြောပြလိုက်ရတယ်…။

"ဟာ… ဒီလိုဆိုရင် အစ်ကိုဘာမှ စိတ်မပူနဲ့… အစ်ကို အိမ်မှာပဲ နေပါ… ကျွန်တော် အပြင်ထွက်ပြီး အလုပ်လုပ်ပါ့မယ်…"

ညီဖြစ်သူက သူ့အစ်ကိုကို နှစ်သိမ့်စကားပြောပြီး သူ့အစ်ကို အလုပ်လုပ်ခဲ့တဲ့ လယ်ပိုင်ရှင်ကြီးထံသို့ ဝင်လာခဲ့တယ်…။

လယ်ပိုင်ရှင်ကြီးထံ ရောက်တဲ့အခါ လယ်ပိုင်ရှင်ကြီးက သူ့စည်းကမ်းချက်ကို သဘောတူမှသာ အလုပ်လုပ်စေမယ် ပြောလိုက်တယ်…။ လယ်ပိုင်ရှင်ကြီးရဲ့ စည်းကမ်းချက်မှာ အလုပ်ရှင်နဲ့ အလုပ်သမားတစ်ဦးဦးက စိတ်ဆိုးခဲ့က စိတ်ဆိုးသူက လျော်ကြေးအဖြစ် ငွေတစ်ထောင်ပေးရမယ်…။ ဥပမာ လယ်ပိုင်ရှင်ကြီးက စိတ်ဆိုးသော် လယ်ပိုင်ရှင်ကြီးက အလုပ်သမားကို လျော်ကြေး ငွေကျပ်တစ်ထောင်ပေးရမယ်။ ထိုနည်းအတူ အလုပ်သမားက စိတ်ဆိုးက အလုပ်သမားက လယ်ပိုင်ရှင်ကို လျော်ကြေး ငွေတစ်ထောင် ပေးရမယ်ဖြစ်တယ်…။

"လျော်ကြေးက နည်းသေးတယ်ခင်ဗျာ.. တကယ်လို့ ခင်ဗျားက စိတ်ဆိုးခဲ့သော် ခင်ဗျားကျွန်တော့်ကို လျော်ကြေးငွေနှစ်ထောင်ပေးပြီး အလုပ်မှ လွတ်ငြိမ်းခွင့်ပေးရမယ်.. အဲ တကယ်လို့ ကျွန်တော်က စိတ်ဆိုးခဲ့ရင် ကျွန်တော်က ခင်ဗျားကို လျော်ကြေးငွေနှစ်ထောင်ပေးမယ်..၊ ဒါမှမဟုတ် ခင်ဗျားဆီမှာ အနှစ်နှစ်ဆယ် ကျွန်ခံမယ်ဗျာ.."

ညီဖြစ်သူက လယ်ပိုင်ရှင်ကြီးကို စည်းကမ်းချက်ပြင်ရန် ပြောလိုက်တယ်..။

"မင်းပြောတဲ့အတိုင်း စည်းကမ်းချက်ကို ငါ သဘော တူတယ်.. ကဲ စိန်လိုက်လေ.."

လယ်ပိုင်ရှင်ကြီးဟာ မိမိရဲ့ စိတ်ကြိုက်ဖြစ်တာကြောင့် အလုပ်သမား တင်ပြတဲ့ စည်းကမ်းချက်ကို ဝမ်းမြောက်ဝမ်းသာနဲ့ ချက်ချင်းပဲ သဘော တူညီလိုက်တယ်..။

နောက်တစ်နေ့ နံနက်ပိုင်းသို့ရောက်ပြီး နေပင် အတော်မြင့်နေပြီ ဖြစ်ပေမယ့် အလုပ်သမားဟာ အလုပ်ခွင်သို့ မလာသေးဘဲ နှစ်နှစ် ခြိုက် ခြိုက် အိပ်မောကျနေသေးတာကို လယ်ပိုင်ရှင်က တွေ့လိုက်ရတယ်..။

"ဟေ့ မောင်ရင် ထတော့လေ.. နေတောင် မွန်းတည့်တော့မယ်.. အလုပ်ထလုပ်ပါတော့လားကွ.."

လယ်ပိုင်ရှင်ကြီးက အော်နှိုးလိုက်တာကြောင့်၊ အလုပ်သမား ကလေး ဟာ၊ မျက်လုံးကို လက်ဖမိုးနဲ့ အသာပွတ်လိုက်ပြီးမှ..

"ဟင်.. နေတောင်အတော်မြင့်နေပါပြီလား.. ကျွန်တော် ခုလို နေမြင့်အောင်အိပ်တဲ့အတွက် စိတ်များဆိုးသလားဗျာ.." ဟုအသာလေး မေးလိုက်တယ်..။

"ဟဲ ဟဲ စိတ်မဆိုးပါဘူးကွာ.. ဦးက ကိုယ့်အလုပ်သမားကို ဂရုစိုက်ပြီး လာနှိုးတာပါ.. ကိုင်း ကိုင်း အချိန်တောင် မရှိတော့ဘူး.. လယ်ထဲကို သွားပြီး မြက်ရိတ်ပေတော့.."

လယ်ပိုင်ရှင်ကြီးက ပျာပျာသလဲ ပြောလိုက်တယ်..။

"မရှိလို့ လုပ်စားတာ ဖြည်းဖြည်းပေါ့ ဗျာ.."

စာရင်းငှားဟာ ညည်းညည်းညူညူ ပြောလိုက်တယ်..။

"ဘာကွ မရှိလို့ လုပ်စားတာ ဖြည်းဖြည်းပေါ့.. ဟုတ်လား သူများ အလုပ်ကိုလုပ်ရင် အလုပ်ရှင်သဘောကျအောင် လုပ်ရတယ်ကွ သိလား.."

"ဟဲ ဟဲ ဦးက စိတ်ဆိုးနေတယ် ထင်တယ်.."

"ဟဲ ဟဲ ဦးက စိတ်မဆိုးတတ်ပါဘူးကွာ..၊ လူငယ်ဆိုတာ အလုပ်ကို ကြိုးစားပမ်းစားလုပ်သင့်တဲ့အကြောင်းကို ဦးက စေတနာနဲ့ ပြောတာပါကွာ..၊ ကိုင်း အချိန်ကလေးရှိတုန်း သွားလိုက်ဦး..၊ ကြော် တော်တော်ကြာ မိုးချုပ်သွားဦးမယ်ဟေ့.."

"ဒီနေ့ မိုးချုပ်သွားရင်လည်း မနက်ဖြန် လုပ်နိုင်တာပဲဗျ.. သိပ်လည်း အလောမကြီးပါနဲ့..၊ ဒါနဲ့ ဦးကိုတော့ သတိပေးပါရစေ..၊ ကျွန်တော့်တို့ နှစ်ဦးသဘောတူကတိထားကြတဲ့ စည်းကမ်းချက်ကိုတော့

မမေ့နဲ့နော်..''

''မမေ့ပါဘူးကွာ.. ကိုင်းကိုင်း အလုပ်ဆင်းလိုက်ဦးဟေ့...၊ အလုပ်ဆင်းလိုက်ဦး..''

''ဟာ နေတောင်အတော်မြင့်နေပါကလား.. မနက်စာ ထမင်းစားချိန်တောင် ရောက်နေပြီပဲ..၊ မထူးတော့ပါဘူးဦးရာ..၊ ကျွန်တော်တို့ မနက်စာ ထမင်းစားကြစို့လား..၊ ထမင်းစားပြီးတော့မှပဲ အလုပ်ကို ဆက်လုပ်ကြတာပေါ့..''

လယ်ထဲ ရောက်ပြီး တအောင့်လောက် အကြာမှာ အလုပ်သမားကလေးဟာ နံနက်စာ ထမင်းစားရန် လယ်ပိုင်ရှင်ကြီးကို ပြောလိုက်တယ်။

လယ်ပိုင်ရှင်ကြီးဟာ တစုံတရာ ဘာမှမတတ်နိုင်ဘဲ အလုပ်သမားကလေး ပြောတဲ့အတိုင်း အလုပ်ကိုနားပြီး နံနက်စာကို စားလိုက်ကြတယ်..

''ကျွန်တော်ဟာ စာရင်းငှားပဲ ဦး..၊ ဒီတော့ ထမင်းစားပြီး တရေးတမော အိပ်လိုက်ဦးမယ်..၊ ဒါမှ အားပြန်ပြည့်လာပြီး အလုပ်ကို ကောင်းကောင်းလုပ်နိုင်မှာဗျ..''

နံနက်စာ စားပြီးတဲ့အခါ စာရင်းငှားကလေးက လယ်ပိုင်ရှင်ကြီးကို ပြောလိုက်တယ်..၊ လယ်ပိုင်ရှင်ကြီးက တစုံတရာပြန်ပြီး မပြောမီမှာပဲ အလုပ်သမားကလေးဟာ သစ်ပင်ရိပ်ကောင်းကောင်းရှိတဲ့ နေရာကိုသွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ချလိုက်တယ်..။ စာရင်းငှားကလေးဟာ နံနက်စာ စားပြီးတဲ့ အချိန်ကစပြီး အိပ်လိုက်တာ ညနေ စောင်းတဲ့အထိ မနိုးသေးဘူး။

"ဟော့ ဟော့ မင်း ဘယ်လိုသတ္တဝါလဲကွ… ဒီလောက်ပဲ ကုလားသေကုလားမော အိပ်ရသလား… ဒို့ပြင်အလုပ်သမားတွေ အလုပ်လုပ်လို့ အလုပ်တောင် သိမ်းကြတော့မယ်…၊ မင်းကတော့ ခုထက်ထိ အိပ်တုန်းပဲ ဟုတ်ဟုတ် သေးတော့ကွာ…"

လယ်ပိုင်ရှင်ကြီးက စာရင်းငှားကလေးကို လှုပ်နိုးလိုက်ရင်း ပြောလိုက်တယ်…။

"ဟဲ ဟဲ ဒီတစ်ခါတော့ ဦး အဟုတ် စိတ်ဆိုးပြီ ထင်တယ်…" စာရင်းငှားကလေးက ခေါင်းထောင်ကြည့်ရင်း ပြောလိုက်တယ်…။

"ဟဲ ဟဲ စိတ်မဆိုးပါဘူးကွာ၊ ဦး စိတ်မဆိုးပါဘူး၊ အခု အိမ်ပြန်ဖို့ အချိန်တောင် ရောက်ပြီမို့ ဦးက မောင့်ကိုပြောတာပါ…"

လယ်ပိုင်ရှင်ကြီးက ပျာပျာသလဲ ပြောလိုက်ရှာတယ်…။

"ဒီလိုဆိုလည်း ပြီးတာပဲလေ… ကိုင်း ကျွန်တော်တို့ ပြန်ကြစို့လား…"

အိမ်သို့ ပြန်ရောက်တဲ့အခါ ဧည့်သည်တစ်ဦး ရောက်နေတာကို လယ်ပိုင်ရှင်ကြီးက တွေ့လိုက်ရတယ်…၊ ဧည့်သည်ကို ဟင်းကောင်း ချက်ကျွေးရန်အတွက် ဆိတ်တစ်ကောင်ကို သွားသတ်ရန် လယ်ပိုင်ရှင်ကြီးက စာရင်းငှားကလေးကို အမိန့်ပေးလိုက်တယ်…

"ဘယ်ဆိတ်ကို ကျွန်တော် သတ်ရမှာလဲ ဦး…"

စာရင်းငှားကလေးက လယ်ပိုင်ရှင်ကြီးကို ဘယ်လိုဆိတ်ကို သတ်ရ

မလဲလို့ မေးလိုက်တယ်..။

"ဖမ်းမိတဲ့အကောင်ကို သတ်ပေါ့ကွာ ဒါလေးတောင် ငါ့ကို မေး
သလား.."

လယ်ရှင်ကြီးက စာရင်းငှားကလေးအား ပြန်ပြီးပြောလိုက်တယ်..။
စာရင်းငှားကလေးဟာ ဆိတ်ခြံရှိရာသို့ ထွက်ခွာ သွားတယ်.. မကြာမီ
ကလေးမှာပဲ အိမ်နီးချင်းတစ်ဦးဟာ လယ်ပိုင်ရှင်ကြီးထံသို့ ရေးကြီးသုတ်ပျာ
ပြေးလာပြီး..

"ခင်ဗျား စာရင်းငှားကလေး ရူးနေသလားမသိဘူးဗျို့..၊ ခင်ဗျား
ဆိတ်ခြံထဲက ဆိတ်တွေကို တစ်ကောင်ပြီးတစ်ကောင် သတ်နေတာ ဆိတ်
တွေအားလုံး ကုန်တော့မယ်" လို့ ပြောလိုက်တယ်..။

လယ်ပိုင်ရှင်ကြီးဟာ ဆိတ်ခြံရှိရာသို့ ကပျာကယာ သွားကြည့်
လိုက်တဲ့အခါ ခြံထဲရှိသမျှ ဆိတ်အားလုံး အတုန်းအရုန်း သေနေတာကို
တွေ့လိုက်ရတယ်..။

"ဟေ့ကောင် မင်းရူးများနေသလား.. ဘာကြောင့် ငါ့ဆိတ်တွေကို
အားလုံး သတ်ပစ်ရသလဲ.."

လယ်ပိုင်ရှင်ကြီးက ဒေါ်နဲ့မောနဲ့ အော် ပြောလိုက်တယ်..။

"ဒါတော့ ဖမ်းမိတဲ့ဆိတ်ကို သတ်လို့ ခင်ဗျားကိုယ်တိုင် အမိန့်ပေးတဲ့
ဥစ္စာပဲ..၊ ခြံထဲက ဆိတ်အားလုံးကို ကျွန်တော် ဖမ်းမိတော့.. ဖမ်းမိတဲ့
ဆိတ်အားလုံးကို ကျွန်တော်သတ်ရတာပေါ့ ဟဲ..ဟဲ..၊ ဆိတ်ခြံ တစ်ခြံလုံး

သတ်မိတဲ့အတွက် ဦးတော့ ကျွန်တော့်ကို စိတ်ဆိုးပြီမှတ်တယ်..''

စာရင်းငှားကလေးက အေးအေးဆေးဆေးပဲ ပြောလိုက်တယ်..။

''ငါ စိတ်မဆိုးပါဘူးကွာ.. နည်းနည်းလေးမှ စိတ်မဆိုးဘူး..၊ ဆိတ်တွေ တစ်ခြံလုံးသတ်ပစ်တဲ့အတွက် ငါ နှမြောသပေါ့ကွာ..''

''ဟဲ ဟဲ ဒီလိုဆိုတော့ ဦးက သဘောအကောင်းကြီးပဲ..၊ ကိုင်း ဦးက ကျွန်တော့်ကို စိတ်မဆိုးဘူးဆိုတော့ ဦးဆီမှာ အလုပ် ဆက်လုပ်ရဦးမှာပေါ့လေ..''

စာရင်းငှားကလေးက လေအေးနဲ့ပြောလိုက်ပြီး လယ်ပိုင်ရှင်ကြီးထံမှာ အလုပ်ဆက်လုပ်မြဲလုပ်နေတယ်..၊ သုံးလေးလ အတောအတွင်းမှာ အလုပ်သမားကလေးကြောင့် လယ်ပိုင်ရှင်ကြီးမှာ မရှုးရုံတမယ်သာ ကျန်တော့တယ်..၊ နောက်ဆုံးမှာ လယ်ပိုင်ရှင်ကြီးဟာ စာရင်းငှားကလေးကို နှင်ထုတ်ရန် ဆုံးဖြတ်လိုက်တယ်..။

သူ့ရဲ့ ကတိစာချုပ်အရဆိုသော် စာရင်းငှားကလေးဟာ တောထဲမှာ ဥဩတစ်ကောင်စလို့ အော်တဲ့အချိန်အထိ လယ်ပိုင်ရှင်ကြီးထံမှာ အလုပ်လုပ်ရမှာ ဖြစ်တယ်..။ ဒါကြောင့် လယ်ပိုင်ရှင်ကြီးဟာ ထိုအချက်ကို အသုံးပြုရန် ဆုံးဖြတ်လိုက်လေတယ်..။ ထိုအချိန်မှာ ဆောင်းဝင်ခါစ အချိန်မျှသာရှိသေးသောကြောင့် ဥဩတွန်ချိန် ရောက်ရန်မှာ အချိန်အတော်ပဲ လိုပါသေးတယ်..။ ထို့ကြောင့် လယ်ပိုင်ရှင်ကြီး ဇနီးဖြစ်သူကို တောထဲမှာ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ တက်ပုန်းနေစေပြီး၊ တောဂ မိမှိန့် အလုပ်

သမားကလေး သွားရောက်တဲ့အခါ ဥဩငှက်ကဲ့သို့ အသံပြုရန်မှာပြီး အိမ်သို့ ပြန်လာခဲ့တယ်၊ လယ်ပိုင်ရှင်ကြီးဟာ သူ့အစီအစဉ်အတိုင်း စာရင်း ငှားကလေးအား တောထဲသို့ အမဲလိုက်သွားမယ်လို့ ခေါ်လာခဲ့တယ်..။

တောထဲ သူတို့ရောက်တာနဲ့တစ်ပြိုင်နက် လယ်ပိုင်ရှင်ကြီးရဲ့ ဇနီးဟာ "ဥဩ.. ဥဩ" လို့ အော်လိုက်တယ်..။

"ဟော့... ဥဩတောင် တွန်နေပါပြီကောလား..၊ ကိုင်း... ကိုင်း တို့စာချုပ်ထဲမှာပါတဲ့အတိုင်း အခု မင်း ငါ့အလုပ်က ထွက်နိုင်ပြီဟော့.."

လယ်ပိုင်ရှင်ကြီးက အလုပ်သမားကို လှမ်းပြီးပြောလိုက်တယ်..။

လိမ္မာပါးနပ်တဲ့ စာရင်းငှားကလေးက လယ်ပိုင်ရှင်ကြီးရဲ့ အကြံကို ရုတ်ချည်း နားလည်လိုက်တယ်..။

"အင်း... ဆောင်းဝင်ရုံရှိသေးတယ် ဥဩတွန်တယ်ဆိုတော့ ဒီဥဩ ဟာ မကောင်းဆိုးဝါးစီးနေတဲ့ ဥဩပဲဖြစ်ရမယ်..၊ ဒီတော့ မကောင်း ဆိုးဝါးစီးနေတဲ့ ဥဩတော့ ကျောင်းမှန်း ကန်မှန်း သိသွားအောင် သေနတ်နဲ့ ပစ်ချလိုက်မယ်.."

စာရင်းငှားကလေးဟာ ပြောပြောဆိုဆိုနဲ့ပဲ လယ်ပိုင်ရှင်ရဲ့ဇနီး ပုန်းနေတဲ့ သစ်ပင်ထက်ဆီသို့ လက်ထဲက သေနတ်နဲ့ ချိန်လိုက်တယ်..၊ အဲဒီမှာ လယ်ပိုင်ရှင်ကြီးဟာ ဟန်ဆောင်မနေနိုင်တော့ဘဲ စာရင်းငှား ကလေးရဲ့ လက်ကသေနတ်ကို ဝင်လုယူလိုက်ပြီးတော့..

"ကဲ.. သေချင်းဆိုးလေး နင့်ကို ငါ သတ်ပစ်မယ်.. နင် နှိပ်စက်

တာကို ငါ မခံနိုင်တော့ဘူး…''လို့ ပြောလိုက်တယ်…။

''ဟား…ဟား ဦးက ကျွန်တော့်ကို တကယ်ပဲ စိတ်ဆိုး သလား ဟင်…''

စာရင်းငှားကလေးက ပြုံးရယ်ပြီး မေးလိုက်တယ်…။

''အေး ဟုတ်တယ် နင့်ကို ငါ တကယ်ကို စိတ်ဆိုးတယ်…။ ငွေနှစ်ထောင်ယူပြီး မောင်မင်းကြီးသား မြန်မြန်ကြွတော်မူပါ။ နင်ရှိနေသရွေ့ ကာလပတ်လုံး ငါတစ်နာရီမှ စိတ်ချမ်းသာတယ်လို့ မရှိဘူး၊ ပြောလက်စနဲ့ နင့်ကို ငါ မှန်တဲ့အတိုင်း ဖွင့်ဟဝန်ခံတော့မယ်…၊ ချောက်ချပြီး သူများကို မကောင်းမကြံနဲ့ သင်ကိုယ်တိုင် ချောက်ထဲ လိမ့်ကျမယ်ဆိုတဲ့ စကားကို အခုမှ ငါ နားလည်တယ်…''

လယ်ပိုင်ရှင်ကြီးဟာ သူ့အမှားကို ဝန်ခံလိုက်တယ်…။

နောက်ဆုံးမှာ ညီဖြစ်သူ စာရင်းငှားကလေးဟာ အသပြာ နှစ်ထောင်ကိုပိုက်ပြီး အိမ်သို့ ဝုံကြွားစွာပြန်လာခဲ့သတဲ့ဗျာ…

ဒါကြောင့်လည်း တချို့ကပြောကြတဲ့ စကားပုံတစ်ခု ရှိပါတယ်…။

''တချို့က ကြမ်းမှု…။ အဲ ကြမ်းပေးမှုပဲ ဖြစ်တယ်ဆို တာပဲလေ''

□□□ □□□ □□□

## ၂။ လူနပ်ချမ်းသာ (ရခိုင်ရိုးရာပုံပြင်)

ရှေးအခါက ဆင်းရဲသားတစ်ယောက်နဲ့ သူဌေးသား တစ်ယောက်တို့ ရှိကြတယ်..။

သူတို့ဟာ တက္ကသိုလ်ဆရာထံမှာ အထွေထွေပညာ သင်ယူခဲ့ကြလေတယ်..။

သူဌေးသားမှာ ဉာဏ်ပညာထက်မြက်လှသူ ဖြစ်တယ်...၊ ပညာကို လျှင်လျှင်မြန်မြန် တတ်မြောက်သွားခဲ့တယ်..။

ဆင်းရဲသားမှာတော့ ဉာဏ်ထိုင်းမှိုင်းလှတာကြောင့် ဘာတစုံတရာမှ မတတ်ခဲ့ဘူး..။

ဆင်းရဲသားမှာ နှစ်ကာလကြာညောင်းလာခဲ့ပေမယ့် ပညာတတ်ဖို့ လမ်းမမြင်တာကြောင့် စိတ်ပျက် လက်ပျက် ဖြစ်လာခဲ့တယ်..။

ဒါကြောင့် ဆရာထံက သွေ့ခွာခဲ့ပြီး သူဌေးသားနဲ့အတူ လိုက်ပါလို့ လာခဲ့တယ်..။

သူတို့ဟာ လမ်းခုလတ်မှာ တစ်ယောက်တစ်ခြားစီ လူချင်းကွဲသွားကြတယ်..။

သူဌေးသားက မိမိတိုင်းပြည်သို့ ပြန်ရောက်ခဲ့တယ်။ ဆင်းရဲသားမှာတော့ ယောင်လည်လည်နဲ့ ရောက်ရာပေါက်ရာ လျှောက်သွားလို့ နေခဲ့တယ်..။

ဒီလိုနဲ့ တခြားတိုင်းပြည်တစ်ခုသို့ ချဉ်းကပ်မိခဲ့တယ်..။

အဲဒီတိုင်းပြည်မှာ ပြည့်ရှင်မင်းရဲ့သမီးတော်ဟာ ပါးစပ်မှာ အနာမက်ဖြစ်လို့နေရှာတယ်..။ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားလို့ နေနေရတယ်..။

ဒီတော့ ဘုရင်ကြီးမှာ မနေသာတော့ပဲ..၊ ဘုရင်ကြီးက အနာကိုပြည်ပေါက်အောင် ကုသပေးနိုင်တဲ့သူကို ဆုတော်လာဘ်တော်ပေးမယ်လို့ ကြေညာချက် ထုတ်ပြန်ရတော့တယ်..။

မိန်းမဖြစ်က ဆုလာဘ်သမ္ဘကာရ ပေးမယ်..။ ယောကျ်ားဖြစ်က သမီးတော်နဲ့ လက်ထပ်ပေးစားမယ်လို့ တိုင်းပြည်အဝှမ်းကို မောင်းခတ်လို့ ကြေညာတော့တယ်..။

ဆင်းရဲသားဟာ အဲဒီတိုင်းပြည်ကို ရောက်ပြီး အဲဒီသတင်းကို ကြားလိုက်ရတော့ မိမိအနေနဲ့ အဲဒီဝေနာကို ပျောက်ကင်းအောင် ကုသပေးနိုင်ကြောင်း သံတော်ဦးတင်ခိုင်း လိုက်တယ်..။

ဒီလိုနဲ့ ဘုရင်ကြီးဟာ သမီးတော်ကို ကုသဖို့ ခွင့်ပြုလိုက်တယ်..။

တကယ်တော့ ဆင်းရဲသားမှာ ဘာပညာမှ တတ်တာ မဟုတ်ဘူး..၊ ဒါပေမယ့်လည်း ဟန်ကိုယ့်ဖို့အနေနဲ့ မင်းသမီးကို ဂါထာမန္တရား ရွတ်ဖတ်မန်းမှုတ်ဟန် ပြုလေတယ်..။

သူ့ရဲ့ ပါးစပ်က ရရာရွတ်ဆိုပြီး မန်းမှုတ်ဟန် ပြုလေတယ်..။ ဘာဆိုဘာမှန်းကို မသိပါဘူး..။

ကြာတော့ မင်းသမီးဟာ ရယ်ချင်လာပြီးတော့ ရယ်မောရွှင်ပျ မိတော့တယ်..။ ရယ်သမျှ ဣန္ဒြေမဆည်နိုင်ဘဲ အတောမသတ် ရယ်လိုက်ရာ အနောက ပြည်ဟာ ပေါက်သွားခဲ့ရတော့တယ်..။

ဒီလိုနဲ့ ဘုရင်မင်းရဲ့ သမီးလေးဟာ အနာသက်သာသွားပြီး မကြာခင်မှာ လုံးဝပျောက်ကင်းလို့ သွားတော့တယ်..။

ဘုရင်မင်းလည်း သူ့ကတိအတိုင်း သမီးတော်နဲ့ ဆင်းရဲသားကို လက်ထပ် ပေးစားခဲ့တော့တယ်..။

အဲဒီဆင်းရဲသားမှာ ဘုရင်သမက်ဖြစ်ပြီးကာလ မကြာခင်မှာပဲ ဘုရင့်မြို့တော်နဲ့ မနီးမဝေးတဲ့ ချောင်းတစ်ချောင်းမှာ မိကျောင်းတွေရှိပြီး လူတွေကို မကြာခဏ ကိုက်စားမှုတွေဖြစ် လာခဲ့တယ်..။

အဲဒီသတင်းဟာ ဘုရင့်ထံပါး ရောက်လာခဲ့ပြန်တယ်..။ ဒီတော့ သမက်တော်ကိုခေါ်ပြီး နှိမ်နင်းစေဖို့ အမိန့်တော်ချမှတ် လိုက်တယ်..။

အဲဒီအခါ မှူးမတ်တွေနဲ့အတူ လှေတော်စီးပြီး မိကျောင်းဖမ်းဖို့ ထွက်တော်မူခဲ့တယ်..။

မိကျောင်းရှိရာသို့ ရောက်တဲ့အခါ မိကျောင်းဟာ လှေကို မြင်လိုက်တော့ ချက်ချင်းပဲ ရေကိုခွဲပြီး ချက်ချင်းတဟုန်ထိုး ပြေးလိုက်လာခဲ့တော့တယ်..။

ဒီလိုနဲ့ လှေအနီးကို ကပ်မိလာတယ်..။ ကပ်မိတော့ မိကျောင်းက ပါးစပ်အဟောင်းသားနဲ့ ဟဖြဲပြီး ကိုက်ဆွဲဖို့ ကြိုးစားတယ်..။

ဘုရင့်သမက်လည်း ဘာလုပ်ရမှန်းမသိတော့ဘူး…။ ဆောက်တည်ရာမရဖြစ်ရင်း လှေကို ဦးပဲ့ တောက်လျှောက်ပြေး လွှားလို့သာ နေတော့တယ်…။

မိကျောင်းရန်ကလည်း မအေးဘူး…၊ တိုက်ခိုက်မြဲတိုက်ခိုက်လျက်ရှိနေတာကြောင့် သေးတွေချေးတွေ ဒလဟော ပါချလေတော့တယ်…။

"ဟာ…ဟာ နံတယ်ဟာ"

ဒါပေမယ့် ဂရုမစိုက်အားကြ မိကျောင်းက လှေကိုဆွဲမှောက် ချလိုက်တော့တယ်…။

ကြောက်ကန် ကန် တိုက်ခိုက်ချက်ကြောင့်၊ မိကျောင်းမှာ မပြေးနိုင်ဘဲ ရေမှာပေါလောမျောလို့ နေရှာတော့တယ်…။

အဲဒါကို ဘုရင့်သမက်တော် မြင်လိုက်ရတော့ လွှားကနဲ ပြေးလွှားပြီး မိကျောင်းကျောကို ဓါးနဲ့ ခုတ်သတ်လိုက်တယ်…။

ပြီး မိကျောင်းကို လှေပေါ် ဆွဲတင်၊ လှော်ခတ်ယူသွားပြီး ယောက္ခမ ဘုရင်မင်းထံ တင်ပြလိုက်လေတယ်…။

ဘုရင်ကြီးလည်း အားရကျေနပ်ရင်းက…

"ငါ့သမက်ဟာ အလွန်ရဲစွမ်းသတ္တိရှိလှပါလား" ဟု ချီးမွမ်းစကား ဆိုလာတယ်…။

ဒါထက်မက အိမ်ရှေ့မင်းအဖြစ် ရာထူးပါ တိုးမြှင့်ခန့်ထားပေးလိုက်ရှာတယ်…။

အဲဒီလိုနဲ့ နေလာခဲ့ကြရာ တစ်နေ့မှာတော့ ဘုရင်ကြီးက သမက်တော်ကို အမိန့်တော်ချ ခေါ်လှာပြန်တယ်..။

ဘုရင့်ရှေ့မှောက် ရောက်လာတော့ ဘုရင်ကြီးက မိန့်ခွန်းစကားဆိုလာခဲ့ပြန်တယ်..။

"ငါ့ရဲ့ တိုင်းပြည် ဇနပုဒ်အရပ်တွေမှာ ခိုးသားငါးရာ ဆူပူသောင်းကျန်း ထကြွလို့နေကြတယ် သွားရောက် နှိမ်နင်းရမယ်" လို့ အမိန့်ပေးလာတယ်။

အဲဒီတော့ သမက်တော်အိမ်ရှေ့မင်းသားလည်း ဓါးတစ်စင်း၊ သားရည်ပြားတစ်ခုကို ယူပြီး ခိုသားငါးရာတို့ရှိရာသို့ လာခဲ့တော့တယ်..။

အနီးတစ်ဝိုက်ရောက်တော့ သစ်ပင်ကြီးတစ်ပင်ထက်မှာ ဝင်ရောက်ပုန်းနေလိုက်တယ်..။

ခိုးသားတွေဟာ ညဦးအချိန်တုန်းက ရယူသိမ်းဆည်းမိခဲ့ကြတဲ့ ရွှေငွေတွေကို ခွဲဝေယူကြဖို့ အဲဒီအပင်အောက်သို့ ရောက်လာခဲ့ကြတော့တယ်..။

ခိုးသားတွေက ဝေစုခွဲကြတယ်..။ ဝေစုမတည့်ဘဲ အငြင်းအခုံဖြစ်ပြီး စကားများကြတော့တယ်..။

"မတရားဘူးကွ.."

"အဲဒါ နည်းလမ်းမကျဘူး.."

"မကျေနပ်ဘူး ဟေ့.."

တစ်ယောက်တပေါက်ပြောရင်း ငြင်းခုန်ရန်ဖြစ်နေကြတော့တယ်..။

သူတို့ ဘေးဆီကိုလည်း ဂရုမမူတော့ဘူး‥။ တစ်ယောက်နဲ့တစ်ယောက် သည်းမည်းတိုက်ခိုက်လို့သာ နေကြပါတော့တယ်‥။

"ကဲ သေပေရော့‥"

"ကဲ မှတ်ကရောကွ‥"

အဲဒီအခါမှာ အိမ်ရှေ့မင်းသားဟာ သားရည်ပြားကို ဆွဲကိုင်ပြီး သစ်ပင်အောက်သို့ ခုန်ဆင်းချလိုက်တယ်‥။

သစ်ပင်အောက် ခိုးသားတွေကြားထဲ ကျသွားခဲ့တယ်‥။ မကျေလည် သူ အချင်းချင်း ဒေါသူပုန်ထပြီး ပိုမိုသတ်ပုတ် လုံးထွေးနေကြတော့တယ်။

ဒီလိုနဲ့ သေကြေဆုံးပါးတဲ့အထိ တိုက်ခိုက်နေကြတော့တယ်‥။

ကြာတော့ အကုန်သေဆုံးကုန်ကြတော့တယ်။ ဒီတော့မှ အိမ်ရှေ့မင်းသားဟာ မိမိမှာ ပါလာခဲ့တဲ့ ဓါးနဲ့ ခိုးသားတစ်ယောက်ကို ခုတ်ချလိုက်တယ်၊ အဲဒီခုတ်တဲ့ဓါးမှာ သွေးတွေ ပေကျံစေခဲ့ပြီးမှ ဘုရင့်ထံမှောက် အမြန်ဆုံး အမှုတော်ထမ်းရွက်ခဲ့ပြီးကြောင်း လျှောက်တင်လိုက်သည်။

ဘုရင်ကြီးမှာ သမက်တော်လုပ်ရပ်ကို အထူးအားရကျေနပ် ချီးမွမ်းပြီးကာ‥

မိမိအုပ်ချုပ်နေတဲ့ တိုင်းပြည်ပါ အပ်နှင်းအုပ်ချုပ်စေလိုက် ပါတော့တယ်‥။

□□□ □□□ □□□

## ၃။ ငှက်ကလေးပုံပြင်

ရှေးအခါက မြို့တစ်မြို့မှာက ရှလူတွေဟာ ကဗျာစာပေကို အင်မတန် မြတ်နိုးတယ်..။ ဒီထဲက လူတစ်ယောက်ဟာ သူကြီးဖြစ်လာတယ် ဆိုပါတော့။ ဒီတော့ အဲဒီသူကြီးဟာ သူ့အမတ်ကြီးကို ပြောတယ် "ဒီမြို့နယ်မှာ နေပြီး လင်္ကာတော်တဲ့လူတွေထဲက အကောင်းဆုံးတွေ ရွေးစမ်း..။ သူ့ဆီကို ခေါ်ခဲ့စမ်း..။ သူ့ဆီမှာ လင်္ကာအဖော်ဆုံးစာပေတတ်တဲ့ ပုဂ္ဂိုလ်ကို လိုချင်တယ်.." ဆိုတဲ့အတိုင်း မြို့သူကြီးက တပည့်တွေလွှတ်ပြီး စုလိုက်တဲ့အခါကျတော့ ဘယ်လောက်ရသလဲဆိုတာ သူကြီးက ဝရံတာက ကြည့်မိလိုက်တဲ့အခါ ဆရာငါးရာလောက် တွေ့တယ်..။

"အဲလောက်ပဲလားဆိုတော့ ဟုတ်ပါတယ်။ ဒါ လက်ရွေးစင်တွေပဲ အထပ်ထပ်စစ်ပြီးတော့ ရွေးလာတဲ့သူတွေပါ..။ အင်မတန် တော်ပါတယ်..။ ဘာမှပြောစရာမရှိပါဘူး" ဆိုတော့ မြို့သူကြီးကလည်း အင်မတန် ပရိယာယ်ရှိတဲ့ သူပါ။ ဒီလောက်များလိုက်တဲ့ သူတွေ သွားစမ်းပါကွာဆိုပြီး သူ့လူတွေနဲ့ ရိုက်နှက်ပြီး ထိပ်တုံးတဲ ပို့လိုက်တယ်..။ မြို့သူကြီးက ဉာဏ်နဲ့လုပ်တာ..။ ဘာမသိညာမသိ လင်္ကာစပ်ရမယ် သူကောင်းပြုမယ် ဆိုပြီးခေါ်လာတယ်..၊ အခုတော့ တို့ကို ထိပ်တုံးထဲပို့တယ် ဘာလင်္ကာ စာပေမှ မရေးရဘူး.. မစပ်ရဘူး.. တစ်ခုခု ရေးတာစပ်တာ တွေ့ရင် ကြီးလေးသောအပြစ် ဆိုပြီး အဲဒီလိုအမိန့်ထုတ်တယ်..။

ဒီတော့ဆရာတွေက တော်တော်စိတ်ညစ်တယ်..၊ ထိပ်တုံးလည်း ခတ်သေးတယ်..၊ ဘာမှလည်း မရေးရဘူးဆိုရင် ဘယ်လိုနေမလဲ..။ သူကြီးက ဒီလိုလုပ်ထားတော့ စိတ်ညစ်နေကြတယ်..။ သူကြီးကတော့ တောသွားပြီး အမဲပစ်တယ်..။ တစ်လလောက်နေတော့ သူ ပြန်လာတယ်.၊ ပြန်လာပြီး သူ့အစောင့်အရှောက်တွေ တပည့်တွေကို "ဒီဆရာတွေဟာ မယုံရဘူး..၊ လက်ာစပ်သလား ဘာလား ရှာစမ်း" ဆိုတဲ့အခါ သူတို့ မစပ်ပါဘူးလို့ ပြောတယ်..။

ရှာလိုက်တဲ့အခါ ငါးဆယ်လောက်မှာ လင်္ကာတွေ တွေ့ရတယ်..။ လင်္ကာတွေရေးတယ်..။ သူတို့ ဒုက္ခခံနေရတာကို ရေးတယ်..၊ သားတွေ မယားတွေနဲ့ ကွဲနေရတာကို ရေးတယ်..၊ သူတို့ဘဝ ခံစားမှုတွေကို ရေးတယ်..။ ဒီတော့ "ကြည့်စမ်း ခင်ဗျားတို့တွေမှ တကယ့်ဆရာတွေ" ဆိုပြီး ရွေးတယ်..။ ထိုလူတွေကို သင့်တင့်တဲ့ဆုပေးလိုက်ပြီး ပြန်လွှတ်လိုက်တယ်..။ အဲဒီလို လုပ်ပါတယ်.. နောက် သူက ဆက်ပြီးစမ်းတယ်..။

တစ်ခါ သူတို့ကို လင်္ကာဆရာတွေရဲ့ စံအိမ်ဆိုပြီး ခြံနဲ့ ကန်တွေ ဘာတွေနဲ့ သာသာယာယာကြီး ဆောက်ပေးထားတယ်.. နောက်တစ်လ လောက်ကြာတော့ ဆရာတွေဟာ ဒီလောက် ကောင်းကောင်းနေရပြန်တော့ တချို့ငါးမျှား၊ တချို့က ကျားထိုး၊ တချို့က အမဲလိုက်၊ တချို့ကလည်း ဂီတာလေး ဘာလေးတီး ဒီလိုပဲနေပါတယ်..။ "ဘယ်သူက ရေးပြီးသလဲ" ဆိုတော့ "ကျွန်တော် ရေးမလို့စိတ်ကူးတုန်း.." "ကျွန်တော်အခု ဆက်ရေးနေပါပြီ သေသေချာချာ မစပ်ရသေးပါဘူး" စသည်ဖြင့် ဘယ်သူမှ

မရေးဘူး....။ သစ်ပင်အိုတစ်ပင်အောက်မှာ လက်ဘ်ဆရာကြီး တစ်ယောက်ဟာ အိတ်ထဲမှာ လည်း စက္ကူတွေနဲ့ သူ့လက်ကလည်း ရေးနေတယ်..။ အဲဒီဆရာကြီးကို သွားတွေ့အခါကျတော့ "ခင်ဗျား ဘာတွေရေးနေသလဲ" ဆိုတော့ အဲဒီ ဆရာကြီးက "လက်ဘ်တွေ ရေးနေကြောင်း" ပြောတယ်..။

လူငါးဆယ်မှာ သူတစ်ယောက်ပဲ သူကောင်း ပြုလိုက်တော့လည်း ရေးနိုင်တယ်.. ဒါနဲ့ သူကြီးက တခြားလူ(၄၉)ယောက်ကို သင့်တော်တဲ့ ဆုပေးပြီးနောက် အိမ်ပြန်လွှတ်လိုက်ပြီး၊ ဒီလက်ဘ် ဆရာကြီးမှ သူ့အိမ်နဲ့ တော်တယ်..၊ ငါ ချီးမြှင့်အပ်တဲ့ ဆရာဆိုပြီး သူ့ကို သူ့အိမ်မှာထားတယ်..။ ထားပြီး ဒီဆရာကြီးကိုလည်း ဘယ်လို လုပ်သလဲဆိုရင် "နေ့တိုင်း တစ်ပုဒ်ရေးပါ.. တစ်ပုဒ်အတွက် ငွေတစ်ထုပ် ပေးပါမယ် ဆရာကြီးရဲ့ ကလောင်မှာလည်း ငွေတွေ စီပေးထားပါဦးမယ်" ဆိုပြီး ငွေစီပေးထားတဲ့ ကလောင်နဲ့ နေ့တိုင်း ရေးခိုင်းတယ်..။

အခမ်းအနားမှာ ဆရာကြီးဟာ ငွေကလောင်ကြီးနဲ့ပဲ ရေးပြီး ယူလာပါတယ်.. ယူလာတဲ့အခါ ဒီဆရာကြီး ယူလာတဲ့ လက်ဘ်ဟာ အင်မတန်ကောင်းပါတယ် ပြောတယ်..။ နောက်တစ်ရက်လည်း ငွေတစ်ထုပ်ရတယ်..၊ နောက်တစ်ရက်လည်း ငွေတစ်ထုပ်ရတယ်.. (၇)ရက်ပြည့်ပြီးနောက် တစ်ရက်ကျတော့ ဆရာကြီး ပေါ်မလာပါဘူး..၊ ပေါ်မလာ ရောက်မလာတော့ လက်ဘ်မြို့သူကြီးက တို့ဆရာကြီး ဘယ်ရောက်နေသလဲ ဆိုပြီးရှာတယ်..။ ရှာတော့ အဆောင်ရဲ့ထောင့်မှာ မှိုင်နေတာတွေ့ပြီး ရှေ့ကို ခေါ်သွား တဲ့ အခါ "ကျွန်တော်မျိုးဟာ ကြံဖန်ရေးတာ ပထမနေ့လည်း

ဖြစ်တယ်.. ဒုတိယနေ့လည်း ဖြစ်တယ်၊ (၁၀)ရက်မြောက်အထိဖြစ်တယ်.. အခုတော့ ဘာမှ ရေးလို့မရပါဘူး.... ကျွန်တော်မျိုး နေတဲ့အိမ်ကိုပဲ ပြန်ပို့ပါ" "ဘာဖြစ်လို့လဲ.." "သူ့သဘာဝအတိုင်း ငှက်ကလေးတွေလိုပဲ နေချင်ပါတယ်.." သဘာဝကို နားလည်သူမို့ ရိုးရိုးသားသား အဲသလို ပြောတဲ့အခါ "ကောင်းပြီ" သူ့နေရာ ပြန်ပို့မှပဲ ဖြစ်မယ်.. "ဒါဖြင့် ဒီမှာ ဘာဖြစ်လို့လဲ ပြောခဲ့ပါ.." အဲဒီလိုပြောတဲ့အခါ လက်ာဆရာက "ငှက်က လေးတွေ သာယာတွန်မြူးနိုင်တာဟာ သူတို့ဘာသာ အော်မြည်နိုင်မှသာပဲ ရင့်ကျူးနိုင်ပါတယ်"လို့ ပြောတဲ့အခါ ချက်ခြင်း အိမ်လိုက်ပို့ပြီး လက်ာဆရာရဲ့ သဘာဝကို နားလည်ပေးစေခဲ့ပါတယ်..။

□□□ □□□ □□□

## ၄။ လူမှာ ကတိနဲ့ သစ္စာ

ရုတ်တရက် မိုးသည်းထန်စွာရွာချလိုက်တယ်.. အသက်အနေနဲ့ (၁၅)နှစ်ခန့်သာရှိဦးမယ့် သူတောင်းစားကလေး တစ်ယောက်ဟာ အိမ်တစ်အိမ်ရဲ့ တံခါးပေါက်ဝမှာ ပြေးကပ်ကာ မိုးခိုလိုက်ရတယ်..။ သူ့လက်ထဲမှာလည်း မကြာမီကမှ အိမ်တစ်အိမ်က တောင်းပြီးရလာတဲ့ ထမင်းထုပ်တစ်ထုပ်ရှိတယ်..၊ လက်ထဲက ထမင်းထုပ်မှာ အိမ်မှာကျန်ရစ်ခဲ့တဲ့ မိခင်အိုကြီးအတွက် ဖြစ်ပါတယ်..၊ ဒါကြောင့် သူတောင်းစားကလေးဟာ သည်းသည်းမည်းမည်း ရွာသွန်းနေတဲ့ မိုးကိုကြည့်ပြီး စိတ်အိုက်နေရှာလေတယ်..။

သူတောင်းစားကလေးဟာလည်း သည်းထန်စွာရွာလျက်ရှိတဲ့ မိုးရိပ်မိုးခြည်ကို ကြည့်ပြီးနေခိုက်မှာပဲ သူ့နောက်က တံခါးဖွင့်သံကို ကြားတာကြောင့် နောက်သို့လှည့်ပြီး ကြည့်လိုက်တယ်..။ တံခါးဝမှာ မုတ်ဆိတ်ဖြူဖြူနဲ့ အဘိုးအိုကို တွေ့ရတယ်..။ သူတောင်း စားကလေးဟာ အိမ်ရှင်အဘိုးအိုကိုတွေ့ရတာကြောင့် သူရပ်နေတဲ့ နေရာကနေ ဖယ်ပြီး ပေးလိုက်တယ်..။ ဒါပေမယ့် သည်းထန်တဲ့ မိုးပေါက်တွေ သူ့ကိုယ်ပေါ်သို့ ကျလာတာကြောင့် သူတောင်းစား ကလေးဟာ သူစောစောက ရပ်နေတဲ့နေရာကိုပဲ ပြန်လာကာ မိုးခိုရပြန်တယ်..။

"မင်း ဘယ်သူလဲ.."

အဘိုးအိုက သူတောင်းစားကလေးကို မေးလိုက်တယ်..။

"ကျွန်တော့်နာမည်က မောင်ဖြူလို့ ခေါ်ပါတယ် ခင်ဗျာ..၊ ခုလို အဘိုးရဲ့ အိမ်အပေါက်ဝမှာလာပြီး မိုးခိုရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါတယ်.."

သူတောင်းစားကလေးက အဘိုးအိုကို ကိုယ်ကိုညွှတ်ပြီး အရိုအသေပြုကာ တောင်းပန်လိုက်ပြီးတော့၊ မိမိကြုံတွေ့ရတဲ့ ဒုက္ခကို၊ အဘိုးအိုကို ပြောပြလိုက်တယ်..။ အဘိုးအိုဟာ သည်းသည်းမည်းမည်း ရွာနေတဲ့မိုးကို တစ်ချက်မျှ ကြည့်လိုက်ပြီး၊ တဖန်သူတောင်းစားကလေး မောင်ဖြူကို သေချာစွာ အကဲခတ်ကြည့်လိုက်ပြီးတော့ ...

"မောင့်ကို ကြည့်ရတာ သူတောင်းစားမျိုးရိုးအစစ်နဲ့ မတူပါဘူး" လို့ ပြောလိုက်တယ်..။

"ကျွန်တော်ဟာ အဘိုးထင်တဲ့အတိုင်း သူတောင်းစားမျိုးရိုး ထဲက မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်မိဘများဟာ အစကဆိုရင် အတော်ချမ်းသာခဲ့ပါတယ်..။ ကျွန်တော့်ဖခင် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့တဲ့နောက်မှာ ကျွန်တော်တို့ အခြေအနေဟာ တစ်နေ့တခြား ဆင်းရဲလာပါတယ်..။ အခုတော့ ကျွန်တော့်မိခင်ဟာလည်း အိုမင်းမစွမ်း ဖြစ်ပြီးနေတဲ့အတွက် ကျွန်တော်လည်း အိမ်တကာလျှောက်တောင်းပြီး မိခင်အိုကြီးကို လုပ်ကျွေးနေရပါတယ်..။ အခု ထမင်းတောင်းလို့ရတဲ့အတွက် အိမ်ကိုအပြန်မှာ ရုတ်တရက်မိုးရွာချလို့ ကျွန်တော် အခုလို မိုးဝင်ခိုနေရခြင်း ဖြစ်ပါတယ်

ခင်ဗျာ..၊ ကျွန်တော့် မိခင်လည်း ထမင်းဆာပြီး ကျွန်တော့်အတွက် စိတ်ပူနေမှာပဲ.."

သူတောင်းစားကလေးဟာ မျက်ရည် အသွယ်သွယ်ကျရင်း ၄င်းရဲ့ အဖြစ်အပျက်ကို အဘိုးအိုကို ပြောပြလိုက်တယ်၊ အဘိုးအိုဟာ မိုးရိပ်မိုးကဲကို ကြည့်လိုက်တဲ့အခါ တော်တော်နဲ့ ရပ်မည့်အခြေအနေကို မတွေ့ရတာကြောင့်...

"ကဲ ကဲ ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့..၊ မင်းကို အဘိုး ထီးငှားလိုက်ပါ့မယ်ကွာ"ဟု ပြောပြီး အိမ်ထဲ လှည့်ဝင်သွားပါတယ်..။

မကြာမီပင် အဘိုးအိုဟာ ထီးတစ်လက်ကိုယူပြီး လာခဲ့တယ်..

"ရော့..ရော့ ဒီထီးကို ဆောင်းသွား၊ မနက်ဖြန် မိုးလင်းတဲ့အခါ ထီးကို ပြန်ပို့ပေါ့ ဟုတ်လား.."

"ကျေးဇူးတင်လိုက်တာ အဘိုးရယ်၊ မနက်ဖြန် မိုးလင်းတာနဲ့ တပြိုင်နက် အဘိုးထီးကို ကျွန်တော်ပြန်ပို့ပါမယ်.."

မောင်ဖြူက အဘိုးအိုကို ဝမ်းသာအားရနဲ့ ကျေးဇူးတင်စကားပြောပြီးနောက်.. အဘိုးအိုကို နှုတ်ဆက်ပြီး ထီးကိုဖွင့်ဆောင်းကာ အိမ်သို့ အပြေးကလေး ပြန်လာခဲ့တယ်...။

သူ့နေရာ ပြန်ရောက်တဲ့အခါ မောင်ဖြူဟာ တောင်းနေရာက ရခဲ့တဲ့ ထမင်းကို ပူအောင်ပြန်နွေးပြီး မိခင်အိုကြီးကို ရှိသေစွာ ကျွေးရှာတယ်..၊ ထို့နောက် မိုးစိုနေတဲ့ထီးကို ခြောက်သွေ့စေရန်အတွက် ဖွင့်ထားရန်အကြံနဲ့

ထီးကို ဖွင့်လိုက်တယ်..၊ ထီးအရိုးမှာ အဝတ်ဖြူနဲ့ထုပ်ထားတဲ့ အထုပ်ကလေးတစ်ထုပ်ကို ရုတ်တရက် တွေ့လိုက်ရတော့ မောင်ဖြူ အံ့အားသင့်သွားမိတယ်..။ ထိုအထုပ်ကလေးကို စောစောကအိမ်သို့ ပြန်ပို့ချင်ဇောနဲ့ဆောင်းပြီး လာခဲ့ရတာကြောင့် လုံးလုံးသတိမထားမိခဲ့ဘူး..၊ သူဟာထိုအထုပ်ကလေးကို အသာဖြုတ်ပြီး ဖြေကြည့်တဲ့အခါ အထုပ်ကလေးမှာငွေစတချို့ကိုတွေ့ရလို့ မျက်လုံးပင် ပြူးသွားမိတယ်..။

"ဒီငွေစတွေကို အဘိုးကြီးဟာ အရင်ထဲကထုပ်ပြီး ထီးမှာချည်ထားပြီး သတိမေ့နေခဲ့ဟန်နဲ့တူတယ်..၊ ထီးကို ငှားလိုက်တုန်းကလည်း ကမန်းကတန်းနဲ့မို့ သူရောငါပါ ဒီအထုပ်ကို သတိမထားမိကြဘူး.."

မောင်ဖြူဟာ လက်ထဲမှ ငွေစတွေကို ငေးကြည့်နေရင်း စဉ်းစားနေမိတယ်.. ယင်းအခိုက်မှာပဲ မိခင်အိုကြီးရဲ့ ဟင်းခနဲ သက်ပြင်းချလိုက်သံကို ကြားရတာကြောင့် မောင်ဖြူဟာ မိခင်အိုကြီးရှိရာသို့ ခေါင်းကိုလှည့်ကြည့်လိုက်မိတယ်..။

"အင်း ငါ နေ့တိုင်း ထမင်းထွက်ထွက်တောင်းရတာဟာ ဆန်ဝယ်စရာ ပိုက်ဆံမရှိလို့ပဲ..၊ အခု ဒီငွေစကလေးနဲ့ ဆန်ဝယ်လိုက်ရရင် (၃/၄) ရက်တော့ မေမေ ထမင်းဝဝစားရမှာပဲ..၊ ဒီထီးကို ငါ ပြန်မပို့ရင်လည်း အဘိုးအိုဟာ ငါ့နေရာကို မသိတဲ့အတွက် ဘယ်လိုက်တောင်းရမှန်းသိမယ်မဟုတ်ဘူး.."

မောင်ဖြူဟာ ထီးမှာပါလာခဲ့တဲ့ ငွေစကလေးနဲ့ ဆန်ဝယ်ရန်စိတ်ကူးမိလိုက်တဲ့အခါ သူ့နှလုံးသားဟာ တဖျပ်ဖျပ်ခုန်လာပြီး မျက်နှာ

တစ်ခုလုံးလည်း နီရဲလာလေတော့တယ်··။ ရုတ်တရက်ဆိုသလို အဘိုးအိုရဲ့ ကြင်နာတတ်တဲ့ မျက်နှာဟာ သူ့အာရုံမှာ ပေါ်လာတဲ့အခါ မောင်ဖြူမှာ ရှက်သွေးဖြာသွားတယ်··။

"မဖြစ်ဘူး မဖြစ်ဘူး သူတစ်ပါးပစ္စည်းကို မတရားယူလို့ မဖြစ်ဘူး။ ပြီးတော့ အဘိုးအိုဟာ ငါ့ဒုက္ခကို မကြည့်ရက်နိုင်တဲ့အတွက် စေတနာကောင်းနဲ့ သူ့ထီးကို ငါ့ကို ငှားလိုက်ခြင်း ဖြစ်တယ်··။ ကိုယ့်ကျေးဇူးရှင်ရဲ့ ပစ္စည်းကို မတရားယူရင် ငါဟာ ခွေးထက်မိုက်တဲ့သတ္တဝါ ဖြစ်တော့မပေါ့··"

မောင်ဖြူဟာ စိတ်ထဲက သူ့ကိုယ်သူပြောရင်း အဘိုးအိုရဲ့ ငွေစများနဲ့ ထီးကို ပြန်ပို့ဖို့ ဆုံးဖြတ်လိုက်တယ်··၊ နောက်တစ်နေ့ နံနက်မှာ သူဟာ ထီးကိုယူပြီး အဘိုးအိုထံသို့ လာတယ်··။

"ကျွန်တော်မနေ့က ငှားသွားတဲ့ထီးကို အဘိုးအိုထံ လာပို့ ပါတယ် ခင်ဗျာ··၊ ထီးထဲမှာလည်း အဝတ်စတစ်ခုနဲ့ ငွေစတချို့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်လည်း ပါပါသေးတယ်··"

မောင်ဖြူက အဘိုးအိုကို ထီးနဲ့တကွ ငွေထုပ်ကလေးကို ပေးရင်း ပြောလိုက်တယ်··။ ထိုအခါ အဘိုးအိုဟာ တဟားဟားနဲ့ အားရပါးရ ရယ်မောလိုက်တယ်··၊ ပြီးမှ··

"မောင်··ဟာ အလွန်ရိုးသားတဲ့လူငယ်ပေပဲ··။ ဒီငွေထုပ်က အဘိုး တမင်တကာ ထီးခရိုင်မှာချည်ပြီး ထည့်လိုက်တာပဲ ဟား ဟား··"ဟု ပြောလိုက်တယ်··။

"ဘယ်လို ဘယ်လိုပါလဲ အဘိုး.."

မောင်ဖြူက အဘိုးအိုပြောလိုက်တဲ့စကားကို သဘောမပေါက်တာကြောင့် အံ့အားသင့်စွာနဲ့ ပြန်မေးလိုက်တယ်..။

"မောင်ဟာ ဘယ်လိုလူစားလဲဆိုတာ သိရအောင် အဘိုးက စမ်းလိုက်တာကွယ့်..၊ ကဲ ကဲ မောင်ဟာ ဘယ်လိုလူစားဆိုတာ အဘိုးသိရပြီ လာ လာ အထဲကို ဝင်ပြီး ခဏထိုင်ဦး.."

အဘိုးအိုက ပြောပြောဆိုဆိုနဲ့ အိမ်ထဲကို ဝင်သွားတယ်..။ မောင်ဖြူလည်း အဘိုးအိုရဲ့ နောက်မှနေပြီး အိမ်ထဲသို့ ဝင်ခဲ့ရတယ်.။

"ကဲ.. မောင် ဒီမှာ ခဏထိုင်ဦး.."

အိမ်ထဲသို့ ရောက်တဲ့အခါ အဘိုးအိုဟာ မောင်ဖြူကို ကုလားထိုင်တစ်လုံးမှာထိုင်ရန် ပြောပြီး အခန်းထဲသို့ ဆက်လက်ပြီး ဝင်သွားတယ်။ အဘိုးအိုဟာ ရွှေတုံးတစ်တုံးကို ယူလာပြီး "မောင်ဟာ မိဘကို လုပ်ကျွေးတဲ့ အလွန်ရိုးသားတဲ့သူဖြစ်တဲ့အတွက် အဘိုးက ကူညီရမှာပေါ့ကွယ် ရော့...ရော့..၊ အဲဒီရွှေတုံးကို ယူသွားပြီး အရင်းအနှီးလုပ်..၊ ပြီးတော့ လုပ်ကိုင် စားသောက်ပေတော့.."

အဘိုးအိုဟာ သူ့စကားအဆုံးမှာ မောင်ဖြူရဲ့ လက်ထဲသို့ ရွှေတုံးကို ထည့်ပေးလိုက်တယ်..။ မောင်ဖြူဟာ ဘာလုပ်ရမှန်းမသိအောင်ပဲ ဝမ်းအသာကြီး သာသွားလေတော့တယ်..။

□□□ □□□ □□□

## ၅။ မှန်တာလုပ် ဟုတ်တာပြော

(ရခိုင်ရိုးရာပုံပြင်)

× × × × ×

"အဓိပ္ပါယ်မရှိဘူး…။ စပါးလုံးက ဆန်စေ့ထွက်တယ် … ဒါပဲ ပြောတာ.."

"ဟုတ်လား ဒါတင်ပဲလား.."

"ဒါပဲပေါ့.."

"မဖြစ်နိုင်ဘူး…။ တခြားပြောလိုက်တာလည်း ကျန်ဦးမှာပဲ.."

"မကျန်ပါဘူး..။ ကျုပ်တို့ ဒါပဲ ပြောဖြစ်ကြတာပါ.."

ဘုရင့်သားမှာ မယုံကြည်ဘဲ စိတ်ဆိုးပြီး သူ့နိုင်ငံတော်သို့ ပြန်သွားရှာတယ်.."

× × × × ×

သူ့နိုင်ငံတော်ရောက်တော့ သူ့ဖခင်အား …

"ခမည်းတော်ဘုရား..၊ သားတော်ဟာ အမတ်ကြီးသားရဲ့သွေးကို မသောက်ရက ဧကန်သေရပါတော့မယ် ဘုရား.."

ဘုရင်မှာ သားစကားကြောင့် အထူးအံ့ဩသွားရှာတယ်။ သားတော်

ကလေး ပြောနေတာမို့…၊ သူ ငြင်းဆန်းရင်..၊ တကယ် အသက်ဆုံးရှုံးသွားမယ် ထင်လိုက်တယ်..။

ဒါကြောင့် အမတ်ကြီးကို ဆင့်ခေါ်လိုက်တယ်..၊ အမတ်ကြီးရောက်တော့ သားသူငယ်ချင်းရဲ့ အကြောင်းစုံ ပြောပြတိုင်ပင်လိုက်တယ်..၊ ဒီတော့အမတ်ကြီးက ..

"အရှင်မင်းမြတ် ကျွန်တော်မျိုးရဲ့သားတော်ကို အရှင့်သားတော် မမြင်စေဖို့ ရှောင်တိမ်းခိုင်းထားပါ့မယ်..။ သားတော်အစား ဆိတ်တစ်ကောင်ကိုသတ်ပြီး ၄င်းဆိတ်ရဲ့သွေးကို မင်းသားလေးကို တိုက်ပါက သင့်ပါလိမ့်မယ်..၊ ဒီအတိုင်းပဲ စီစဉ်သင့်ပါတယ် ဘုရား.."

"အိမ်း.. ကောင်းသားပဲ.."

"မှန်ပါ့.."

× × × × ×

အမတ်ကြီးက သားဖြစ်သူကို ဘာကြောင့် ဘယ်လိုဖြစ်ရတယ်ဆိုတာကို မေးမြန်းနေတယ်..၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်က အခုလို ဘာကြောင့်ဖြစ်ရလဲဆိုတာ သိချင်လို့ပဲ ဖြစ်တယ်..၊ ဒါကြောင့် သားဖြစ်သူက အဖြစ်စုံကို ပြန်လည်ပြောပြရှာတယ်..။

"ဒီလိုအဖေရဲ့.."

× × × × ×

ထုံးစံအတိုင်း လာမြဲတိုင်း ပုံမှန်တိုင်းလာကြပါတယ်..။

"ဟာ.. လာကြပြီဟေ့.."

အဘွားကြီးက ဝမ်းသာအားရဖြစ်သွားတယ်..။ ဒီလိုနဲ့ သူတို့ အပါး ချဉ်းကပ်သွားတယ်..

"ဟေ့ ကလေးတို့ ကလေးတို့.."

ရုတ်တရက်အဘွားကြီး ခေါ်လိုက်သံကို သူတို့ မကြားမိလိုက်ကြဘူး..။ သွားမြဲတိုင်း ဆက်သွားလို့နေကြတယ်..။

အနည်းငယ်နားပါးတဲ့ အမတ်ကြီးရဲ့သားက သန့်သန့်လေးကြားလိုက်ရတယ်..၊ ဒါကြောင့် နောက်လှည့်လာခဲ့ပြီး..။

"ဘာကိစ္စများပါလိမ့်ဗျာ.."

"ဟေ့ကလေး စပါးလုံးက ဆန်စေ့ထွက်တယ်ကွယ့် ..."

လူငယ်က အဘွားကြီးမှာ စိတ်မမှန်သူပဲလား..၊ ပြောင်နောက်နေတာပဲလား ဝေခွဲမရဖြစ်နေမိရာက..

"ကျွန်တော့်ကို ခွင့်ပြုပါဦး.."

ခပ်သုပ်သုပ်နဲ့ သူငယ်ချင်းဆီပြန်လှည့်လို့လာခဲ့တယ်..၊ အနားရောက်တော့ သူငယ်ချင်း ဘုရင့်သားက မေးလာတယ်..

"သူ ဘာပြောလဲကွ.."

"ဟင့်အင်း ဘာမှမဟုတ်ပါဘူးကွာ.."

ဘုရင့်သားက မယုံနိုင်ပဲ..

"ပြောစမ်းပါကွာ ဘာပြောသလဲဆိုတာကို.."

"ဘာမှမပြောပါဘူးကွာ.."

"မဖြစ်နိုင်ဘူး.."

ဘုရင့်သားမှာ မယုံနိုင်ပဲ ဖြစ်လို့နေတော့တယ်..

ဒါပေမယ့် စကားမဆက်မြစ်ကြတော့ပါ..။

ပင်လယ်ကမ်းခြေဆီ သွားပြီးတော့..၊ ဆော့ကစားမြဲနေကြတော့တယ်..။

"ပျော်တယ်ဟေ့.."

"ပျော်လိုက်တာကွာ.."

ဒီလိုနဲ့ တစ်နေ့မှာတော့ သူငယ်ချင်းနှစ်ယောက်တို့ဟာ ကစားဖို့သွားနေကြအတိုင်း...၊ နန်းတော်ကနေ ပင်လယ်ကမ်းခြေဆီသို့ ထွက်ခွာလို့လာခဲ့ကြတယ်...။

ဒီလို သူတို့ ထွက်ကစားနေကျဖြစ်တာကို အဘွားကြီးတစ်ယောက်က သတိထားမိလာတယ်..။

ဒါနဲ့ အဖွားကြီးက ဒေသခံ ကာလသမီးလေးကို ပြရှာတယ်..။

"ဟော့ မိန်းကလေးတွေ နင်တို့ ဒီသူငယ်နှစ်ယောက်ကို စိတ်ဝမ်းကွဲအောင် မလုပ်နိုင်ကြဘူးလားအေ့.."

ဒါနဲ့ လုံမပျိုတချို့က..

"ဖျက်လို့ ရနိုင်မယ် မထင်ပါဘူး အဘွားရယ်.."

"ဟင် ကွီ.."

သူတို့ အပြောကို သဘောမကျဘဲ..၊ အဘွားကြီးရဲ့ တုံ့ပြန်ချက်ပဲ ဖြစ်မယ်..။

"အေး.. နင်တို့လုပ်မဖြစ်ရင် ငါဖြစ်အောင် လုပ်ပြမယ်ဟေ့.."

အဘွားကြီးက ကြုံးဝါးလိုက်တယ်..။

လူငယ်နှစ်ယောက်မှာတော့ လာမြဲတိုင်းလာပြီး..၊ ပြန်မြဲတိုင်း ပြန်သွားနေခဲ့ကြလေတော့တယ်..။

သူတို့ ချစ်ခင်မှုအပေါ်မှာ မလိုလားသူရှိနေတာ သူတို့ မသိကြရှာ..

"ဘယ်လိုလုပ်မှာလဲ အဘွားရဲ့.."

"မှန်တာလုပ် ဟုတ်တာပြောနေကြတဲ့ သူတို့နှစ်ယောက်ကို မမှန်တာလုပ် မဟုတ်တာပြောရင် ပျက်ရောပေါ့ဟဲ့.."

"သူတို့က အသိဉာဏ်ရှိတဲ့လူတွေမို့ မဖြစ်နိုင်ဘူး.."

"လူဆိုတာ ယုံအောင်ပြောရင် ဖြစ်တာချည်းပဲ..၊ ကဲ ကြည့်ထား ငါ လုပ်ပြစမ်းမယ်.."

× × × × ×

တစ်နေ့မှာတော့..

အဘွားကြီးက လူငယ်လေးနှစ်ယောက်အလာကို စောင့်မျှော်လို့ နေရှာတယ်..

လှိုင်းကြက်ခွပ်ကလေးတွေရဲ့ ဆော့မြူးလှုပ်ရှားပုံ··

တွေ့ရမြင်ရပြန်တော့ ပျော်မဆုံး ရှိကြပြန်တယ်··။

မျှော်ကြည့်တိုင်းမှာ ဖြောင့်ဖြူးပြင်ကျယ် မြစ်ပင်လယ်ဟာ သူတို့အဖို့မှာ ပျော်ရွှင်စရာအတိသာ ဖြစ်လို့နေပါတော့တယ်··။

အဲဒီလို ပင်လယ်ရဲ့အလှအပ သဘာဝကို မြင်နေရတော့ သူတို့မှာ သဘောကျမဆုံးရှိနေကြတယ်··။

ယခင်နန်းတော်မှာ ကစားခဲ့ရတာထက် ဒီလို ပင်လယ်ကမ်း ခြေမှာ ကစားရတာကို ပိုပြီး နှစ်သက်သဘောတွေ့လို့နေနေရတယ်··။

ကစားလည်းကစားရ၊ ပျော်စရာရွှင်စရာကလည်း ဗရမ္ဘ၊ ကြည်နူးစရာတွေကလည်း အနမတဂ္ဂဆိုတော့ ဘယ်ပြောကောင်းလိမ့်မလဲ··။

ဒီပင်လယ်ပြင်ဟာ သူတို့အဖို့ အသည်းစွဲဖြစ်ခဲ့ရတော့တယ်··

"နောက်လည်း သွားကြမယ်ကွာ··"

"အေး တို့ အမြဲသွားကြမယ်နော်··"

"အေး··"

ဒီလိုနဲ့ သူတို့ဟာ နေ့တိုင်းပဲ ပင်လယ်ကမ်းခြေမှာ သွားကစားဖို့ ဆုံးဖြတ်လိုက်ကြတယ်··။

ဒီလိုနဲ့ သွားကစားကြလိုက် ပြန်သွားလိုက်နဲ့·· ပျော်ပိုက်နေမိကြတယ်··။

ဒါပေမယ့် သူတို့ဟာ နန်းတော်ထဲမှာတော့ လုံးဝ မကစားကြတော့ပါဘူး‥။

× × × × ×

ဆိုခဲ့တဲ့အတိုင်း ဘုရင်ကြီးတစ်ပါးမှာ သားတော်လေးတစ်ယောက်ရှိတယ်‥။

အဲဒီမင်းကြီးရဲ့အမတ်ကြီးမှာလည်း သားလေးတစ်ယောက်ရှိခဲ့တယ်‥။

ဘုရင်မင်းရဲ့သားနဲ့ အမတ်ကြီးသားတို့ဟာ အရွယ်တူချင်း ဖြစ်ကြတယ်‥ ဒါကြောင့် ကစားဖော်လည်း ဖြစ်ကြတယ်‥။

ဒါကြောင့် မိတ်ဆွေဖွဲ့လို့ ထားကြတယ်‥။

"သူငယ်ချင်း တို့မမုန်းကြေးနော်"

"အေး မမုန်းကြေး‥‥ကွ"

"သစ္စာရှိကြေးကွ‥"

"ဟုတ်တယ် မှန်တာလုပ်ပြီး ဟုတ်တာပြောကြေးကွ‥"

"ဟုတ်တယ် ဒါမှ တို့ချစ်ခြင်းခိုင်မြဲမှာကွ‥"

တကယ်တော့ ဘုရင့်သားတော်ဟာ ပညာနည်းသူဖြစ်ပြီး အမတ်ကြီးသားမှာ ပညာရှိသူဖြစ်တယ်‥။

တစ်နေ့မှာတော့‥

သူငယ်ချင်းနှစ်ယောက်တို့ တိုင်ပင်ညီညွတ်ကြပြီး အကြံတစ်ခု ရခဲ့ကြတယ်‥။

အဲဒါကတော့ ပင်လယ်ကမ်းခြေနားတစ်ခုဆီသို့ ကစားထွက်ဖို့လာခဲ့ကြတာ ဖြစ်တယ်..။

နှစ်ယောက်သားအတူ ပင်လယ်ကမ်းခြေနားမှာ လွတ်လွတ် လပ်လပ်ပျော်ပါးကစားလို့နေကြတယ်..။

ပင်လယ်ရဲ့သာယာတဲ့ ရှုမျှော်ခင်းကိုလည်း အထူးစိတ်ဝင်စားလို့နေကြတယ်..။

ပင်လယ်ရိုလှိုင်းကလေးတွေရဲ့ အတွန့်အရွံ့လိပ် လက်ခေါက်ထိုးကြပုံကို ကြည့်ပြီး သဘောအကျကြီးကျလို့နေကြတော့တယ်..။

ဒါထက် လှိုင်းဂယက်တွေရဲ့ ဆူသံ အော်သံ ဟစ်သံတွေကိုကြားရင်းက ကြည်နူးမဆုံး ရှိနေခဲ့ကြတယ်..။

"ဟင်း.."

× × × × ×

ခုတော့ ထင်တဲ့အတိုင်း စိတ်ဝမ်းကွဲခဲ့ကြတယ်.. ဒါထက် မကမိတ်ဆွေသွေးကို သောက်ဖို့ တောင်းခဲ့ပြီမို့ အစီအစဉ်အတိုင်းမင်းသားငယ်ရဲ့သွေးကို ဆက်သပြီး သောက်ခဲ့ ရပေမယ့် ဒေါသမပြေသေးတဲ့ စိတ်နဲ့အတူကမ်းခြေမှာ တစ်ယောက်တည်း.. ဟစ်အော်နေမိ ပြန်တယ်..။

"သင့်သွေးကို ငါသောက်ရပြီဟေ့.."

အကျေနပ်ကြီး ကျေနပ်နေပါတော့တယ်..

အဖေဖြစ်တဲ့ အမတ်ကြီးမှာလည်း သူ့သားငယ်ကို ဝေးရာမှာ ရှောင်တိမ်းနေစေမြဲ နေစေခဲ့ပါတယ်..။

× × × × ×

ဒီလိုနဲ့ ရက်တွေကြာခဲ့တယ်..

နောက်တစ်နေ့မှာတော့ ဘုရင့်သားငယ်တစ်ယောက်တည်း ပင်လယ်ကမ်းခြေသို့ သွားခဲ့တယ်..။

ဒါကိုမြင်တော့ အဘွားကြီးဖြစ်သူက မိန်းမပျိုလေးတွေကို ဆက်ပြောရှာတယ်..။

"နင်တို့ ဒီကနေ့ကြည့် ဘုရင့်သားတစ်ယောက်တည်းပဲ ဖြစ်မယ်..၊ ခါတိုင်းလို နှစ်ယောက်မဟုတ်ဘူး.."

ထင်တဲ့အတိုင်း ဘုရင့်သားမှာတစ်ယောက်တည်းပဲ လာတယ်..၊ တစ်ယောက်တည်းပဲ ကစားတယ်..၊ ဒါကြောင့် ခါတိုင်းလို မပျော်ဘဲ ခဏလေးနဲ့ ပြန်တက်လို့ လာခဲ့တယ်..။

တစ်ခုခုလိုနေသလို ခံစားလာရတယ်..။

အမတ်ကြီးသား မိတ်ဆွေကို တမ်းတမိတာဖြစ်တယ်..။ ဒါပေမယ့် သူ မာန်တင်းလျှောက်ခဲ့တယ်..။

ယင်းအခိုက်မှာ အရွက်ဖြူဖြူလှေတစ်စင်းကို အဝေးက လှမ်းမြင်လိုက်ရတယ်..။

စိတ်ဝင်တစားနဲ့ လှေကြီးကို စိုက်ကြည့်နေစဉ်မှာ လှေကြီးက ကမ်းဘက်သို့ ဆိုက်ကပ်လို့ လာခဲ့တယ်..။

"ဟင်.."

ဘယ်လိုဖြစ်တာပါလိမ့်..၊ ဘုရင့်သားလေး အံ့သြနေမိတော့တယ်..။

မကြာပါ‥

လှေကြီးက တရွေ့ရွေ့ဆိုက်ကပ်လို့ လာခဲ့တယ်‥။

ဘုရင့်သားလေးဟာ လှေကြီးကို စိတ်ဝင်တစားနဲ့ အနီးကပ် လှေလာ ယုံးသပ်လို့နေမိတယ်‥။

စိတ်ဝင်စားစရာပဲ‥

ဘုရင့်သားတော် ကြည့်နေစဉ်မှာပဲ မိန်းမငယ်တစ်ယောက်က လှေပေါ်သို့ တက်လှမ်းလာခဲ့တော့တယ်‥။

"ဟာ‥ မိန်းကလေးပဲ‥"

ဘုရင့်သားမှာ စိတ်ဝင်တစားစိုက်ကြည့်လို့နေရှာတော့တယ်၊ မိန်းကလေးမှာလည်း ထိုသူ့ကို စိုက်ကြည့်မဲ့ကြည့်နေတော့တယ်‥။

အဲဒီအခါမှ မိန်းကလေးက တစ်စုံတစ်ခုကို သတိရသလိုနဲ့ လင်ပန်း တစ်ချပ်ကို ကောက်ကိုင်လိုက်ပြီး အဲဒီလင်ပန်းကို ဘုရင့်သားကို ထောင်ပြ လိုက်တယ်‥။

"ဟင်‥"

မင်းသားမှာ အံ့ဩလို့နေတယ်‥ ဒါနဲ့မပြီးသေး‥ မိန်းကလေးက အဲဒီ ဘုရင့်သားကို လက်ယပ်ခေါ်လို့ နေရှာပြန်တယ်‥

"ဟင်‥"

ထိုမှ လက်ခါပြလို့နေရှာပြန်တယ်‥။ ဘုရင့်သားမှာ ဝေခွဲမရ ဖြစ်လို့ နေရှာတယ်‥။

သူ ဘာလုပ်လို့လုပ်ရမှန်းမသိ အကြံရခက်နေတယ်..။

ဘုရင့်သားမှာ မစဉ်းစားတတ်အောင် ဖြစ်နေရှာတယ်..။

"ဟင် ငါဘာလုပ်ရမလဲ..။ ဟင်း ခက်တာပဲ..။ အင်း ခုနေမှာ ငါ့မိတ်ဆွေ ပါခဲ့ရင်ကောင်းမှာ..၊ သူ့ဆီက ငါအကြံဉာဏ် ကောင်းကောင်း ရမှာပဲ.."

သတိရစိတ်ဝင်လာခဲ့တယ်..

သူပြန်လာခဲ့တယ်..။ လှေကြီးမှာ ဆိုက်ကပ်ပြီး ကျန်ရစ်ခဲ့တော့တယ်..။

ဘုရင့်သားမှာ နန်းတော်ရောက်တာနဲ့ "ဖခမည်းတော် သားတော့် မိတ်ဆွေ ခေါ်ပေးပါတော့" လို့ ပူဆာတယ်..။

"ဟင် ဘာဖြစ်လို့လဲသားရဲ့.."

"မိတ်ဆွေမရှိရင် သားတော်မှာ သေဖို့ပဲရှိပါတော့တယ်..၊ မိတ်ဆွေကို ရှာပေးပါတော့.."

ပြောဆိုရင်း ငိုယိုအော်ဟစ်နေရှာတော့တယ်..၊ ဘုရင်ကြီးမှာ သားငယ့်အဖြစ်ကို နားလည်သိရှိကာ အမတ်ကြီးကို ဆင့်ခေါ်ပြီး အမတ်ကြီးရဲ့ သားငယ်ကို ခေါ်ခိုင်းလိုက်ရှာတယ်..။

× × × × ×

ပြီး မိတ်ဆွေနှစ်ယောက်ကို တွေ့ပေးလိုက်တယ်..၊ သူတို့မှာ ပျော်မဆုံး ဖြစ်နေကြတော့တယ်..။ တစ်ဖက်သားရဲ့ ဂုံးချော စကား

နားယောင်မှားမိလို့ နောင်တရနေမိကြတော့တယ်..။

ပြီး နှစ်ယောက်သား လှေဆိပ်သို့ လာခဲ့ကြတယ်.. လှေဆိပ်ရောက်တော့ ဘုရင့်သားက မိန်းကလေးရဲ့ လုပ်ဆောင်ဟန်တွေကို ပြောပြလိုက်တယ်..။

အမတ်ကြီးသားမှာ ပညာရှိသူဖြစ်ပြီး ချက်ချင်းသဘော ပေါက်လိုက်တယ်..။

"သူငယ်ချင်း လင်ပန်းထောင်ပြတာဟာ သူဟာ တစ်နယ် ကျေးကန်းတော်သူ မင်းသမီးတစ်ဦးဖြစ်ကြောင်း ဖော်ပြသူပဲ ဖြစ်တယ်.."

"ဒါနဲ့ လက်ယပ်ခေါ်ပြတာကကော.."

"ဒါက သူငယ်ချင်းကို လာခဲ့ပါခေါ်တာပဲ ဖြစ်တယ်.."

"ဒါနဲ့ လက်ကို တဖန်ပြန်ခါပြတာကကော.."

"ဒါက မလာချင်ပါကလည်း နေလို့ရတယ်လို့ မိန်းကလေး ပီပီ လုပ်ဆောင်ပြတာပဲ.."

"ဟုတ်လား.."

"ဟုတ်တယ်.."

"ဒါဖြင့် ဘာလုပ်ရမလဲ.."

"ဒါက သူငယ်ချင်းပဲ ကြိုက်သလိုစီစဉ်နိုင်တယ်လေ အဟဲ.."

သူငယ်ချင်းက ဘုရင့်သားဟာ မဆွတ်ခင်က ညွတ်ချင်ဟန် သရုပ်

သဏ္ဍာန် သိနေတာကြောင့် ရယ်ရွှန်းဖတ်ရွှန်းပြောလိုက်တာ ဖြစ်ပါတယ်..။

"ဒါ ဒါ တကယ်ပဲနော် သူငယ်ချင်း.."

"တကယ်ပဲလေ ဒါ အမှန်ပဲ ဒါဖြင့် ဘယ်လိုလုပ်မလဲ.."

"လက်ထပ်မယ်လေ ကြာသလားလို့ ဟဲ ဟဲ.."

နှစ်ယောက်သားမှာ မိန်းကလေးအား ဂျာပေါ်မှ ခေါ်ဆောင်ခဲ့ပြီး ဘုရင့်သားနဲ့ ထိမ်းမြားလက်ထပ်စေလိုက်ကြတယ်..။

သူငယ်ချင်းနှစ်ယောက်မှာ ကွဲကွာနေကြရခြင်းအတွက် တစ်သက်တာ နောင်တရမဆုံးဖြစ်ကာ ထာဝရလက်တွဲ ချစ်ခင်လို့ သွားကြပါတော့တယ်..။

"မိတ်ဆွေစစ်ဆိုတာ မှန်တာလုပ်ပြီး ဟုတ်တာပြောတာပဲ မဟုတ်ပါလား.."

× × × × ×

သားဖြစ်သူက အမတ်ကြီးဖခင်ကို ပုံပြင်ဇာတ်လမ်းအဆုံးမှာ ပြောပြလိုက်တော့.။

ဖခင်ဖြစ်သူကလည်း ...

"မှန်တယ် သားပြောတာမှန်ပါတယ် သားရဲ့...."လို့ ပြန်ပြောထောက်ခံလိုက်ပါတယ်..။

□□□ □□□ □□□

# ၆။ ဒီလိုမလုပ်နဲ့

ဟိုးရှေးရှေးတုန်းက မြို့တစ်မြို့မှာ ကိုယ့်ကိုယ်ကို အထင်ကြီးလှပြီး အလွန်အမြှောက်ကြိုက်တဲ့သူကြီး တစ်ဦးနေတယ်..။

သူကြီးဟာ အင်မတန်အမြှောက်ကြိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတိုင်း သူ့မြှောက်ပင့်တဲ့ လူစားမျိုးချည်းသာ ဖြစ်နေကြတာပေါ့..။

ဟုတ်တာဖြစ်ဖြစ်..၊ မဟုတ်တာဖြစ်ဖြစ်..၊ တရားလွန်အောင် ပြောကြတယ်..။

သူဟာ ကြီးမားတဲ့ တန်ခိုးရှိတယ်လို့လည်း ပြောကြတယ်..။

အဲဒီလိုပြောဆိုချက်မျိုးတွေ များပြားလာတဲ့အခါ သူကြီး ကိုယ်တိုင်သာမက မြို့သူမြို့သားတွေကလည်း အဲဒီစကားကို အဟုတ်ထင်ပြီး ယုံကြည်လာကြရော..။

တခါတလေ လေပြင်းမုန်တိုင်းကျတာကိုလည်း သူကြီးရဲ့အလိုတော်ကို ဆန့်ကျင်ကြတာကြောင့် သူကြီးစိတ်ဆိုးလို့ လေပြင်းမုန်တိုင်းကျတယ်။

မိုးခေါင်လျှင်၊ ရေကြီးလျှင်လည်း ဒီလိုပဲ ပြောကြဆိုကြတာပဲ..။

ရာသီဥတုကောင်းမွန်လို့ ကောက်ပဲသီးနှံအောင်လျှင်လည်း သူ့ရဲ့မေတ္တာတန်ခိုးကြောင့် ဒီလိုဖြစ်ရတယ်လို့ မြှောက်ပင့် ကြတယ်..။

ဒီလူတွေရဲ့ စကားတွေဟာ သူကြီးသြဇာကြီးဖို့တွေ ဖြစ်နေတာပေါ့။

အဲဒီလူတွေကြောင့် ပညာနည်းတဲ့ လူတွေဟာ တကယ်ယုံကြည်နေကြတယ်..။

သူကြီးကိုလည်း အင်မတန် အထင်ကြီးကြတယ်.။

သူကြီးက "ဟေ့"လို့ ဆိုလိုက်ရင် ကြောက်ဒူးဆတ်ဆတ်တုန်ကြတယ်။

ပျာပျာသလဲ ဖြစ်ကုန်ကြတယ်..။

အဲဒီအထိ စူးဝင်နေတယ်..။

ဒီလိုနဲ့ ကြာလာတဲ့အခါကျတော့ သူကြီးဟာ ဒီမြှောက်ပင့်သူတွေရဲ့ သူကြီး ဖြစ်လာတော့တယ်..။

ဒေသထဲမှာရှိတဲ့ အဟိတ် တိရစ္ဆာန်တွေတောင် သူကြီးဆိုရင် ကြောက်ရွံ့ရိုသေလေးစားကြတယ်လို့တောင် မြှောက်ပင့်လာကြတာပေါ့..။

စကားတွေကို နည်းအမျိုးမျိုး ပုံအမျိုးမျိုးနဲ့ ပြောဖန်ဆိုဖန် များလာတဲ့အခါကျတော့..

သူကြီးဟာ အင်မတန် ပီတိဖြစ်လာတယ်..။

ဒါကြောင့်မို့ သူဖြစ်စေလိုတဲ့ ဆန္ဒကို လမ်းတွေမှာ စိုက်ထူ ထားစေတယ်။

မြို့သူမြို့သားတွေကလည်း စာကိုဖတ်ရတိုင်း ကြောက်နေကြတယ်..။

သူကြီးက သူ့စာအတိုင်း လိုက်နာကြပါသလားလို့ သူ့လူတွေကို မေးကြည့်တဲ့အခါ..

"ဘုန်းတော်ကြောင့် လူသတ္တဝါတွေသာမက အပဟိတ် တိရစ္ဆာန်တွေကပါ လိုက်နာကြပါတယ်.."

"နွားစားကျက်ထဲ ကျွဲမဝင်ရ" လို့ ရှိရင်၊ ကျွဲတွေဟာ နွားစားကျက်ထဲကို မဝင်ရဲတော့ပါ..။

"လူတွေရဲ့ ခြံဥယျာဉ်ထဲကို နွားများမဝင်ရလို့ ရေးထိုးထားရင် အဲဒီအနီးအနားတစ်ဝိုက်မှာရှိတဲ့ နွားတွေဟာ လူတွေရဲ့ ခြံတွေ ဥယျာဉ်တွေကို မဝင်ကြတော့ပါဘူး။ လူတွေဟာ သူတို့ရဲ့ ခြံဥယျာဉ်ကို ခြံခတ်ပြီး ကာရတဲ့အလုပ်တွေပါ မလုပ်ရတဲ့အတွက် ဝမ်းသာဝမ်းမြောက် ဖြစ်နေကြပါတယ်..။ အရှင့်ကို ကျေးဇူးတင်လှပြီး သက်တော်ရာကျော် ရှည်ပါစေလို့ ဆုတောင်းမေတ္တာပို့သနေ ကြပါတယ်" လို့ တင်လျှောက်တင်ကြတယ်..။

အဲဒီလိုစကားမျိုးကြားရတဲ့အခါ သူ့ကိုယ်သူ အထင်ကြီးနေတာပေါ့။

သူကြီးရဲ့ ကိုယ်ပိုင် သစ်တောကြီးတစ်တော ရှိသေးတယ်..။

အဲဒီသစ်တောမှာ အမွှေးနံ့သာ ကရမက် စန္ဒကူး အစရှိတဲ့ အဖိုးတန် အပင်တွေ အမြောက်အများရှိတယ်..။

ဒါပေမယ့် ဒီတောထဲမှာ ကျားတွေ အုပ်စုဖွဲ့ပြီး အလွန်ဆိုးသွမ်းနေတယ်.. လာလာသမျှ လူတွေကို အတင့်ရဲရဲနဲ့ ကိုက်သတ်လေ့ရှိတယ်..။

သူကြီးဟာ သစ်ခုတ်သမားတွေကို ဒီတောထဲက အမွှေးပင်တွေ ခုတ်ခိုင်းဖို့ဟာ ကျားတွေရဲ့ ရန်ကြောင့် မဖြစ်နိုင်ဘူး..။

ဒါကြောင့် တစ်နေ့တော့ သူကြီးဟာ သူ့လူတွေကို ဒီတောမှာ သူ့အမိန့်စာကို သွားစိုက်ဖို့ အမိန့်ပေးတယ်..။

စာမှာပါတာကတော့..

''ငါ ပိုင်ဆိုင်တဲ့ တောထဲမှာ ဘယ်ကျားမှ လူသတ္တဝါတွေကို ကိုက်သတ်ပြီး မစားရ'' ဆိုတဲ့ စာသားပါပဲ..။

ကျားတွေ မုချလိုက်နာမယ်လို့ မှတ်ထင်တာကြောင့် တစ်နေ့တော့ သူ့လူတွေကို ခေါ်ယူကာ စိုက်ထူဖို့ ခိုင်းတော့တာပေါ့..။

သူကြီး လူတွေတော့ အခက်ကြုံကြပြီ..။

ပြောဆိုမိတာတွေဟာ အင်မတန်မှားပြီ ဆိုတာလည်း နောင်တရနေကြတယ်..။

ဒီလိုအခြေအနေမှာ မသွားဘဲနေပြန်ရင်လည်း သူ့ကို လွန်ဆန်ရာကျရောက်ရမယ်..။

သွားပြန်ရင်လည်း ကျားစားခံရမယ်..။

နောက်ဆုံးတော့ စာကိုသယ်ပြီး ဝင်သွားကြရတယ်..။

တောထဲကို ရောက်လို့ စိုက်ထူလိုက်တာနဲ့ ကျားတွေဟာ လူတွေကို ခုန်အုပ်ကြရော..။

ဒီတင် ကိုယ့်အတတ်က သူတို့ကို ဘယ်လိုမှ မကယ်နိုင်တာ သိသွားကာ ဘဝပြောင်းခဲ့ကြပါတော့တယ်..။

□□□ □□□ □□□

## ၇။ အရူး အနှမ်း အထူး အဆန်း

(ရခိုင်ရိုးရာပုံပြင်)

ရှေးရှေးတုန်းက ဖြစ်ပါတယ်..

မင်းသားလေးတစ်ယောက်ဟာ တက္ကသိုလ်ဆရာကြီးထံမှောက်မှာ သွားရောက်ပညာသင်ကြားခဲ့ပါတယ်..။

သူနဲ့အတူ လူတန်းစားစုံ အခြားသူတွေလည်း ပါသွားခဲ့ကြပါတယ်..။

ဆရာကြီးက စေတနာကို ရှေ့ထားပြီးသင်ကြားတတ်တယ်.. အခကြေးငွေယူတာမျိုးမရှိဘူး..။ သဒ္ဓါကြေးပေးသလောက်နဲ့ပဲ မျှတသုံးစွဲတတ်သူပဲ ဖြစ်ပါတယ်..။

တစ်ဦးစေတနာ တစ်ဦးမှာဆိုသလိုပဲ တုံ့ပြန်ကြတဲ့ လက်ဆောင်ပဏ္ဏာနဲ့ပဲ ပြည့်ဝဖူလုံလောက်ငှသူပဲ ဖြစ်ပါတယ်..။

မင်းသားလေးဟာ အခြားသူတွေနဲ့အတူ ဆရာကြီးထံမှောက် နှစ်ရှည်လများ ပညာသင်ကြားတော့တယ်..။

သူနဲ့အတူ ပညာသင်ဘက်များပြန်သွားကြပေမယ့် သူကတော့ မပြန်ခဲ့ပါဘူး..။

တကယ်တော့ မင်းသားလေးဟာ ဘဏ်လေးထိုင်မှိုင်းသူလည်း ဖြစ်ပါတယ်..။

ဒါကြောင့် ဆရာသင်ပေးသမျှ မှတ်မိတယ်မရှိဘူး.. ဒါကြောင့် အတူသင်ဘက်တွေ ပြန်သွားကြရပေမယ့် သူကတော့ ကျန်နေရစ်စမြဲပဲ ဖြစ်ပါတယ်..။

ဒီလိုနဲ့ အနှစ်နှစ်အလလကြာခဲ့ပေမယ့် သူ့မှာ ပညာရဖို့ လမ်းစမရှိ ဒါကြောင့်..၊ မထူးတော့တာကို သူ စဉ်းစားမိလာတယ်.. ဒါကြောင့် ပညာကို စွန့်လွှတ်ဖို့ စဉ်းစားမိတယ်..။

ဒါပေမယ့် မိမိဒေသတိုင်းပြည်လည်း မပြန်ရဲ..

ဒါကြောင့် လွင့်ချင်ရာလွင့် စိတ်တွေနဲ့ လွင့်မျောသွားဖို့ စိတ်ရောက်နေခဲ့တော့တယ်..။

× × × × ×

တစ်နေ့မှာ ဆရာကြီးထံမှာ ပြန်ခွင့်တောင်းတော့တယ်.. အဲဒီအခါ ဆရာကြီးက ...

"ငါ့တပည့်ပြန်ချင်တော့လည်း ပြန်ခွင့်ပြုရတာပေါ့ ကွယ်.."

ဒါပေမယ့် တကယ်ပြန်ခွင့်မပေးဘဲ နေ့ရွှေ့ညရွှေ့အချိန်ဆွဲလို့သာ နေတော့တယ်..။

တပည့်ဖြစ်သူမှာ တစ်နေ့ပြန်ရနိုးနဲ့ စောင့်စားရင်း ရက်လနှစ်တွေသာ ကြာခဲ့တယ်..။

တပည့်က အသိပေးခွင့်တောင်းလျှင်လည်း "နေပါဦးကွာ ပြန်ရတာပေါ့.."

လေချိုသွေး ပြောဆို နှစ်သိမ့်တတ်ပြန်တယ်...။

ဒါကြောင့် မင်းသားလေးရဲ့ စိတ်ထဲမှာ အကြံတစ်ခု ပေါ်လာပြန်တယ်..။

ငါတော့ ဒီလိုခွင့်တောင်းနေလို့ တော်တော်နဲ့ရမှာ မဟုတ်တော့ဘူး..။ ဒီတော့ သူများတွေ ပြန်ခွင့်တောင်းတုန်းမှာ တပါတည်းတောင်းမှ ဖြစ်တော့မယ်..။

သူ ဆုံးဖြတ်ချက် ချလိုက်တယ်..။

ဒီလိုနဲ့ အချိန်တန်လို့ အခြားသူတွေပြန်ခွင့် တောင်းချိန်မှာတော့ သူလည်း ပြန်ခွင့်ဝင်တောင်းလိုက်တော့တယ်..။ ပြန်ခွင့်ရသူတွေက ရွှေငွေတွေနဲ့ လက်ဆောင်ပဏ္ဏာတွေ ဆက်သပြီး ကန်တော့ကြတယ်..။

"ဟင်.. အဲဒါမှဒုက္ခပဲ ငါ့မှာ ဘာတစ်ခုမှ မရှိဘူး" မင်းသားလေး တွေးတောစိတ် ဝင်မိခဲ့တယ်..။

"ငါ ဘာလုပ်ရမလဲ.." သူ စဉ်းစားတယ်..။ ဒီတော့ အကြံတစ်ခု ရလာတယ်..။

သူစားရာက ချန်ထားခဲ့တဲ့ ငါးကင်တစ်ပျစ်ကို ဖြုန်းခနဲ သတိရလိုက်တယ်.. ဒါကြောင့် ချက်ခြင်းထသွားပြီး ဆရာကြီးအား ကန်တော့လိုက်ရာတယ်..။

ဒါကို မြင်လိုက်ရတော့ ဆရာကြီးက စဉ်းစားမိတယ်··။

ဒီကောင် ထူးထူးဆန်းဆန်းတော့ လုပ်တတ်သားပဲ သုံးသပ်မိရာက

"အင်း မင်း ငါးပျစ်ကတော့ အထူးအဆန်းပဲဟေ့··" လို့

ဆရာကြီးက သူ့တပည့်ကို ပြောလိုက်တယ်··။

နောက်တော့ ပြန်ကြမယ့် တပည့်တွေအားလုံးကို ဆုံးမစကား ပြောကြားတယ်··။

သူများတွေကို ပြောအပြီးမှာ သူ့တပည့်ကိုလည်း စေ့စေ့ ကြည့်လိုက်ကာ··

"ငါ့တပည့်··"

"ဟုတ်ကဲ့ပါ ဆရာကြီး··"

"သူများတွေကတော့ ပညာစုံလို့ ရွှေဘုံပြန်ကြတယ်ကွ··"

"ဟုတ်ကဲ့ပါ ဆရာကြီး··"

"အေး မင်းမှာတော့ ဘာပညာမှ မပါခဲ့လေတော့ ဆရာကြီး ပြောတာ မှတ်သားသွားနော်··"

"ဟုတ်ကဲ့ပါ ဆရာကြီး··"

"အေး စွန့်စားမှုရှိရင် မင်းကံနဲ့မင်း ထိုက်သလို ဖြစ်ရလိမ့်မယ် ဒါပါပဲကွ··"

"ဟုတ်ကဲ့ပါဆရာကြီး··"

"ကဲ ပြန်ရွတ်ပြစမ်း.."

"စွန့်စားမှုရှိရင် မင်းကံနဲ့မင်း ထိုက်သလို ဖြစ်ရလိမ့်မယ်.."

"အေး.. ကောင်းပြီ မင်းသွားနိုင်ပြီ.."

"ဟုတ်ကဲ့ပါ ဆရာကြီး.."

ဒီလိုနဲ့ ခြေဦးတည့်ရာ ထွက်သွားခဲ့တယ်..။

ဒီလိုနဲ့ မင်းသားလေးဟာ မယ်မယ်ရရ ဘာပညာမှ မတတ်ခဲ့..၊ ဒါပေမယ့် ဆရာကြီး နောက်ဆုံးမှာလိုက်တဲ့ စွန့်စားမှုရှိရင် မင်းကံနဲ့မင်း ထိုက်သလို ဖြစ်ရလိမ့်မယ်ဆိုတာတွေပဲ နားထဲမှာ စွဲမြဲလို့နေတော့တယ်..။

သူက သွားနေရင်း ရေရွတ်တယ်.. ငါ့ဆရာကြီး သင်ပေးလိုက်တဲ့ စကားတစ်ခွန်း နှစ်ခွန်းလောက်တော့ ငါ မှတ်မိမှ ဖြစ်တော့မပေါ့..။

သူ့စိတ်မှာ စွဲမှတ်ပြီး တတွတ်တွတ် ရေရွတ်ပြီးသွားနေခဲ့တယ်..။

ဒီလိုနဲ့ ခရီးဆက်ခဲ့တယ်..၊ ရောက်လေရာမှာလည်း တတွတ်တွတ် ရေရွတ်လို့ နေခဲ့တယ်..။

သွားရာ၊ လာရာ၊ စားရာ၊ အိပ်ရာမှာပါ မကျန် ဖြစ်ပါတယ်..။

ဒီလိုနဲ့ တခြားသော တိုင်းပြည်တစ်ခုသို့ ရောက်လာခဲ့တော့တယ်..။

အဲဒီတိုင်းပြည်ရဲ့ ဘုရင့်သမီးထွေးလေးမှာ မေးအထက်မှာ ဝက်ခြံ ပေါက်လို့ နေရှာတယ်..။

ဒါကြောင့် သေလုမျောပါးအနာကို ခံစားလို့ နေရရှာတယ်..။

သမားတိုင်းကလည်း ကုလို့မရတော့ဘူးလို့ လက်လျှော့ပြီး ထားလိုက်ကြတယ်..။

အနာမှာ ပြည်မှည့်လို့နေတယ်.. ညှော်နံ့တွေကြောင့် ပိုမိုပြီး ဝေဒနာ ကြီးထွားနေခဲ့တာ ဖြစ်တယ်..။

ဒါကြောင့် ပါးနှစ်ဖက်လုံး ဖူးရောင်ပြီး.. ပါးစပ်မှာ ဟလို့မရ ဖြစ်လို့ နေတယ်..။

ပါးစပ်တစ်ခုလုံး အာစေးကပ်သလို တင်းကြပ်လို့နေတော့တယ်..။

"ဒီ ပြည်မပေါက်နိုင်က တစ်စစနဲ့ အစာရေစာ မစားသောက်နိုင်ဘဲ အားကုန် လဲပြိုသွားနိုင်တယ်.."

"ဒါနဲ့ သေဖို့ပဲ ရှိတော့တယ်.." ဖခင်ရှင်ဘုရင်လည်း ဘာမှ မလုပ်တတ်တော့ဘူး..။

လက်မှိုင်ချ နေ နေရတော့တယ်..။

ဒါကြောင့် "သမီးတော်ကို ကုသပျောက်နိုင်က ယောကျ်ားဖြစ်ရင် လက်ဆက်ထိမ်းမြားပေးမယ်..၊ မိန်းမဖြစ်က ဆုတော်လာဘ်တော်တွေ ပေးမယ်..၊ ဒါမှမဟုတ်ရင် အလိုရှိရာ ပေးသနားမယ်လို့ အမိန့်တော်တစ်ရပ် ထုတ်ဆင့် ကြေညာနိုင်းလိုက်တော့တယ်..။

ဒီအမိန့်ဟာ တစ်နိုင်ငံလုံး ပျံ့နှံ့လို့နေတော့တယ်..။

× × × × ×

အဲဒီမင်းသားလေးဟာ အဲဒီဘုရင့်မြို့တော်သို့ ရောက်ခဲ့တယ်..။

ဆရာကို အမြဲသတိရလျက် သူ့ဆရာစကားကိုလည်း တတွတ်တွတ်ရေရွတ်မြဲ ရေရွတ်လို့နေခဲ့တယ်..။

ဒါကြောင့် သူ့ကို မြင်သူတိုင်းဟာ ဆေးသမားရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ် တစ်ခုခု တတ်မြောက်တဲ့ ဆရာတစ်ဆူဖြစ်ရမယ်လို့ ထင်မှတ်ယူဆထားကြတယ်..။

ဒါကြောင့် ဘုရင်ထံ ထိုသူနဲ့ပတ်သက်ပြီး လျှောက်တင် ကြတယ်။ ဘုရင်က သဘောတူပြီး နန်းတော်သို့ ခေါ်ခဲ့ဖို့ မိန့်တော်မူပြီး ရောက်စေခဲ့တယ်..။

ဒီတော့ ခရီးသွား မင်းသားလေးမှာ အကြံရ အိုက်သွားတယ်..။

နောက်တော့ အလိုက်သင့်ပဲ ဆေးသမားဟန် ပြုနေလိုက်တယ်..။

သူဟာ မိမိဆရာရဲ့ ဂုဏ်ကို လေးစားယုံကြည်တယ်..။ ဒါကြောင့် ဘုရင်ကြီးကို မိမိသဘောဆန္ဒအတိုင်း ကုသခွင့်ရရန် တောင်းဆိုလိုက်တယ်..။ ဘုရင်ကြီးကလည်း ခွင့်ပြုလိုက်တယ်..။

အဲဒီအခါ ကုသဖို့အတွက် တိုက်ခန်းကို ကာဆီးပြီး.. တင်းတိမ်အထပ်ထပ် ကာရံစေတယ်..။

လဲလျောင်းနေတဲ့ မင်းသမီးလေးရဲ့ ဦးခေါင်းကိုလည်း သူ့ရဲ့ ပေါင်ပေါ်မှာ တင်လိုက်စေတယ်..။

ပြီးတော့ သူဟာ မင်းသမီးလေးရဲ့မေးကို လက်နဲ့ အသာအယာ ကိုင်လိုက်ပြီးတော့··

ဆရာ့စကား ကြားယောင်ရင်း··

"စွန့်စားမှုရှိရင် မင်းကာနဲ့ မင်းထိုက်သလို ဖြစ်ရလိမ့်မယ်"ဟု အထပ်ထပ် ရေရွတ်နေတယ်··။

ပထမတော့ မင်းသမီးမှာ သူ့ကို ရူးနေတယ် ထင်လိုက်တယ်··။

"ဒီလူ ရူးများနေသလား··"

ကြာတော့ သူ့အမူအယာနဲ့ သူ့ဟန်ပန်ကို ကြည့်ပြီး··၊ ရယ်ချင် လာတယ်··။

ဒါကြောင့် မရယ်ဖို့ အောင့်အီး သည်းခံကြည့်သေးတယ်··။ ဒါပေမယ့် မရပါဘူး··။ နောက်ဆုံး ပြင်းပြင်းထန်ထန် ရယ်လာမိတော့ တယ်··။

"ဟား ဟား ဟား··"

ထိုသူလည်း သူ မှတ်မိသမျှကို တတွတ်တွတ် ရေရွတ်မြဲ ရေရွတ် နေတော့··

"စွန့်စားမှုရှိရင် မင်းကာနဲ့မင်း ထိုက်သလိုဖြစ်ရလိမ့်မယ်·· ဖြစ်ရလိမ့်မယ်·· ဖြစ်ရလိမ့်မယ်··"

"ဟား ဟား ဟား··"

မင်းသမီးက တအားရယ်မောနေလေတော့ရာ အနှာမှ ပြည်တွေ
ပေါက်ပြီး ထွက်ကျ ကုန်တော့တယ်..။

အနှာက ပြည်ပေါက်တော့ ချက်ချင်းသက်သာသလို ဖြစ်သွား
တယ်..။

ချက်ချင်းပဲ အရောင်အကိုင်းတွေလည်း လျှော့ကျလို့ သွားခဲ့တယ်..။

မကြာခင်မှာပဲ စကားလည်း ပြောလာနိုင်ခဲ့တော့တယ်..။

မကြာခင်မှာ သမီးတော်လေးက ထထိုင်လိုက်ပြီး

"ဖခမည်းတော် ဘုရား.."

လှမ်းခေါ်နေမိတယ်..။

အထူးအဆန်းအသံကြောင့် ဖခင်ကြီးမှာ အခန်းထဲအထိ လိုက်သွား
ကြည့်တယ်...။

"ဟင်.."

ခန်းဆီးကို ဖွင့်မိလိုက်လျှင် သမီးတော်ကို တွေ့ရတော့ အံ့ဩဝမ်းသာ
သွားတယ်..။

"ဟင်.. သမီး သမီးတော် နေကောင်းသွားပြီးနော်.. ဝမ်းသာ
လိုက်တာ သမီးတော်လေးရယ်.."

ဖခင်ကြီးမှာ ပီတိမျက်ရည်တွေ ကျရင်းက မင်းကြီးဟာ
မင်းသားလေးကို ကျေနပ်စွာ စေ့စေ့ကြည့်လိုက်တယ်..။

မင်းသားလေးမှာ ခေါင်းငုံ့ချ နေလိုက်တယ်..။

ဘုရင့်စကား မိုးကြိုးသွားဆိုသလိုပဲ ကတိရှိတဲ့အတိုင်း သမီးတော်နဲ့ သူ့ကို ပေးစားလိုက်တယ်..။

ဒီလိုနဲ့ ကာလကြာတဲ့အခါ ဘုရင်ကြီး နတ်ရွာစံလေတော့..

မင်းသားလေးဟာ ဘုရင်ကြီးဖြစ်ပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ် ရလေတော့တယ်..။

□□□ □□□ □□□

## ၈။ လူမစွမ်းက နတ်မတယ်

(ရခိုင်ရိုးရာပုံပြင်)

တစ်ခါက ဖြစ်ပါတယ်..။

ရွာတစ်ရွာမှာ ကိုကုန်းနဲ့ ကိုကန်း လူနှစ်ယောက်တို့ ရှိကြတယ်..။

အဲဒီကုန်းနေသူမှာ တုတ်ကောက်ကြီး ထောက်သွားရတယ်..။

အဲဒီ ကန်းနေသူမှာတော့ မျက်စိ စုံလုံးကန်းနေတာကြောင့် စမ်းတဝါးဝါး လှမ်းသွားနေသူသာ ဖြစ်တယ်..။

သူတို့နှစ်ယောက်ဟာ အချင်းချင်းမိတ်ဆွေဖွဲ့ရင်းက အတူတကွနေထိုင်ကြတယ်..။

ကိုကုန်းက ကိုကန်းကို မှီတွယ်သွားလာတယ်.. ကိုကန်း ကလည်း ကိုကုန်းကို ဆွဲငင်ပြီး လှည့်လည် သွားလာ ကျက်စားနေခဲ့ကြတယ်..။

သူတို့နှစ်ယောက် နှစ်ကိုယ်ပေါင်းမှ တစ်စိတ်ပမာ တစ်ယောက်နဲ့ တစ်ယောက် မှီတွယ်ဆက်ဆံနေကြရတယ်..။

ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် အားထားကြရတယ်..။ ဒါကြောင့် အထူးလည်း ချစ်ခင်တွယ်တာကြတယ်..။

တစ်နေ့မှာတော့ သူတို့ဟာ နွားတစ်ကောင်ကို ခိုးဖို့တိုင်ပင်ကြတယ်..။

"အေး·· အဲဒါကောင်းတယ်ကွ··"

"ပိုင်ပစေနော်··"

"ပိုင်ရမှာပေါ့ကွာ··"

"ကဲ စိမ်လိုက်··"

"စိမ်တယ်ဟေ့··"

ပြောပြီး သူတို့ဟာ အချိန်ကျရောက်တာနဲ့ နွားတဲသို့အတူ သွားခဲ့ကြတယ်··။

နွားတဲဘေးမှာတော့ လယ်ကွင်းပြင်တစ်ခု ရှိတယ်··၊ အနီးမှာတော့ နွားတဲရှင်ပါ နေထိုင်နေတာပဲ ဖြစ်ပါတယ်··။

တခြားတဲတစ်လုံးမှာတော့ မြေးအဘိုးသုံးယောက်တို့ အတူနေထိုင်ကြတယ်··။

တဲမှာ သိပ်မကြီးဘဲ ထုံးစံအတိုင်းပဲ လယ်တဲလေးမျှသာ ဖြစ်ပါတယ်··။

အဲဒီတဲရဲ့ အထက်ဆင့်မှာ လူတွေအိပ်ကြပြီး အောက်အဆင့်မှာတော့ မီးဖို၊ ပန်းကန်ခွက်ယောက်၊ ထင်း၊ မီးသွေးစတာတွေကို ထားရှိပါတယ်··။

အဲဒီမြေးအဖိုးသုံးယောက်တို့ဟာ နေဝင်ပြီဆိုတာနဲ့ သူတို့ တဲမှာ ဝင်ရောက် အိပ်စက်ကြစမြဲပဲ ဖြစ်ပါတယ်··။

နွားတွေကို ထုံးစံအတိုင်း နွားတဲထဲမှာ ချည်နှောင်သိပ်ကြမြဲပဲ ဖြစ်ပါတယ်··။

တခါတလေမှာတော့ မြေးအဖိုးတွေဟာ ညနေစာ စားသောက်ပြီး မီးလှုံ စကားဝိုင်းဖွဲ့နေကြတာမျိုးလည်း ရှိပါတယ်..။

ချက်ချင်းမအိပ်ကြဘူး.. ဒီကနေ့လည်း သူတို့ မအိပ်ကြသေးဘဲ စကားဝိုင်းဖွဲ့နေသံ ကြားနေရတယ်..။

"ရှူး.."

"တိုးတိုး.."

ကိုကုန်းနဲ့ ကိုကန်းတို့ဟာ အသံပြုရင်း သတိပေးရပ်နားလိုက်တယ်..။

ဒါကြောင့် ခပ်လှမ်းလှမ်းသို့ ဆုတ်သွားပြီး ချောင်းမြောင်းစောင့်ကြည့်နေကြတော့တယ်..။

× × × × ×

နောက်တစ်နေ့ရာတွင်မှာတော့..

ကျားကြီးတစ်ကောင်...၊ ကျားကြီးဟာလည်း နွားတစ်ကောင်ကို ကိုက်ဆွဲဖို့ နွားတဲအနီးအသင့် ရောက်ရှိစောင့်နေခဲ့တာပဲ ဖြစ်တယ်..။

ကျားဟာ ငြိမ်လျက်သား ချောင်းမြောင်းလို့ နေတယ် ..။

ညဥ့်က တစတစ နက်လို့လာခဲ့တယ်..။

"ကဲ.. ငါ့မြေးတို့ ညဥ့်လည်းနက်ပြီ အိပ်ကြစို့ရဲ့.."

"ဟုတ်ကဲ့ ဘိုးဘိုး.."

"အေး.. ကျားဆိုးကျားမိုက်တွေလည်း ပေါတယ်ကွဲ့ ဒါကြောင့် တဲပေါ် တက်အိပ်ကြစို့ရဲ့.."

"ဟုတ်ကဲ့ ဘိုးဘိုး.."

တစ်ယောက်ကပြောတယ်.. နောက်တစ်ယောက်ကလည်း..

"ဟုတ်တယ်ဘိုးဘိုး ညဥ့်နက်လာရင် ကျားရဲကျားဆိုးတွေ ရောက်လာတတ်တယ်..၊ လူကိုပါ ရန်ရှာကိုက်စားတတ်တယ်.. သတိထား ရမယ်..."

"ဟုတ်တယ် သတိဝိရိယရှိကြပေါ့.."

အဲဒီလိုပြောဆိုပြီး မြေးနှစ်ယောက်မှာ တဲပေါ်တက် အိပ်ရာဝင်ခဲ့ ကြတယ်..။

အဘိုးဖြစ်သူမှာ သိမ်းဆည်းစရာတွေကို သိမ်းဆည်းပြီးမှ တက်အိပ်ရ လေတယ်..။

အကွက်ကို ချောင်းနေတဲ့ကျားဟာ မြေးအဘိုးပြောကြတဲ့ စကား တွေကို တွေးတောလို့ နေမိတယ်..။

"ကျားဆိုးကျားမိုက်ဆိုပါလား..၊ ပြီးတော့ ကျားက ကိုက်စားတတ် တယ်လည်းဆိုတယ်..၊ ဟုတ်တယ် ကျားဟာ ခွန်အားဗလလည်း သိပ်ကြီး ပြီး အစွမ်းထက်တယ်..၊ ဘယ်လိုကျားမျိုးပါလိမ့်၊ ငါ့ထက်တော့ စွမ်းရည် ရှိမှာ မကန်ပဲ..၊ ဒီကောင်လာရင်တော့ ငါနဲ့မကန် ရင်ဆိုင်ရတော့မှာပဲ တွေ့ရင်တော့ ငါ့အဖို့ မလွယ်ကျောပဲ.. ပြဿနာပဲ.."

ကျားကြီးမှာ အတွေးများ စဉ်းစားမပြတ်ဘဲ ရှိနေတော့တယ်..။

"ကျားဆိုးကျားမိုက်တဲ့ ကြောက်စရာကြီးပဲ.."

ကျားကြီးတွေးရင်း ကြောက်လို့သာ နေမိပါတော့တယ်..

"ဘယ်ကနေ ဖြုန်းစားကြီး ပေါ်လာလေမလဲ.."

"ဘယ်လိုပုံစံနဲ့ ထွက်ပေါ်လာမလဲ.. ကြောက်စရာကြီးပဲ..၊ သူလာရင် ငါဘယ်လိုပြေးရမလဲ.. ပြေးလမ်းရှာထားမှ ဖြစ်မယ်.."

"အင်း အရေးကြုံရင် သက်လုံကောင်းမှ.."

မရဲသော်လည်း ပြေးခဲ့စေ၊ သူ့ကိုယ်သူ အားတင်း နေနေရတယ်..။

× × × × ×

တစ်နေ့ရာတွင်မှာတော့ ကိုကုန်းနဲ့ ကိုကာန်းတို့ ချောင်းနေကြရာက ကိုကုန်းက မြေအဘိုးတို့ အိပ်ရာဝင်သွားကြတာ မြင်လိုက်ရတာနဲ့..၊ ကိုကုန်းက ကိုကာန်းကို ပြောလိုက်တယ်..။

"အဆွေ သွားတော့.."

"ဟုတ် ဟုတ်ကဲ့.."

ကိုကာန်းမှာ စမ်းတဝါးဝါးနဲ့ နွားတဲဆီ ထွက်ခွာသွားတော့တယ်..။

အဲဒီအခါ ကိုကာန်းမှာ တရွေ့ရွေ့နဲ့ နွားတဲဆီသို့ ရောက်ရှိ လို့သွားခဲ့တယ်..။

ယင်းအခိုက်မှာပဲ ကျားကြီးကလည်း နွားတဲဆီသို့ တစ်စစနဲ့ ဝင်ရောက်လာခဲ့ပြီ ဖြစ်တယ်..။

အဲဒီနောက် ကိုကန်းက လက်နဲ့စမ်းသပ်ပြီး နွားတစ်ကောင်ကို ဖမ်းမိဖို့ လိုက်ရှာနေရှာတယ်..။

ကျားကြီးကလည်း နွားတစ်ကောင်ကောင်ကို ကိုက်ဆွဲဖို့ရန် ဟန်ပြင် လို့နေတယ်..။

ယင်းအခိုက်မှာပဲ ကျားကြီးရဲ့ လည်ကုပ်ကို သူ့လက်နဲ့ စမ်းမိတော့ တယ်..။

အဲဒီလို စမ်းမိလိုက်တာနဲ့ ကျားကြီးကလည်း ဒါကျားဆိုး ကျားမိုက် ကြီးပဲ ဖြစ်မယ်လို့ အတွေးရောက်ရင်းက ကြောက်စိတ်နဲ့ ငြိမ်သက်နေ လိုက်တယ်..။

ကိုကန်းကလည်း ကျားကြီးဦးခေါင်းကို တစ်ခါစမ်းသပ်မိပြန်ရာ ကျားကြီးက သူ့ရဲ့ဦးခေါင်းကို ပုထားလိုက်ရှာတယ်..။

တစ်ဖန် ကျားကြီးရဲ့ခါးကို စမ်းမိပြန်ရာ ခါးမှာ တောင့်တင်းလို့ သွားရှာတော့တယ်..။

အဲဒီအခါ ကိုကန်းဟာ ဟိုဟိုဒီဒီ လှည့်စမ်းလို့နေလေရာ တစ်စစနဲ့ နွားတဲဝမှာ တုတ်ကောက်တစ်ချောင်းကို စမ်းမိခဲ့လေတယ်..။

ထိုတုတ်နဲ့ပဲ ကျားကြီးကို နွားအထင်နဲ့ နဖားဖောက် ထိုးလိုက် တယ်..။

ကျားကြီးမှာ ဘာမှမလှုပ်ရဲဘဲ ဖြစ်နေစဉ်မှာ ကိုကန်းက ကိုကုန်းကို လာခဲ့တော့ အဆွေကုန်း.. နွားကြီးကို ကျုပ် နဖားပေါက် ထိုးမိထားပြီလို့ ပြောရင်း လှမ်းခေါ်လိုက်တယ်..။

"ဟာင်.."

ကိုကုန်းက ကိုကန်း ခေါ်ရာသို့ လိုက်လာခဲ့တယ်..။

ပြီး ကျားကြီးကို အတူတကဲစီးလိုက်ကြတယ်.. ယင်း အခိုက်မှာ ကျားကြီးက စဉ်းစားလိုက်တယ်..။

"ငါ့ကို ဒီကျားဆိုး ကျားမိုက်ကြီးက ဖမ်းမိသွားခဲ့ပြီ..၊ နဖားကြိ လည်း ဖောက်ထိုးထားခဲ့ပြီ..၊ နောက်ကို ဘယ်လိုလုပ်ဦးမယ် မသိသေ ဘူး..၊ ရှေ့ဆက်မလွယ်ဘူး..၊ ငါ့ဇွတ်တရွတ် ရုန်းထွက်ပြေးမှ တန်ရာ တော့မယ်.."

ကျားကြီး စဉ်းစားမိလိုက်တယ်..။

ဒါကြောင့် ကျားကြီးလည်း ကြောက်လန့်တကြားနဲ့ ထွက်ပြေးတေ တယ်..။

"ဟော့ ဟော့.."

"ဟော့ ဟော့.."

အငိုက်မိသွားသူပမာ ကိုကုန်းနဲ့ ကိုကန်းမှာ ပျာပျာသလဲ ဖြစ်သ ကြရ ပါလေတော့တယ်..။

ဒါကြောင့် အထိတ်တလန့်နဲ့ နဖားကြိုးကို မလွှတ်တမ်း ဆွဲထားလို ကြတယ်..။

"ဟော့.. နဖားကြိုးကို မလွှတ်စေနဲ့.."

"ဟုတ်တယ်.. နဖားကြိုးကို နာနာဆွဲထားဟော့.."

ကျားကြီးက ပြေးလိုက်..၊ သူတို့က ဆွဲလိုက်နဲ့ တစ်တောလုံး ဆူညံထွက် ပွက်လောရိုက်နေပါတော့တယ်..”

တစ်ဦးက ပြေးလိုက်..၊

တစ်ဦးက ဆွဲလိုက်နဲ့ လုံးချာပတ်ချာ လိုက်နေကြပါတော့တယ်..။

ဒါပေမယ့် တကယ်တော့ ကျားကလည်း လူမှန်း မသိသလို လူနှစ်ယောက်ကလည်း ရောမကျားကြီးမှန်း မသိကြချေဘူးလေ..။

တစ်ညဉ့်လုံး ကြောက်ကြောက်နဲ့ ကျားကြီးကလည်း ပြေးမိပြေးရာ ပြေးနေခဲ့တယ်..။

သူတို့ကလည်း မလွတ်ရအောင် အတင်းဆွဲကိုင်ပြီး ကြောက်လန့်တကြားနဲ့ လိုက်ပါလို့နေခဲ့ကြတယ်..။

ဒါကြောင့် ကြာလာတဲ့အခါ အားလုံးက မောပန်းလွန်းရာက ခွေကျလဲပြိုသွားကြ ပါတော့တယ်..။

ဒီမှာ မေ့မြောအိပ်ပျော်သွားကြပါတော့တယ်..။

× × × × ×

ဒီလိုနဲ့ မိုးလင်းလာခဲ့တယ်..

“ဟော့ ကိုကာန်း ထထ..”

“ဟင်.. ဘာဖြစ်လို့လဲ..”

“မိုးလင်းပြီဗျ.. ဟင် ဟာ..”

"ဘာဖြစ်လို့လဲ ကိုကန်းရ.."

"ဟာ.. ခင်ဗျား မမြင်ဘူးလား.."

"ကိုကန်းပါ ဆိုမှဗျာ.."

"ဩော်.. ဟုတ်သားပဲ.. ဆောရီးဗျာ.. ဆောရီး ကျုပ် ကျုပ်တို့ စီးလာခဲ့တာ နွားမဟုတ်ဘူးဗျ.. ကျားကြီးဗျာ.. ကျားကြီး.."

"ဟေ.."

ဆိုပြီး နှစ်ယောက်သားမှာ ထွက်ပြေးကြတော့တယ်..။

ရမိရရာ သစ်ခေါင်းတစ်ခုထဲ ဝင်ပြေးမိကြတော့တယ်..။

သစ်ခေါင်းထဲမှာ ခိုးသားတွေ ထားခဲ့ပုံရတဲ့ ရတနာရွှေ ငွေတွေ ပြည့်လျှံနေတာ တွေ့လိုက်ရတယ်..။

"ဟေ့..ကိုကန်း ဒီမှာဗျာ.. ဒီမှာ.."

"ဘာလဲဗျ.."

"ရွှေတွေငွေတွေ ရတနာတွေလေဗျာ.. ဟောဒီမှာ.."

"ဟာ.. ကျုပ်က အကန်းပါဆိုနေမှ.."

"ဟာ.. ဟုတ်ပါပေရဲ့ဗျာ.. လူမစွမ်း နတ်မတယ်ဆိုတာ.. ဒါပဲဗျာ.."

"ဟုတ်ပါ့ရဲ့ဗျာ တို့ကျားရန်က ဝေးရင်တော့ သေပျော်ပါပြီဗျာ.."

"ဟုတ်တယ်.. သူတို့ရန်ကဝေးမှ တို့ ဒါကို လာယူပြီး ရှာပြန် ရင်းနှီးစားကြတာပေါ့ဗျာ.."

"ခုတော့.."

"ခုတော့ အမယ်လေး ကျားကြီး ကျားကြီး"

ကျားကြီးမှာလည်း သူ့လိပ်ပြာသူ လန့်နေရင်းက ကြောက်လန့်မှုက အထွတ်အထိပ်မှာ..

ဒါကြောင့် ကျားကြီးကလည်း ကြောက်ကြောက်နဲ့..

"ကျားဆိုးကျားမိုက်တဲ့...၊ ကျားဆိုးကျားမိုက်ကြီးတဲ့ဟေ့.." ကြောက်ကြောက်နဲ့ ပြေးလွှားသွားခဲ့တယ်..။

ဒါပေမယ့် နဖားကြိုးထိုးထားတဲ့ တုတ်တစ်ပိုင်း၊ ကန့်လန့်ဖြတ်လည်း ပါလို့ သွားခဲ့တယ်..။

တောနက်ထဲရောက်တော့ မြေခွေးတစ်ကောင်နဲ့ ပက်ပင်းတွေ့လိုက် ရတယ်..။

မြေခွေးက အထိတ်တလန့်နဲ့ ထွက်ပြေးလာတဲ့ ကျားကြီးကို မြင်လိုက်ရတော့ ထိတ်သွားခဲ့တယ်..။

"ဟင်.. အဆွေကျားကြီး..၊ ဘာဖြစ်လို့ အထိတ်တလန့် ပြေးလာ ခဲ့ရတာလဲဗျ.."

"မ မပြောပါရစေနဲ့.. ကြောက်.. ကြောက်လို့ပါ.."

"ဟာ .. သင့်နောက်မှာ ဘာမှ မပါဝါဘူး.. ပြောမယ့်သာ ပြောစမ်းပါဗျာ.."

ကျားကြီးက အနည်းငယ် စိတ်သက်သာသွားသလိုနဲ့ တစ်လုံးချင်း ပြောပြလို့ နေရှာတယ်..။

"ဒီလိုဗျ.."

"အင်း.."

"အဆွေမြေခွေး ကျုပ်ကို ညဦးတုန်းက တစ်ညဥ့်လုံး ကျားဆိုး ကျားမိုက်ကြီးက ဖမ်းဆီးထားခဲ့တယ်..၊ ဟောဒီမှာ ကြည့်ပါလား.. နဖူးခေါင်းမှာ တုတ်ထိုးခံခဲ့ရတယ်.."

"ကျားဆိုး ကျားမိုက်ဟုတ်လား.."

"ဟုတ်တယ်.."

"ဟာ ဒါဆို ဘာမှမပူပါနဲ့ ခုပဲ ပြန်သွားကြည့်ကြမယ်.."

ကျားကြီးမှာ ကြောက်ကြောက်လန့်လန့်နဲ့ ပြန်လိုက်ခဲ့ရပြန်တယ်..။

မကြာမီမှာ ကိုကုန်းနဲ့ ကိုကန်းတို့ရှိရာ သစ်ခေါင်းနားသို့ ရောက်ခဲ့ကြတယ်..။

"အဆွေကျား ဘယ်နားမှာလဲဗျ.."

မြေခွေးက မေးရာ ကျားကြီးက ဟိုဟိုဒီဒီ ကြည့်လိုက်ပြီး သစ်ခေါင်းကို လှမ်းတွေ့လိုက်ရာက..

"ဟော ဒီ သစ်ခေါင်းထဲမှာပဲဗျ.."

"ဟင်.."

မြေခွေးမှာ အံ့ဩသွားသလို ဖြစ်သွားတယ်..၊ ကျားကြီးက သစ်ခေါင်းကို လက်ညှိုးထိုးညွှန်ပြတယ်..။

တရွေ့ရွေ့နဲ့ သစ်ပင်ခေါင်းနား ရောက်သွားခဲ့ကြတယ်။ ရောက်တာနဲ့ မြေခွေးက သူ့အမြီးကို သစ်ပင်ခေါင်းထဲ ထိုးသွင်းလိုက်တယ်..။

ချက်ချင်းပဲ သစ်ခေါင်းထဲက ကိုကန်းက သူ့အမြီးကို တအားကုန် ဆွဲထားလိုက်တယ်..။

ကိုကုန်းကလည်း ကျားကြီးကို နဖားထိုးခဲ့တဲ့ တုတ်တစ်ပိုင်းနဲ့ ပြန်ထိုးလိုက်တယ်..။

ဒီတစ်ခါ ကိုကုန်း ထိုးလိုက်တဲ့ သစ်သားချောင်းမှာ ကျားကြီးရဲ့ စအိုကို ထိုးမိပြီးသားဖြစ်ရင်းက တစ်ပိုင်းပါ ပြတ်ကျန်သွားခဲ့ရပြန်တော့ တယ်..။

အဲဒီအခါမှာလည်း တအားကုန် ကြောက်လန့်ပြီး..

"မြီးဆွဲဖင်ထိုးဟော့.."

ကုန်းအော် ထွက်ပြေးခဲ့ကြ ပြန်တယ်..။

အဲဒီလို ပြေးကြရင်းက တစ်ခုရဲ့ တောကြီးဆီကို ရောက်ခဲ့ကြပြန် တယ်..။

အဲဒီမှာတော့ **မျောက်တစ်ကောင်နဲ့** တွေ့ကြရတယ်..။

မျောက်ကလည်း ကျားနဲ့ မြေခွေး သေပြေး ပြေးလာခဲ့ကြတာကို မြင်လိုက်ရတော့ မနေနိုင်ဘဲ အလောတကြီး မေးလိုက်မိပြန်တယ်..။

"ဘာ ဘာဖြစ်လို့လဲဗျ.. ပြော ပြောစမ်းပါဦး.."

"ကြောက် ကြောက်.."

"မကြောက်ပါနဲ့ ဒီနေရာဟာ ငါ့နယ်မြေပါ..၊ ဘာမှမဖြစ် ပါဘူး..၊ မေးတာသာ ဖြေပါဗျာ.."

ဒီတော့ မြေခွေးနဲ့ ကျားမှာ အနားရပြီး သူတို့ ဖြစ်ခဲ့ရပုံ ဇာတ်စုံကို ပြောပြနိုင်ကြတော့တယ်..။

ဇာတ်စုံ ခင်းပြီးတာနဲ့ မြေခွေးက မျောက်ကို နောက်ဆုံး စကား ပြောကြားလိုက်တယ်..။

"မိတ်ဆွေ မျောက်.. ဒီမိတ်ဆွေကျားမှာ ငါးစင်ရိုင်းကဲ့သို့ မုတ်ဆိတ် မွေးပါတယ်.. ကျုပ်မှာတော့ ဆင်မှာကဲ့သို့တော့ မဟုတ်ပါဘူး.. ဒါပေမယ့် မြီးလုံးတစ်ခုတော့ ပါလာခဲ့တယ်ဗျ.. ဟောဒီ မှာ.."

မြေခွေးက မျောက်ကို ပြောလည်းပြော ပြလည်းပြလိုက်တယ်..။

ဒီတော့ မျောက်လည်း အသာလက်ကာ ပြရင်းက..

"အေး တို့အတူသွားကြမယ်..၊ တစ်ယောက်ကိုတစ်ယောက် စိတ်ချရအောင် တို့အမြီးတွေ ချည်နှောင်ထားပြီးသွားကြစို့ရဲ့.."

"ကောင်းပြီလေ.."

အားလုံးသဘောတူပြီး အမြီးတွေကို ချည်နှောင်လိုက်ကြတယ်..။

ပြီးတော့ ကိုကုန်းနဲ့ ကိုကန်းတို့ရှိရာ သစ်ပင်ခေါင်းဘက်ဆီ လာခဲ့ကြပြန်တယ်..။

သူတို့ သုံးဦးလာခဲ့ကြတာကို လှမ်းမြင်လိုက်ရတော့ ကိုကန်းက သစ်ပင်ခေါင်းထဲက ထွက်ပြေးသွားပြီး သစ်ပင်ထိပ်ဖျားဆီ ပြေးတက်လို့ သွားခဲ့တယ်..။

ကိုကုန်းနဲ့ ကိုကန်းတို့ သစ်ပင်ထိပ်ဖျားသို့ တက်မိတက်ရာ တက်ပြေးခဲ့ကြတယ်..။

"ဖောင်း.. ဒိုင်း.."

မကြာပါ အခွေးကိုင်းကို ကိုင်မိတော့ သစ်ကိုင်းပေါ်မှ ပြုတ်ပျက်လို့ ကျသွားရတယ်..။

ကျမယ့်ကျတော့လည်း သုံးပွင့်ဆိုင် မြေခွေး၊ ကျား၊ မျောက်တို့ ကိုယ်ပေါ်မှ ကျခဲ့ရတော့တယ်..။

"အမယ်လေး.. သေပါပြီဗျ.."

သုံးဦးသားမှာ ကြောက်လန့်အော်ဟစ် ပြေးထွက်သွားကြရတော့တယ်..။ ခဏကြာတော့ မြေခွေးတစ်ကောင်တည်း အတွဲပြုတ်ထွက်သွားခဲ့တယ်..။

မြေခွေးမှာ ပြေးရင်းက သစ်ငုတ်တစ်ခုနဲ့ ဆောင့်မိပြီး သေဆုံးသွားခဲ့ရတယ်..။

ကျားနဲ့ မျောက်မှာလည်း အမြီးချင်းချည်ပြီး တစ်ပူးတည်း ထွက်ပြေးခဲ့ကြရတယ်..။

အဲဒီ မျောက်နဲ့ကျားတို့မှာကျတော့ ကျားက အားရှိတယ်.။ ဒါကြောင့် ကျားက ဆွဲငင်ထွက်ပြေးတာကြောင့် မျောက်မှာ သစ်ပင်နဲ့တိုက်မိပြီး သေဆုံးခဲ့ရတယ်..။

ကျားမှာလည်း ပြေးရင်းက အမောဆို့ သေဆုံးသွာခဲ့ရတယ်..။

ကိုကုန်းနဲ့ ကိုကန်းတို့မှာ နောက်ဆုံးမှာတော့ သစ်ပင်ခေါင်းထဲက ရတနာတွေ ထုတ်ယူကာ ချမ်းသာစွာနဲ့ အိမ်ပြန်လာခဲ့ကြပါတော့တယ်..။

ခုတော့ လူမစွမ်း နတ်မ ဘဝမှ..

ငွေအသပြာကြောင့် တစ်ခါ လူရာဝင်ကြပါလိမ့်မယ်လေ...။

□□□ □□□ □□□

## ၉။ အပျော်ခရီးမှာ အဆစ်ပါသွားတယ်
(ရခိုင်ရိုးရာပုံပြင်)

ဟိုတုန်းက ဖြစ်ပါတယ်..။

ရွာတစ်ရွာနဲ့ မနီးမဝေးမှာရှိတဲ့ လယ်ကွင်းတစ်နေရာမှာပဲ ဖြစ်ပါတယ်..။

သံဦးထုပ်ရ သရဲတစ်ကောင် ရှိပါတယ်..။

အဲဒီသရဲဟာ သူ့လယ်ကွင်းပိုင်နက်ထဲ ဝင်လာသူတွေကို ဘယ်သူ့ကိုမှ အလွတ်မပေး..။

သူ့ဆန္ဒရှိတဲ့အတိုင်း ခြောက်လှန့်ချင် လှန့်တယ်..၊ ကြောက်လန့်သူကို ဖမ်းစားချင် ဖမ်းစားပစ်တယ်..။

သူတို့ရှာဖွေခဲ့တဲ့ သားငါးတွေကို လုယူစားသောက်ပစ်ချင် စားပစ်တတ်တယ်..။

ဒီလိုနဲ့ မင်းမူ သောင်းကျန်းနေတော့တယ်..။ သရဲဟာ လူသားတွေကို အမြဲမပြတ် ဗိုလ်ကျစိုးမိုးလို့ နေတော့တယ်..။

"ဟေ့.. သရဲရှိတယ် မသွားနဲ့.."

"သရဲက ဘယ်သူ့ကိုမှ ချမ်းသာမပေးဘူး.."

လူသားအားလုံးတို့မှာ သရဲရန်ကြောင့် စိုးရိမ်ဗျာပါဒရှိလို့ နေကြတော့တယ်..။

အဲဒီလယ်ပြင်ကို ဘယ်သူမှ မထွန်ယက်ဝံ့ကြတော့ဘူး..။

တချို့က အရဲစွန့်ပြီး သရဲကို ကြက်၊ အရက်စတာတွေနဲ့ ပသပြီး တင်မြှောက် လုပ်ကိုင်ကြတယ်..။

ဒါပေမယ့် သူ့ရန်က မလွတ်ပါ။ နှောင့်ယှက်ခံရစမြဲပဲ ဖြစ်ပါတယ်။

"ဟ မလွယ်ဘူး ဟ.."

ကျွေးမွေးသမျှကိုစား၊ ကြမ်းကြမ်းရမ်းရမ်း စားသောက်ပစ်ပြီး..၊ လူကို ရန်ပြုစမြဲပဲ ဖြစ်ပါတယ်..။

ဒါကြောင့် တစတစနဲ့ သရဲသတင်းက ကြီးသည်ထက်ကြီးလို့သာ လာပါတော့တယ်..။

ဒီလိုနဲ့ သရဲသတင်းကို ကျင်သန် (နပန်းသမား) နှစ်ယောက်က ကြားလာခဲ့ရတယ်..။

ကျင်သန်မှာ နပန်းသမားကဲ့သို့ သန်မာကြံ့ခိုင်သူကို ခေါ်တယ်..။

ဟိုတုန်းကတည်းက ရခိုင့်တို့ဒေသမှာ ကျင်မတတ်သူဟာ ယောကျ်ားမပီသူတွေပဲ ဖြစ်တယ်..။

ကျင်သန်တွေဟာ ပွဲတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပမာ အများတွေကြားရေပန်းစား ကျော်ကြားသူတွေပဲ ဖြစ်ကြတယ်..။

သန်မာ ထွားကြိုင်း ကြတယ်..။

အဲဒီကျင်သန်တို့ တောင်ကိုသွားပြီ ဝါးခုတ် ထမ်းလာတဲ့အခါ သူတို့ ဝါးလှိုင်း(ဝါးစည်း) အောက်ဖက်က ကျတဲ့ဝါးလုံးတွေဟာ အကုန်ကွဲခြမ်း နေတဲ့အထိ ဖြစ်နေတတ်တယ် ဆိုရိုးစကားရှိတယ်လေ..။

ကျင်သန်ဆိုတာ တကယ့်လူတွေထဲက လူစွမ်းလူသန်ဆိုတဲ့ လူတွေ ပဲပေါ့..။

ဒါနဲ့ သူတို့က အဲဒီလယ်ကွင်းထဲကို ထွန်ယက်လုပ်ကိုင်ဖို့ လိုက်လာ ခဲ့ကြတော့တယ်..။

အစ်ကိုဖြစ်သူမှာတော့ အိမ်ထောင်ရှိသူ ဖြစ်ပါတယ်..။

တစ်ယောက်မှာတော့ လူပျိုလူလွတ် ဖြစ်ပါတယ်..။

အဲဒီ ကျင်သန်ညီအစ်ကိုနှစ်ယောက်ဟာ အဲဒီသရဲရဲ့ လယ်ပြင်ကို မကြောက်မရွံ့ ထွန်ယက်လုပ်ကိုင်ကြပါတော့တယ်..။

"မင်းထက်မိုက်လို့ လုပ်တာကွ.."

"သတ္တိရှိရင် စမ်းကြည့်လေ.."

ကျင်သန်ညီအစ်ကိုတို့က ဗလအားကိုးနဲ့ ကြိမ်းမောင်းပြောဆိုလို့ နေကြတယ်..။

သရဲမှာလည်း ဒီညီအစ်ကိုနှစ်ယောက်ကို အမျိုးမျိုး ခြောက်လှန့်လို့ နေတယ်..။

ကိုယ်ထင်ပြ ခြောက်လှန့်လို့နေတယ်..။ ဒါပေမယ့် သူတို့က ကြောက်ရွံ့ဖို့ကို နားလည်သူတွေမဟုတ်..။

ကြောက်မွေးပါရင် ဓာဂနာနဲ့ နုတ်ပစ်မယ်ဆိုသူမျိုးတွေပဲ ဖြစ်နေကြပါတော့တယ်..။

သရဲမှာ ထွက်ပြေးရမတတ် ခံစားလို့ နေနေရတယ်..။

တစ်နေ့မှာတော့ ကျင်သန့်ညီအစ်ကိုနှစ်ယောက်တို့ဟာ သရဲကြီးမှီခိုနေတဲ့ သစ်ပင်ကြီးနားကို ချဉ်းကပ်သွားကြတယ်..။

ပြီး အဲဒီနားမှာ ကန်သင်းပေါက်တစ်ခုကို ဖာထေးလို့ ပိတ်ဆည်နေကြတယ်..။

သရဲကြီးက ကျင်သန့်တို့ ညီအစ်ကိုတွေ ဆည်သမျှမြေကို ဖယ်ထုတ်ပစ်နေတယ်..။

လုပ်သမျှ အရာမထင်ဖြစ်လို့နေ နေတယ်.. ကျင်သန့်တို့ စိတ်တိုလာတယ်..။

အကောင်အထည်ကို လိုက်ရှာပေမယ့် မမြင်ရဘူး.. ဒီတော့ ပိုပြီး စိတ်တိုလာကြတယ်..။

"သတ္တိရှိရင် ထွက်ခဲ့စမ်း ဟေ့ သရဲရဲ့.."

"မိုက်ရင်ကိုယ်ထင်ပြစမ်းကွာ.."

"ဘယ်လိုလဲ.. သတ္တိမရှိဘူလား ဟေ့ သရဲရဲ့.."

ကြာတော့ သရဲ စိတ်မရှည်နိုင်ဖြစ်ပြီ..။

လျှပ်တစ်ပြက် ပေါ်လာရင်းက..

"အေး.. ညဥ့်ဘက်မှာ တွေ့ကြတာပေါ့ကွာ.."ဟု ပြောရင်း ပျောက်ကွယ်လို့သွားခဲ့တယ်..။

ကျောင်းသန်တွေမှာ မချင့်မရဲနဲ့ ကျန်ရစ်ခဲ့ကြတယ်..။

ဒါကြောင့် အိမ်မပြန်ဖြစ်ကြဘဲ နေအဝင်ကို စောင့်ဆိုင်း နေနေကြတော့တယ်..။

အလုပ်ကို စိတ်မဝင်စားတော့ဘဲ သရဲနဲ့ ရင်ဆိုင်ခွဲဖို့ကိုပဲ စိတ်ဖွဲ့ဆန္ဒပြင်းပြလို့ နေနေကြပါတယ်..။

ဒီလိုနဲ့ နေဝင်သွားခဲ့တယ်..။

သူ့ကတိအတိုင်းပါပဲ.. နေဝင်သွားတဲ့အခါ သရဲကြီးဟာ ရောမလူကြီးတစ်ယောက်ပမာ ထွက်ပေါ်လို့လာခဲ့တယ်..။

တစ်ပါတည်း နပန်းပါ ဖက်လုံးလာတော့တယ်..။

"ဟော့.. ချဟ"

"ကဲ .. သေပေရော့.."

သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေသတ်ပုတ်လို့ နေကြပါတော့တယ်..။ အချိန်က တရွေ့ရွေ့ကုန်လို့လာခဲ့တယ်..၊ ဒီလိုနဲ့ ညဥ့်ဦးအချိန်မှာတော့ သရဲက အကျနည်းပြီး ကျောင်းသန်တွေက အကျအလဲများလို့နေခဲ့တယ်..။

ဒါကြောင့် သူတို့ဟာ ဉာဏ်ကို အသုံးချရတယ်..။ နှစ်ယောက်လုံး မဝင်ဘဲ တစ်ယောက်တစ်လဲ သတ်ပုတ်ကြတယ်..။

ဒီလိုနဲ့ တစ်ယောက်ညှောင်းက တစ်ယောက်က ဝင်လုံးရင်း ကြံ့ကြံ့ခံနေကြတယ်..။

တစ်စစနဲ့ ညဥ့်က ပိုနက်လာတယ်.. သရဲက ပိုသန်လို့ လာခဲ့တယ်..။

ညီအစ်ကိုနှစ်ယောက်မှာ မချိမဆန့်အလူးအလဲ လုံးထွေး သတ်ပုတ်လို့နေ နေရတယ်..။

ဒီလိုနဲ့ ညဥ့်နက်မှ သန်းခေါင်သန်းလွဲဖြစ်လို့ လာခဲ့တော့တယ်..။

ဒီတော့ သရဲမှာ မချိမဆန့်ဖြစ်လာခဲ့တယ်..၊ အလဲအကွဲ အထူးများ လာတယ်..။

သန်းခေါင်သန်းလွဲမှ မိုးလင်းရောင်ဖြူလာချိန် တစ်ချိန်မှာတော့ သရဲမှာ ဘာမှမတတ်သာတော့ဘဲ ပြေးပေါက်ကိုသာ ရှာပါတော့တယ်..။

ကျင်သန်တွေက အလွတ်မပေးဘဲ ဖိပြီး ပိတ်ဆို့လုံးထွေး သတ်ကြတယ်..။

သရဲမှာ ကြောက်ကြောက်နဲ့ ထွက်ပြေးဖို့သာ ကြံနေတာကြောင့် သူ့ဦးခေါင်းထက်က ဦးထုပ်မှာ ကျွတ်ကျလို့ သွားရရှာတော့တယ်..။

"ဟာ သွားပြီ.."

ဒီတော့ သရဲမှာ ကိုယ်မဖျောက်နိုင်ရှာတော့..

ပြေးလည်း မပြေးနိုင်တော့ပါ..

"ဟင်း တွေ့ကြပြီပေါ့ကွာ.."

ကျင်သန့်ညီအစ်ကိုတို့ဟာ ကိုယ်ရောင်မဖျောက်နိုင်.. မပြေးနိုင်တဲ့ အဲဒီသရဲကို အသေသတ်ပစ်ဖို့ လုပ်ကြတယ်..။

အဲဒီအခါ သရဲက သနားစဖွယ် စကားဆိုလာခဲ့တယ်..။

"အသင်တို့ ကျုပ်ကို မသတ်ကြပါနဲ့ အသင်တို့ ခိုင်းသမျှကို ကျုပ် လုပ်ကိုင်ပေးပါ့မယ်.. အသက်ကို ချမ်းသာပေးပါ."

အကြိမ်ကြိမ်ပြောဆိုပြီး ရှိခိုးတောင်းပန်လာတယ်..။

ကျင်သန့်ညီအစ်ကိုတို့မှာ သံဦးထုပ်ကိုရထားပြီမို့ အကွက်ပိုင်ပြီးသား ဖြစ်နေတော့တယ်..။

ဒါကြောင့် စိတ်ကိုလျှော့ပြီး သရဲရဲ့ တောင်းပန်ချက်အတိုင်း အသုံး ချဖို့အတွက် အိမ်ကို ခေါ်လာခဲ့ကြတော့တယ်..။

"အေး.. ဒါဖြင့် မင်းလိုက်ခဲ့တော့.."

"ဟုတ်ကဲ့ပါ ခင်ဗျာ.."

ခုတော့ သရဲဟာ ညင်သာပျော့ပျောင်းလို့ နေပါတော့တယ်..။

ဒီလိုနဲ့ သူတို့အိမ်ကို ရောက်ခဲ့ကြတယ်..။ သရဲဦးထုပ်ကိုတော့ ပင်စိမ်းရွက်နဲ့ တောင်းထဲထည့်အုပ်ထားလိုက်ကြတော့တယ်..။

သရဲဟာ အဲဒီပင်စိမ်းနံ့ကို မခံနိုင်တာကြောင့် ဝေါင်းထဲမှာရှိတဲ့ မိမိရဲ့ သံဦးထုပ်ကို ဘယ်လိုမှ ချဉ်းကပ်မယူခဲ့နိုင်ဘူး··။

ဒါကြောင့် ကျင်သန်ညီအစ်ကိုတို့ ခိုင်းသမျှအလုပ်ကို လုပ်ကိုင်လို့ နေနေ ရပါတော့တယ်··။

"အတုန့်အလှည့်ဆိုတာ ဒါပဲကွ··"

"ခုတော့ မင်း ဘာတတ်နိုင်သေးလဲ ဟင်း··"

ဒီလိုနဲ့ နှစ်တွေလတွေ ကြာညောင်းလာခဲ့တယ်··။

ကြာလာတဲ့အခါ ကျင်သန်ညီအစ်ကိုတို့ဟာ အဲဒီသရဲကို လူ တစ်ယောက်ပမာ ခင်မင်ကြင်နာလို့ သွားကြတော့တယ်··။

အလွန်ကဲဆုံးက အစ်ကိုကျင်သန်ရဲ့ ဇနီးဖြစ်သူက သူ့ကို ဆန်ဖွပ်စေ တယ်··။ ထင်းပေါက်စေတယ်··။ ရေခပ် လျှော်ဖွပ်စေတယ်··။

အားလုံးအလုပ်ကြမ်းကို လုပ်ကိုင်ပေးရတာကြောင့် သူ့အဖို့ ကူဖော် လောင်ဖက်ရတာကြောင့် ပိုမိုပြီး ခင်မင်သံယောဇဉ် ကြီးမိတော့တယ်··။

သရဲကလည်း အကင်းပါးလှတယ်··။ မိမိကို အရေးပေးခင်မင်နေ တာကို သိရတဲ့အခါ သူ့လွတ်ရေးကို စဉ်းစားတွေးတောမြဲ တွေးတော ကြံဆလို့ နေနေရှာတယ်··။

"တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဟေ့··"

ဒီလိုနဲ့ တစ်နေ့မှာ သရဲကြံဆလာတယ်··။

အစ်ကိုဖြစ်သူရဲ့ဖနီးကို ချဉ်းကပ်လိုက်ပြီး··

"မမ မမ··"

"ဟင်·· ဘာလဲ ဘာလဲဟင်··"

"ဟို ဟို··"

"ဘာလဲ ပြောလေ··"

"ဟို ဟို တောင်းထဲက ကျုပ်ရဲ့ သံဦးထုပ်ကို ခဏလောက် ပြစမ်းပါ ကျုပ်အောက်မေ့လို့ ခဏကြည့်ပါရစေဗျာ··"

"မလုပ်ပါနဲ့ကွယ်·· မောင်တော်သိရင် စိတ်ဆိုးပါဦးမယ်··"

"ဟာ·· ခဏလေးပါဗျာ·· မမကလဲ··"

ဘယ်လိုမှ သရဲကို ပြောလို့မရ ဖြစ်လာတယ်··။

သူမရဲ့ သနားတတ်တဲ့ အားနည်းချက်ကို သိထားပြီမို့ ပိုမိုပြီး ချွဲနွဲ့ပြလိုက်တယ်··။

နောက်ဆုံး သတိမေ့ပြီး သံဦးထုပ်ကို တောင်းထဲက ထုတ်ယူပြသမိတော့တယ်··။

သရဲဟာချက်ချင်း လေရဲ့လျင်မြန်နှုန်းနဲ့ သူ့ဦးထုပ်ကို လုယူလိုက်တော့တယ်··။

"ဟော့·· ကျွတ်ပြီဟော့··"

"ပေး ပေး ပြန်ပေး··"

သူမက စိုးရိမ်တကြီး တောင်းရှာတယ်.. ဒါပေမယ့် သရဲကတော့ ပြန်မပေးတော့ဘူး..။

"ဒီမယ် မမ ကျုပ်ကို နောက်ဆုံးဝအောင်သာ ကြည့်လိုက်ပါတော့.."

သရဲမှာ ချက်ချင်းပဲ ပျောက်ကွယ်လို့ သွားရှာတော့တယ်..။

ကျင်သန့်ရဲ့ဇနီးမှာ ငိုကြီးချက်မဖြစ်ကာ နောက်ဆက်တွဲ ပြဿနာတွေအတွက် ရတက်မအေးနိုင်ဘဲ ငိုပွဲဆင်နွှဲလို့သာ နေနေပါတော့တယ်..။

"အပျော့ချွဲမှာ အဆစ်ပါသွားတာ" ရင်နာရပေမယ့် သူမမှာ ဘာဆိုဘာမှ မတတ်နိုင်တော့ပါ..။

လာမယ့်ဘေး ပြေးတွေ့ရုံသာရှိပါတော့တယ်..။

□□□ □□□ □□□

## ၁၀။ အမေမှာ မှာတဲ့အတိုင်း
## (ရခိုင်ရိုးရာပုံပြင်)

တစ်ချိန်တုန်းက ဖြစ်ပါတယ်‥။

ရှေးအခါက ဖြူထွန်းဆိုတဲ့ လူတစ်ယောက်ဟာ တစ်ခွန်းတည်း ဖြစ်တဲ့စကားကိုသာ အသိအမှတ်ပြုတယ်‥။ အဲဒီ တစ်ခွန်းတည်း စကားနဲ့သာ အလုပ်လုပ်တတ်တယ်‥။ ထိုသူရဲ့ အကျင့်ဝါသနာက ဒီလိုပါ‥

သူ့ကို ဗေဒင်ဆရာက "ခင်ဗျား မျက်နှာမှာ ပင့်ကူမျှင်တန်းလျှင် ခင်ဗျား သေလိမ့်မယ်"ဟု ဟောထားခြင်းခံရသူဖြစ်တယ်။ ဖြူထွန်းက အသက်အရွယ်အနေနဲ့ နှစ်ဆယ်ကျော်လာသည့် တိုင်အောင် သူ့မျက်နှာမှာ ပင့်ကူမျှင်မတန်းသေးဘူး‥‥။ သူဟာ နွားကျောင်းသားဖြစ်တယ်‥။ နွားများနဲ့သာ တောတောင်များမှာ အချိန်ကုန်ခဲ့တယ်‥။

တစ်နေ့မှာ မိမိရရှိထားခဲ့သော ငွေသားတစ်ရာကျော်တို့ကို အိတ်တွင်ထည့်ပြီး နွားကျောင်းထွက်လာခဲ့လေတယ်‥။

သူ နွားကိုသာ ကျောင်းနေရတယ်‥။ တစ်နေ့ ပင်ကူမျှင်တန်းပြီး သေရမယ့်ဘေးကိုပဲ စဉ်းစားနေမိတယ်‥။

တစ်နေ့မှာ သူ့ရဲ့ နွားတစ်ကောင်ဟာ ချုံတောထဲသို့ ဝင်သွားခဲ့တယ်‥။

အပြင်က ခဲတွေနဲ့ ပစ်ပေမယ့် နွားဟာ ပြန်ထွက်မလာဘူး..။ ဒီအခါ ဖြူထွန်းဟာ တုတ်တစ်ချောင်းကိုကိုင်ပြီး နွားဝင်သွားတဲ့ ချုံထဲသို့ ဝင်လိုက်သွားလေတော့တယ်..။ ချုံတောထဲ နွားကိုရှာရင်းနဲ့ပဲ တစ်နေရာမှာ အမှတ်မထင် ပင့်ကူမျှင်တွေတန်းနေတဲ့ နေရာသို့ ရောက်သွားခဲ့တယ်..။ အဲဒီအခါ တစ်ခုသော ပင့်ကူမျှင်ဟာ သူ့ရဲ့မျက်နှာမှာ ဖုံးသွားလေတော့တယ်..။ ပင့်ကူမျှင်တန်းမိတာနဲ့ တစ်ပြိုင်နက် ဖြူထွန်းကား "ငါသေပြီ" လို့ဆိုကာ အဲဒီနေရာမှာ အိပ်နေတော့တယ်..။

ဖြူထွန်း အသက်ကို မှန်မှန်ရှူပြီး ငါတော့သေပြီလို့ အောက်မေ့ပြီး မျက်စိကို မဖွင့်ဘဲနေတယ်..။ နာရီပေါင်း အတော်အတန်ကြာတဲ့အခါ ဆင်ဦးစီးတစ်ယောက်ဟာ ဆင်တစ်ကောင်စီးပြီး ဖြူထွန်းအိပ်နေတဲ့နေရာသို့ ရောက်လာခဲ့တယ်..။ ဆင်ဦးစီးဟာ လမ်းဘေးမှာ လူတစ်ယောက် အိပ်နေတာနဲ့ ရှေ့သို့ဆက်ပြီး မသွားနိုင်တော့ဘဲ..

"ဟေ့လူ ဟေ့လူ ခင်ဗျား သေမှာမကြောက်ဘူးလား..။ ဒီမှာ ဆင်လာနေတာ မမြင်ဘူးလား" လို့ ဆင်ပေါ်မှ လှမ်းအော်ပြောလိုက်တယ်။

ဒါပေမယ့် ဖြူထွန်းက မလှုပ်ဘူး..။ အဲဒီအခါ ဆင်ဦးစီးဟာ ဆင်ပေါ်မှဆင်းပြီး ဆင်ပေါက်သောချွန်းနဲ့ ဖြူထွန်းကို တစ်ချက်ပေါက်လိုက်တယ်..။ ဖြူထွန်းမှာ အဲဒီအခါ ရုတ်တရက်ထပြီး "ဟာ.. ဆရာ့ချွန်းဟာ သေတဲ့လူကိုတောင် ရှင်လာအောင် လုပ်နိုင်တာပဲ သိပ်တန်းဖိုးရှိတဲ့ ချွန်းပဲ" လို့ ဆိုလိုက်တယ်..။ အဲဒီနောက် ဖြူထွန်းကပဲ "ကျုပ်မှာ ငွေတစ်ရာကျော်ပါတယ်..၊ ခင်ဗျားချွန်း ကျုပ်ကိုရောင်းခဲ့ပါ..." လို့

ဝိုပြန်တယ်..။

ဆင်ဦးစီးလည်း ချွန်းတစ်လက်ကို ငွေတစ်ရာကျော်ရရှိမှာ ဖြစ်လို့ ငွေတစ်ရာကျော်နဲ့ လဲလိုက်တယ်..။

ဖြူထွန်းဟာ ချွန်းတစ်လက်ကိုကိုင်ပြီး "သေသူတွေကို ရှင်ရစေမယ်" ဆိုကာ ကြွေးကြော်ပြီး အရပ်တစ်ပါးသို့ ထွက်သွားခဲ့လေတယ်..။

တစ်ခုသောအရပ်မှာ သူဌေးကြီးတစ်ဦးရဲ့ တစ်ဦးတည်းသာရှိတဲ့ သမီးတစ်ယောက် သေလွန်နေရှာတယ်..။ တစ်ရွာလုံးရှိ လူများဟာ နှမြောတသလျက်ရှိတာကို ဖြူထွန်း သွားတွေ့လေတယ်..။

"ခင်ဗျားတို့ တစ်ယောက်မကျန် ငိုကြွေးနေကြပါကလား.. ဘယ်လိုအကြောင်းများကြောင့်ပါလဲ" လို့ ဖြူထွန်းက မေးလိုက်တယ်..။

အဲဒီအခါ အမေးခံရသူက..

"အကြောင်းကတော့ ဒီလိုပါ မိတ်ဆွေ.. ကျုပ်တို့ သူဌေးကြီးမှာ သမီးတစ်ယောက်ရှိတယ်..၊ ဒီကလေးမဟာ သိပ်ပြီးတော့ သဘောသကာယကောင်းတယ်..၊ သူအခုသေလွန်သွားတော့ တစ်ရွာလုံးတစ်နယ်လုံးက လူများ နှမြောတသ လွမ်းဆွတ်ငိုကြွေးခြင်း ဖြစ်ပါတယ်ခင်ဗျာ..."

ဖြူထွန်း အံ့အားသင့်သွားတယ်..။

"ဩော်.. ဒီလိုကိုး ဒီအတွက်တော့ ကိစ္စမရှိပါဘူး.. ကျုပ်ဆောင်ရွက်ပေးနိုင်ပါတယ်.." လို့ ဖြူထွန်းက ဆိုလိုက်တယ်..။

အမေးခံရသူမှာ ဘယ်လိုမှ သဘောမပေါက်ဘဲ..

''ခင်ဗျားက ဘယ်လိုများ ဆောင်ရွက်ပါမလဲ..၊ သေတဲ့လူက သေနေပြီပဲ'' လို့ ဆိုလိုက်တယ်..။

အဲဒီအခါ ဖြူထွန်းက

''ဒီသေတဲ့လူကို ကျုပ် ပြန်ရှင်လာအောင် ဆောင်ရွက်ပေးနိုင်ပါတယ်..၊ ဒါကို ဆိုလိုပါတယ်..'' လို့ ဆိုလိုက်ပြန်တယ်..။

အမေးခံရသူမှာ မယုံကြည်နိုင်ဘဲ တစ်သက်မှာ တစ်ခါသေသူကို ရှင်အောင် လုပ်ပေးနိုင်တယ်ဆိုတဲ့ စကားကို ကြားရလို့ တွေဝေနေတယ်..။ ဒီမှာ ဖြူထွန်းက သူ့မှာပါလာတဲ့ ချွန်းနဲ့ ထိလိုက်ပါက ပြန်ရှင်လာနိုင်ကြောင်း သူကိုယ်တိုင် ကိုယ်တွေ့ဖြစ်ကြောင်း ပြောပြတယ်..။

အမေးခံရသူ အဲဒီရွာသားမှာ သေလွန်တဲ့ အဲဒီ အမျိုးသမီးကလေးကို များစွာ ချစ်ခင်သူဖြစ်တယ်.. ဒီလိုနဲ့..

ထိုသူဟာ အတွေးတစ်ခု ပေါ်ပေါက်လာတယ်..။

''ငါတို့မှာ သေသောသူ ပြန်မလာရင်လည်း ပြီးတာပဲ..၊ ဒါပေမယ့် ဒီလူ့ကြောင့် ပြန်ရှင်လာရင်လည်း အမြတ်ပဲ'' လို့ စိတ်ကူးကာ အရပ်က လူတွေကို သွားရောက် ပြောကြားလိုက်တယ်..။

အရပ်က လူတွေမှာ အဲဒီစကားကို ကြားရတဲ့အခါ အံ့သြကာ ဝမ်းသာစွာနဲ့ ဖြူထွန်းကို လာကြည့်ကြလေတယ်..။

နောက်ဆုံး ထိုလူသေကောင်ကို သံကွန်ချာ ခုနစ်ထပ်အုပ်စေပြီး သူတစ်ယောက်တည်း ဝင်ရောက်သွားတယ်..။

အပြင်မှ ကြည့်နေသူတွေမှာ သူ့ဌေးသမီး ပြန်ရှင်လာမယ်ဆိုလို့

ဝမ်းမြောက်နေကြတယ်..။ ဖြူထွန်းဟာ သံကွန်ချာအတွင်းမှာ သူသေ ဦးခေါင်းကို တခွပ်ခွပ်ရိုက်နေလေတယ်..။ တစ်ချက် တစ်ချက်တွင် "အမယ် ထလာပြီ ထလာပြီ..၊ ဟာ ပြန်အိပ်သွားပြန်ပြီ" ဆိုတဲ့ အသံနဲ့ အတူ တခွပ်ခွပ်ရိုက်နေတဲ့အသံကို အပြင်မှာ စောင့်နေကြတဲ့သူတွေ ကြားကြရတယ်..။ ဒါပေမယ့် စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီသို့သာ ပြောင်း သွားတယ်..။ အဲဒီတခွပ်ခွပ် ရိုက်နှက်နေတဲ့ အသံမပျောက်ဘဲ ရှိရုံသာမက ပြန်ရှင်လာတာကိုလည်း မတွေ့ရတဲ့အခါ တချို့သူတွေက မယုံတဝက် ဖြစ်လာကြတယ်..။

ဒါကြောင့် တစ်ယောက်သောသူက အသာအယာ သံကွန်ချာကို လှစ်ပြီး ကြည့်မိတယ်..။ အဲဒီအခါမှာ ဖြူထွန်းရဲ့ ဇာမြစ်မှာ ပေါ်လာတော့ တယ်..။

သူလုပ်နေတာ လူသေကောင်ရဲ့ ဦးခေါင်း ညက်ညက်ကြေပြီး တစ်ချက်တစ်ချက် ချွန်းကုတ်နဲ့ ဦးခေါင်းအတွင်းကို ကုတ်ဆွဲမိပြီး.. "ထလာပြီ ထလာပြီ" လို့ ... အော်နေကာသာ ဖြစ်တော့တယ်..။

အဲဒီအခါ အရပ်သားတို့မှာ မခံမရပ်နိုင်ဖြစ်ပြီး ဖြူထွန်းကို ရိုက်နှက် ကြလေတယ်..။

တချို့ ပညာအမြော်အမြင် ရှိတဲ့သူများတွေက ဒီလူမှာ အရူး တစ်ယောက်ဖြစ်စရာရှိတယ်..၊ ဒါကြောင့် မရိုက်ကြနဲ့ဆိုပြီး တောင်းပန် ထားကြလေတယ်..။ အရပ်မှာ တချို့လူများတွေ "မင်း ဘာကြောင့် ဒီလိုလုပ်ရသလဲ" လို့ မေးတဲ့အခါ ဖြူထွန်းက "ထမင်း စားချင်လို့

လုပ်ပါတယ်''လို့ ဖြေလေတယ်..။ အရပ်သားတွေက ထမင်းဟင်းတွေ ပေးလိုက်ကြပြီး ''နောင် ဒီလိုမျိုးတွေ့ရင် ဝင်ပြီးငိုရတယ်..၊ ဒါမှ ထမင်းစားရတယ် မှတ်ထား''လို့ ဆိုပြီး ထိုသူကို နှင်လွှတ်လိုက်ကြတယ်..။

ဖြူထွန်းမှာ ''ငိုရင်ထမင်းစားရတယ်''ဆိုတဲ့ စကားကို မှတ်ထားပြီး အဲဒီနေရာက ခရီးဆက်ခဲ့တယ်..။ ဖြူထွန်း ခရီးထွက်လာရာ ရက်အတော်ကြာပြီဖြစ်ပေမယ့်..၊ ထမင်းကား တစ်နပ်မှ မစားရသေးပေဘူး..။

တစ်နေ့အခါမှာတော့ တောကြီးတစ်ခုထဲမှာ ကြက်တည်နေတဲ့ လူတစ်ယောက်အနီးသို့ ရောက်သွားလေတယ်..။ တောကြက်နဲ့ အိမ်ကြက် (တည်ကြက်)တွေမှာ တစ်ကောင်အနီးသို့ တစ်ကောင် ချဉ်းကပ်ပြန့် ခွပ်ခါနီး အခြေသို့ ရောက်နေကြတယ်..။

ကြက်တည်သူ ကြက်ဆရာမှာလည်း တောကြက်တစ်ကောင်က ညွတ်ကွင်းအနား ရစ်သီရစ်သီလုပ်နေတာ မြင်တော့ ကြက်တည်သမားတို့ရဲ့ ဝါသနာအတိုင်း ထိုင်ရမလို ထရမလို ကုန်းလိုက်ကွလိုက်နဲ့ စိတ်ပျော်မြူးနေလေတော့တယ်..။

ဖြူထွန်းဟာ မည်သူ့ကိုမျှ အရေးမစိုက်ဘဲ ကြက်တည်တဲ့ နေရာကို သွားရောက်ပြီး ပြင်းထန်စွာ ငိုကြွေးလေတော့တယ်..။

တောကြက်မှာလည်း လူသံကြားကတည်းက တောတွင်းသို့ ဝင်သွားလေတယ်..။

ဖြူထွန်းက အိမ်ကြက်အနီးမှာ ငိုကောင်းနေရာ ကြက်ရှင်မှာ မခံမရပ်နိုင်ဖြစ်ပြီး ပုန်းအောင်းနေရာမှ ထွက်လာခဲ့လေတယ်..။

"ဟေ့လူ ဘာလုပ်တာတုံး..၊ ဒါ ငိုစရာလား..၊ ဒါကြက်တည် နေတာ" လို့ ဆိုလိုက်တယ်.. "ကျွန်တော် ထမင်းစားချင်လို့ပါ.. ငိုရင် ထမင်း စားရတယ်ဆိုလို့ပါ" လို့ ဆိုလိုက်တယ်..။

ဒီတခါ ကြက်တည်သမားက "ဒီလို မငိုရဘူး ထမင်းစားချင်ရင် ချောင်းပြီး ကြည့်နေရတယ်.. တစ်သက်လုံးမှတ်ထား" လို့ဆိုပြီး အိမ်သို့ ခေါ်ကာ ထမင်းကျွေးမွေး လွှတ်လိုက်တယ်..။

ဖြူထွန်းမှာ ချောင်းပြီးကြည့်ရင် ထမင်းစားရတယ်လို့ မှတ်ယူကာ ထိုနေရာက ထွက်လာခဲ့လေတယ်..။ ဖြူထွန်း ခရီးဆက်ခဲ့ရာ ညနေ စောင်းပြီး ဖြစ်ပေမယ့် ထမင်းမစားရသေးချေ..။

သွားရင်း သွားရင်း တစ်ခုရဲ့ ချောင်းထဲတွင် မိန်းမတစ်ယောက် အဝတ်လျှော်နေတာကို တွေ့ရလေတယ်..။ ဒီအခါ ဖြူထွန်း အဝတ်လျှော် နေတဲ့ မိန်းမအနီးသို့ ချောင်းချောင်းပြီး သွားလေတော့တယ်..။

အဝတ်တွေလျှော်နေတဲ့ အမျိုးသမီးဟာ ယောကျ်ားတစ်ယောက် ချောင်းမြောင်းလျက် အနီးသို့ ကပ်လာတာကို မြင်လိုက်တဲ့အခါ များစွာ ကြောက်လာပြီး.. ငယ်သံပါအောင် အော်လိုက် လေတယ်..။ အမျိုးသမီးရဲ့ ယောကျ်ားမှာလည်း သူ့မယား အော်သံကြောင့် အနီးအနားသို့ ပြေးသွား လေတယ်..။

အနီးသို့ ရောက်တဲ့အခါ ထိုလူမှာ ချောင်းနေဆဲ ရှိသေးတာကို တွေ့ရလေရာ တစ်ချက်နှစ်ချက် ရိုက်မိလေတယ်..။ "မင်း ဘယ်လို လုပ်တာလဲ" "ကျွန်တော် ထမင်းစားချင်လို့ပါ" အဲဒီနောက် အကြောင်း

စုံမေးကြည့်တဲ့အခါ ညစာ ထမင်းမစားရသေးကြောင်း၊ ဒီလို ချောင်းကြည့်ရင် ထမင်းစားရတယ်လို့ ပြောလိုက်တဲ့ စကားကြောင့် ချောင်းကြည့်ရတာ ဖြစ်ကြောင်း ရှင်းပြလေတယ်..။

အိမ်ရှင်ယောက်ျားမှာလည်း ငိုအားထက်ရယ်အားသန် ဖြစ်ရတဲ့ အဖြစ်ကို သိရှိရလေရာ "မင်း ဒီလိုနေရာမျိုးမှာ ချောင်းမကြည့်ရဘူး.. အဝေးက တိမ်းရှောင်သွားရတယ် မှတ်ထား.." လို့ ပြောပြီးတော့ ထမင်းဟင်းတွေ ကျွေးမွေး လွှတ်လိုက်တယ်..။

ဖြူထွန်းမှာ ထိုနေရာမှ တဖန် ခရီးဆက်ခဲ့ပြန်လေတယ်..။ သူ့ရဲ့ စိတ်မှာကား တိမ်းရှောင်သွားရတယ်.. ဒါမှသာ ထမင်းစားရတယ်လို့ အောက်မေ့ နေလေတယ်..၊ သို့ဖြင့် ဖြူထွန်း ခရီးဆက်လက် သွားတဲ့အခါ အဘိုးကြီးနဲ့ အမယ်ကြီး လင်မယား ရန်ဖြစ်နေတာကို တွေ့ရလေသောအခါ၊ ဖြူထွန်းဟာ ဘာမပြောညာမပြော ခပ်ဝေးဝေးက ရှောင်တိမ်းသွားလေတယ်..။ အဲဘိုးကြီးနဲ့ အမယ်ကြီးမှာလည်း ခွဲဖို့ လူမရှိလို့သာ ရန်ဖြစ်ရတာ..၊ တစုံတစ်ယောက် ဝင်ရောက်ပြီး ရန်ပွဲခွဲရန်ကို စောင့်နေတယ်..၊ ဒါပေမယ့် အနီးမှ ဖြတ်သွားတဲ့ ဖြူထွန်းက လာပြီး မခွဲခဲ့..။ ဒါကြောင့် အဘိုးကြီးဟာ ရန်ပွဲကထပြီး ဖြူထွန်းအနီးသို့ သွားရောက်ပြီး "မင်း ဘာဖြစ်လို့ ငါတို့ ရန်ပွဲမှာ ဝင်မတားသလဲ..၊ မဖြန်သလဲ..၊ မင်းက ကြည့်ကောင်းလို့လား" လို့ မေးလိုက်လေတယ်..။

အဲဒီအခါ ဖြူထွန်းက "ကျွန်တော် ထမင်းစားချင်လို့ပါ" လို့ ဆိုလေတယ်..။

အဘိုးကြီးမှာ ဖြူထွန်းစကားကို ကြားရတဲ့အခါ "မင်း ထမင်းစားချင်ရင် ဒီရန်ပွဲမှာ အဘိုးလည်း တန်တော့ အမယ်ကြီးလည်း တန်တော့လို့ ဆိုပြီး ရန်ပွဲကို တားရမယ်..၊ မင်း ဒီလို ဝေးဝေးရှောင်သွားရင် ဘယ်သူလာပြီး ထမင်းကျွေးမှာလဲ တစ်သတ်မှတ်ထား" လို့ ဆိုပြီး ဖြူထွန်းကို ထမင်းဟင်းတွေ ကျွေးမွေးလွှတ်လိုက် ပြန်လေတယ်..။ ဖြူထွန်းမှာ ရန်ပွဲကိုတားရင် ထမင်းစားရတယ်လို့ မှတ်ယူပြီး အဲဒီနေရာမှ ခရီးထွက်လာခဲ့လေတယ်..။

အတန်ကြာ ခရီးထွက်လာတဲ့အခါ တစ်ခုသော ခြုံတောမှာ ကျွဲနှစ်ကောင် ခတ်နေတာကို တွေ့ရလေတယ်..။

အဲဒီအခါဖြူထွန်းမှာ ဒီရန်ပွဲကိုတားရင်..၊ ခွဲရင်တော့ ထမင်းစားရမှာပဲလို့ အောက်မေ့ပြီး "အဘိုးလည်း တန်တော့..၊ အမယ်ကြီးလည်း တန်တော့" လို့ ဆိုလျက် ကျွဲနှစ်ကောင် ခတ်နေတာကို တားလေတော့တယ်..။ ကျွဲနှစ်ကောင်ကား မရပ်..။ ဒီလိုတားရင်း တားရင်းနဲ့ ဖြူထွန်းမှာ ကျွဲချိုဖျားမှာ အသက်ပါသွား လေတော့တယ်..။

တယူသန် တသမတ်တည်း လုပ်ဆောင်တတ်သူတွေအတွက် သင်ခန်းစာ ပုံပြင်တစ်ပုဒ်ပဲ ဖြစ်ပါတယ်..။

□□□ □□□ □□□

## ၁၁။ ထိုက်တန်တဲ့လူ ရယူစေ

(ရခိုင်ရိုးရာပုံပြင်)

ရှေးသရောအခါ ဘုရင်တစ်ပါး ရှိသတဲ့··

အဲဒီဘုရင်ကြီးဟာ တစတစနဲ့ အသက်အရွယ်ကြီးရင့်လို့ လာခဲ့တယ်··။

ဒါကြောင့် သူ့သားငယ်အား နန်းတင်ပြီးတော့ သူကိုယ်တိုင်က ဥပုသ်ဆောင် ဝင်လို့ နေခဲ့တော့တယ်··။

မင်းသားငယ်အားလည်း တိုင်သူပြည်သားများက··

"အရှင် ဘုရင်လေး··· အရှင်ဟာ သိပ်ကို ငယ်ပါသေးတယ် အရှင့်ကို အရှင့်ဖခင်က တစ်နေ့မှာ သတ်ပစ်ပြီး နန်းကို ပြန်ယူလိမ့်မယ်·· အရှင်ဘုရင်လေးဟာ အလွန်မတန် အသက်ငယ်သေးတဲ့အတွက် ဘယ်လိုမှ ခုခံကာကွယ်နိုင်မှာ မဟုတ်ဘူး··၊ ဒါကြောင့် အဲဒီ အခက်အခဲတွေကို ဘယ်လို ဖြေရှင်းမှာပါလဲ အရှင်··"

သို့ကလို လျှောက်တင်လို့ လာခဲ့ကြတယ်··။

ဘုရင်ငယ်လေးမှာ တွေးတော ဝေခွဲမရဖြစ်ရပါတော့တယ်··။

တစ်နေ့မှာတော့ ဘုရင်ငယ်လေး စဉ်းစားလာမိတယ်··။

"တိုင်းသူပြည်သားတွေ ပြောကြတဲ့စကားဟာ တကယ် ဟုတ်မှန်မှာပါပဲ.. ကျုပ်ရဲ့ ဖခမည်းတော်ဟာ ကျုပ်ကို လိမ်လည်ပြီး နန်းတင်ထားတာဖြစ်မှာပါပဲ..၊ ဒါကြောင့် ဒီကိစ္စကို စုံစမ်းကြည့်မှပဲ ဖြစ်လိမ့်မယ်"

စဉ်းစားလာရင်းက ဖခမည်းတော်ရှိရာ ဥပုသ်ဆောင်ဆီသို့ ရောက်လာခဲ့တော့တယ်..။

ဖခမည်းတော်ဆီလည်း ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက် တွေ့ဆုံဖို့ ဝင်လျှောက်လိုက် ပါတော့တယ်..။

ဒါပေမယ့် သူ့ဖခမည်းတော်က သူလာတာကို မမြင်ဘဲ သူ့နှုတ်မှ တစ်စုံတစ်ခုကို တတွတ်တွတ်ရေရွတ်လို့နေတာ တွေ့လိုက်ရတယ်..။

ဒါကြောင့် သူနားစိုက်ပြီး ထောင်ကြည့်လိုက်တယ်.. "သားငယ်လေး ကျန်းမာပါစေ.. ချမ်းသာပါစေ.. ဘုန်းကံကြီးတဲ့ မင်းတစ်ပါးဖြစ်ပါစေ တရားနဲ့အညီ မင်းပြုနိုင်ပါစေ.. တိုင်းသူ ပြည်သားတွေကို ဆထက်ထမ်းပိုး အုပ်ချုပ်နိုင်ပါစေ.."

ဖခင်ဘုရင်ကြီးရဲ့ မေတ္တာပို့ဆုတောင်းသံကို သူကြားလိုက် ရပါတော့တယ်..။

"ဟင်.. ဘယ်နှယ့်ပါလိမ့်.."

ဘုရင်ငယ်လေး များစွာပဲ တုန်လှုပ်အံ့ဩလို့ သွားရပါတော့တယ်..။

"ကျုပ် စုံစမ်း ကြားနာမိခဲ့တာ မှားခဲ့ပြီထင်ပါရဲ့.."

သူတွေးလိုက်မိတယ်..။

"ဟုတ်တယ် ငါကြားစကားယုံစားမိပြီ.."

ဒီအတွေးဝင်လာတာနဲ့ ချက်ချင်းပဲ သူနောင်တရလိုက်တယ်..။ ဒါကြောင့် ချက်ချင်းပဲ သူ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်..။

သူမတ်တတ်ရပ်နေရာက ဖခင်ဘုရင်ကြီး ခြေရင်းမှာ ပြားပြားဝပ်မှောက်ချလိုက်တယ်..။

ပြီး.. ဖခင်ကြီး ခြေသလုံးကို ဖက်တွယ်ပြီး သူ့အမှားကို ဝန်ချလိုက်တယ်..။

ဖခင်ကြီးမှာ အံ့ဩမဆုံးဖြစ်သွားတယ်..

"ဩော်.. ဖြစ်ရလေ သားလေးရယ်.."

"သားကို ခွင့်လွှတ်ပါ ဖေဖေရယ်.."

"ဩော်.. ရပါတယ် သားရယ် အမှားကိုမြင် အမှန်ပြင်တာ သားလေးဟာ လူလိမ္မာပဲပေါ့ကွယ်.."

သို့ပေမယ့် သားငယ်မှာ လုံးဝ စိတ်မကောင်းရှာတော့ဘူး..။

ဖခင်ဘုရင်ကြီးက အထပ်ထပ် ဖျောင်းဖျဆုံးမစကားပြောပါတယ်..။

ဒါပေမယ့် သားတော်ဘုရင်ငယ်ဟာ သူ့ကိုယ်သူ လုံးဝ ခွင့်မလွှတ်နိုင်တော့ပါ..။

"ကျုပ်ဟာ ဒီနေရာ ဒီဒေသမှာ မနေသင့်တော့တဲ့ လူတစ်ယောက်ပါပဲ.."

သူ့စိတ်မှာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်စိတ်က အနိုင်ယူလို့ နေရှာတော့တယ်..။

ဒါကြောင့် ဖခင်ဘုရင်ကြီးထံ ခွင့်ပန်လိုက်တယ်..။ အတန်တန် တားတဲ့ကြားက သူ တိုင်းပြည်မှ ထွက်ခွာလို့ လာခဲ့ပါတော့တယ်..။

× × × × ×

ဒီလိုနဲ့ ခရီးဆက်ခဲ့တယ်..။

နန်းစွန့်ဘုရင်ငယ်လေးဟာ ဟိုရွာဒီရွာကို မထင်ရှားတဲ့ အရပ်သား အသွင်နဲ့ ခရီးဆက်ခဲ့တယ်..။

တစ်ရွာဝင် တစ်ရွာထွက် သွားလာလို့နေခဲ့တယ်..။ တစ်မြို့ဝင် တစ်မြို့ထွက် သွားလာလို့ နေခဲ့တယ်..။

ဒီလိုနဲ့ တစစနဲ့ တိုင်းပြည်တစ်ပြည်ကို ရောက်ခဲ့တယ်..။ မြို့စွန် တစ်နေရာမှာနေတဲ့ အိမ်တစ်အိမ်မှာ တည်းခိုခွင့်ရခဲ့တယ်..။

အဲဒီအိမ်က အဘွားအိုဟာ နေ့စဉ်နေ့တိုင်း ဘုရင့်သမီးအငယ်အတွက် ပန်းကုံးဆက်သရသူ ဖြစ်နေလေတော့တယ်..။

ဘုရင်ငယ်လေးဟာ ဘာကြောင့်မှန်းမသိ အထူးစိတ်ဝင်စားသွား တယ်..။

"အို.. စိတ်ဝင်စားစရာပဲ.."

တစ်နေ့မှာတော့ မနေနိုင်ဘဲ မေးမိတော့တယ်..။

"ဘွားဘွား ဘွားဘွားရဲ့ သခင်မဟာ ပြည့်ရှင်ဘုရင်မင်း မြတ်ရဲ့ သမီးတော်တွေထဲမှာ အဘယ်သမီးတော်များ ဖြစ်ပါသလဲ ဟင်.."

"သားလေး စိတ်ဝင်စားတယ်ပေါ့.."

အဘွားအိုက ရွှန်းလဲ့တဲ့ မျက်လုံးအစုံနဲ့ သူ့ကိုကြည့်ပြီး တုံ့ပြန်လာခဲ့တယ်..။

"ဟုတ်.. ဟုတ်ပါတယ် ဘွားဘွားရဲ့.."

"ဒီလိုကွယ့်သားရဲ့ ဒီသခင်မလေးဟာ သမီးတော် ခုနစ်ယောက်ရှိတဲ့အထဲက အထွေးဆုံး သမီးတော်လေးပဲ ဖြစ်တယ်..။ အလွန်တရာလည်း လှပလွန်းသူဖြစ်တယ်..။ သူ့မှာ ခင်ပွန်း၊ ကြင်ယာ မရှိသူလည်း ဖြစ်တယ်ကွယ့်.."

"ဟင်.. ဟုတ်လား ဘွားဘွား.."

"ဟုတ်တယ်ကွဲ့.. သူ့အစ်မတော်တွေဟာ ရာထူးရာခံရှိတဲ့ သူတွေနဲ့ အသီးသီး အိမ်ထောင်ပြုကြပေမယ့် သူကတော့ ဘာရာထူးရာခံကိုမှ မလိုလားဘဲ လားလားကို ငြင်းပယ်လို့ နေရှာတယ်ကွယ့်.."

"ဟင်.. ဟုတ်လား စိတ်ဝင်စားစရာပဲ.."

"အဲဒါ အမှန်ပဲကွယ့်.."

× × × × ×

နန်းစွန့်ဘုရင်လေးဟာ ဒီလိုနဲ့ စကားရောဖောရော လုပ်ရင်းက အဲဒီဘွားဘွားဖြစ်သူနဲ့အတူ ပန်းကုံးတွေကို ဝိုင်းကူသီကုံးပေးလေ့ ရှိခဲ့ပါတယ်..။

ဒီလိုနဲ့ အချိန်တွေ ကြာလာခဲ့ပါတယ်..။

တစ်နေ့မှာတော့ စိတ်ကူးတစ်ခုရပြီး ပန်းကုံးထဲမှာ စာတစ်စောင် ရေးထည့်လိုက်မိပါတယ်..။

မင်းသမီးလေးရဲ့ ဂုဏ်သတင်းနဲ့ ကျော်စောမှုအတွက် သူ့မှာ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး မေတ္တာသက်ဝင်မိကြောင်းတွေပဲ ဖြစ်ပါတယ်..။

ဒီလိုနဲ့ တစ်ဦးမေတ္တာ တစ်ဦးမှာ မေတ္တာသက်ဝင် ချစ်ကြင်မိကြတယ်..။

ဒီမှတ စစနဲ့ အကြင်လင်မယားဘဝ ရောက်ခဲ့ကြတယ်..။ ဒါပေမယ့် ဂုဏ်မဲ့သူမို့ အစ်မကြီးတွေက မတ်ငှတော်မောင်ကို သဘောမကျကြဘူးလေ..။

ဒါပေမယ့် အကြောင်းမဟုတ်ပါ..။

ကိုယ်ထင် ခုတင်ရွှေနန်းပဲ မဟုတ်ပါလား..။

× × × × ×

တစ်နေ့မှာတော့ အဲဒီတိုင်းပြည်က ဘုရင်ကြီးက တ စခန်း ထလာခဲ့တယ်..။

ဒါက တခြားတော့ မဟုတ်ဘူး..။

သူ့ သားမက်ခုနှစ်ယောက်ရဲ့ အစွမ်းကို အကဲစမ်းလိုခြင်းသာ ဖြစ်တယ်..။

"အင်း.. ဘယ်သူ ဘယ်လောက်ချွန်တယ်ဆိုတာ အကဲခတ်ရ သေးတာပေါ့လေ.."

အဲဒီလိုဆုံးဖြတ်ပြီး သမက်ခုနှစ်ယောက်ကို တစ်ယောက် ငွေတစ်ထောင်စီပေးပြီး မြင်းဝယ်ဖို့ ခိုင်းလိုက်တော့တယ်..။

"အဲ ... မင်းတို့ မြင်းတစ်ကောင်စီ သွားဝယ်ကြ.."

ဒီလို ဝယ်ခိုင်းပြီး ''အဲဒီမြင်းတွေနဲ့ ခုနစ်ရက်အတွင်းမှာ မြင်းပြိုင်ပွဲကျင်းပမှာ ဖြစ်ကြောင်း'' ပါ ထည့်ပြောလိုက်တယ်..။

''ဟင်း.. မလွယ်ကြောပဲ..''

''ပျော်စရာ ရွှင်စရာ ရင်ခုန်စရာတွေတော့ ဖြစ်ကုန်ပြီ..''

ဒီလိုနဲ့ သမက်တွေဟာ မြင်းတင်းကုပ်ရှိရာဆီသို့ သွားကြပြီး မြင်းဝယ်သွားခဲ့ကြတယ်..။

မြင်းတင်းကုပ်ကို ရောက်တော့ သူ့ထက်ငါ မြင်းအလှဆုံး အဝဆုံးကို ရွေးပြီး ဝယ်ကြတယ်..။

''ဟာ.. ဒီမြင်းယူမယ်..''

''ဘာဖြစ်လို့..''

''သူက ဝတယ်..''

''ဟာ.. ဟိုမြင်းယူမယ်..''

''ဘာဖြစ်လို့လဲ..''

''သူက လှတယ်..''

အကြီးခြောက်ယောက်မှာ မျက်စိနောက်လောက်အောင် ပျာယာခတ်ဖြစ်ပျက်လို့ နေနေကြတယ်..။

သာမန်ဆင်းရဲသားနဲ့ သာမန်အရပ်သားအသွင်အပြင်နဲ့ နန်းစွန့် ဘုရင်လေးကတော့ စဉ်းစားခန်းဝင်လို့နေရင်း အခိုက်မှာပဲ မြင်းတင်းကုပ်

ချောင်တစ်ခုက ပိန်ပေ့ မြင်းပိန်တစ်ကောင်ရဲ့ ညည်းတွားသံ ကြားလိုက်ရတယ်.. မြင်းပိန်က..

"အင်း.. ငါလဲ ဒုက္ခပဲ သိကြားမင်း စိုက်ထားတဲ့ တာဝတိံသာ နတ်ပြည်က ဥယျာဉ်မှာမှ အစာစားချင်နေမိတယ်..။ အခုတော့ သိကြားမင်းက လောက်လေးနဲ့ ပစ်ထည့်လိုက်လို့ ခြေနာခဲ့ချေပြီလေ..။ အင်း ဒါပေမယ့် နောက်သုံးလေးရက်လောက်ဆိုတော့ ငါ့ခြေနာပျောက်ကောင်းပါရဲ့..။ ဒီတော့မှ သိကြားမင်း ဥယျာဉ်မှာ ငါအဝ ထပ်စားပစ်ရဦးမယ်.."

မြင်းပိန်ရဲ့ ကြုံးဝါးသံကို ဘုန်းကံရှင်ပီပီ ကြားလိုက်ရတယ်..။

ဒါကြောင့် မြင်းပိန်လေးကို ဝယ်ပြီး ပြန်လာခဲ့တယ်..။

နန်းတော်ဆီရောက်တဲ့အခါ လူအများက သူ့ကို ပြက်ရယ် ပြုကြတယ်..။

အစ်မကြီးတွေကလည်း ညီမငယ်ရဲ့ ယောက်ျားအပြုအမူကို ပြောင်လှောင် သရော်ကြတော့တယ်..။

ဒါပေမယ့် ညီမထွေးဖြစ်သူတော့ ပြတ်သားတယ်..။

"အစ်မတို့..၊ ယောက်ျားဆိုတာ အသိဉာဏ်မြင့်မား သိရှိသူတွေပဲ ဖြစ်ပါတယ်..။ ဒါကြောင့် ယောက်ျားအလုပ်ကို မိန်းမအနေနဲ့ မလိုအပ်ဘဲ ဝင်မရှုပ်သင့်ပါဘူး..။ သူ့ ဆုံးဖြတ်ချက်အတိုင်း သူလုပ်ပါစေ.."

ညီမငယ်ဖြစ်သူက အပြတ်ပြောရှာတယ်..။

သူမတို့ဟာ သူမတို့ရဲ့ ယောက်ျားတွေရဲ့ လုပ်ရပ်ကိုသာ ချီးမွမ်းကျေနပ်လို့ နေကြတော့တယ်..။

ဒီလိုနဲ့ ခုနှစ်ရက်မြောက်နေ့ကို ရောက်လို့လာခဲ့တယ်..။

မြင်းပြိုင်ပွဲလည်း စတင်ရပါတော့မယ်..။

နန်းစွန့်ဘုရင်လေးဟာ သူ့မြင်းပိန်လေးကို ဆေးကုကာ အစာရေစာ ကောင်းကောင်းမွန်မွန် ကျွေးတာတွေကြောင့် ခုနှစ်ရက်မြောက်မှာ အကောင်းပကတိဖြစ်လို့ နေပါတော့တယ်..။

ဒီလိုနဲ့ မြင်းပြိုင်ပွဲကို စတင်ပါတော့တယ်..။

"ဟော့.. စပြီဟော့.."

ပြိုင်ပွဲစတာနဲ့ သမီးထွေးလေးရဲ့ယောက်ျား မြင်းကသာ အမြန်ဆုံး ဖြစ်လို့နေပါတော့တယ်..။

အစ်မကြီးတွေက ဒါကို မကျေနပ် ကဲ့ရဲ့ကြတယ်..။ မြို့သူ မြို့သား တွေကတော့ ကောင်းချီးသြဘာ ပေးကြတယ်..။. သမီးငယ်ရဲ့ ဖခင် ဘုရင်ကြီးကတော့ အကျေနပ်ကြီး ကျေနပ်နေတော့တယ်..။

သမီးထွေးလေး အနိုင်ရခဲ့တယ်..။

ဒါကို အကြီးဖြစ်သူတွေက မကျေနပ်ကြဘူး..။

"ဘယ်လို မြင်းရူးမှန်းမသိဘူး ကြက်ကန်း ဆန်အိုးတိုးတာ.."

"ဟုတ်တယ် ဒါကြောင့် နောက်တစ်ကြိမ်ပြိုင်ပွဲထပ်လုပ် ပေးရမယ်.."

ဒါကြောင့် သဘောတူလိုက်ရ ပြန်တယ်..။

ဖခမည်းတော် ဘုရင်ကြီးက အမိန့်တော်ချမှတ် ပြန်တယ်..။

ဒီတစ်ကြိမ်မှာတော့ မိမိတို့ အလိုရှိတဲ့ပစ္စည်းတွေ ယူဆောင်ပြီး သင်္ဘောတစ်စီးတည်းနဲ့ အတူတကွ အရောင်းအဝယ်သွားကြပေတော့..။

ဒီလိုနဲ့ ခရီးထွက်ခဲ့ကြတယ်..။

လမ်းခုလတ် ရောက်တဲ့အခါမှာတော့ သမီးထွေးရဲ့ ယောက်ျားဖြစ်သူက ပြောလာတယ်..။

"အကျွန်ုပ်အား ဒီလမ်းမှာပဲ ထားခဲ့ပါ..။ နောင်တော်ကြီးများ ပြန်တဲ့အခါကျမှ ပြန်ခေါ်သွားပါ.."

ဒါကြောင့် သူ့ကိုထားခဲ့တယ်..။ အကြီးတွေက ဆက်လက် ထွက်ခွာသွားခဲ့ကြတယ်..။

နန်းစွန့်ဘုရင်လေးဟာ ညဦးဘက်ရောက်တဲ့အခါ အမြင့်ဆုံး သစ်ပင် တစ်ပင်ရဲ့အောက်မှာ ညဥ့်အိပ်ဖို့ စိတ်ကူးရတယ်..။

ဒီအခါမှာ သစ်ပင်ပေါ်က ငှက်တွေက တစ်ကောင်နဲ့တစ်ကောင် စကားပြောဆိုလို့ နေကြတယ်..။

ဒါကို မင်းသားငယ်က နားလည်တယ်..။

"ဒီနေ့ ဘာနဲ့စားရမလဲကွ ငါတော့ ပတ္တမြားတစ်လုံးပဲ ဝါးမျို ခဲ့တယ်..။"

"ဟင်.."

သစ်ပင်အောက်နားက ကြားလိုက်ရသူမှာ အံ့ဩလို့သွားတယ်..။

ဒီလိုနဲ့ ငှက်တို့ ပြောဆိုနေကြတာကို မှတ်သားပြီး..၊ နားထောင်မြဲ နားထောင်၊ မှတ်သားမြဲ၊ မှတ်သားထားခဲ့မိတော့တယ်..။

နောက်တစ်နေ့ မိုးလင်းလို့လာခဲ့တော့ ငှက်တွေ ပျံသန်းသွားခဲ့ကြတယ်..။

ဒီအခါမှာ သမီးထွေးလေးယောက်ျားဖြစ်သူဟာ သစ်ပင်အောက်မှာ သစ်ရွက်တွေစုပုံပြီး မီးရှို့လို့ထားလိုက်တယ်..။

ဒီလိုနဲ့ ညဥ့်သို့ရောက်ခဲ့တယ်..၊ ငှက်တွေ ပြန်လာခဲ့ကြတယ်..။ ပြန်လာပြီး ငှက်တွေဟာ ပတ္တမြားစားတဲ့ငှက်က ပတ္တမြားကို နောက်ဖေး ယိုချတယ်..။ စိန်ရွှေကျောက်တို့ကို စားလာတဲ့ ငှက်က စိန်ရွှေကျောက်တို့ကို အောက်သို့ ယိုချကြတယ်..။

ဒီအထဲမှာ အလောင်းတော်ငှက်ပညာရှိက သတိပေးတယ်..။

"မောင်တို့ဟာ တယ်မိုက်ကြပါလား..၊ မိမိတို့ လုပ်ဆောင်မှုရဲ့ အကျိုးအကြောင်းကို အမြဲသတိထားရတယ်..၊ အောက်ကို ငုံ့ကြည့်ကြရမယ်...။ ကြည့်.. ဟောဟိုမှာ သင်တို့ရဲ့ ရတနာတွေကို လူသားတစ်ယောက် ကောက်ယူသွားခဲ့ပြီ.."

ငှက်အပေါင်းတို့မှာ အံ့ဩသင့်သွားကြတယ်..။

အောက်သို့ ငုံ့ကြည့်လိုက်တဲ့အခါ ပြောတဲ့အတိုင်း ဖြစ်နေတာ တွေ့လိုက်ရတယ်..။

"မောင်တို့မှားပြီ.."

အဲဒီအခါကစပြီး·· တောင့်ကတ်တွေဟာ မစင်ယိုခါနီးမှာ အောက်သို့ ငုံ့ကြည့်တတ်ကြတယ် ဆိုကြတယ် မဟုတ်လား··။ ဒါပေမယ့် အခုတော့ နောက်ကျခဲ့ကြတယ်··။

× × × × ×

ဒီလိုနဲ့ သမီးထွေးယောက်ျားလေးဟာ စိန်ရွှေကျောက်သံ ပတ္တမြားတွေယူပြီး သူ့ကို လာခေါ်မယ့် သင်္ဘောဆိပ်ကမ်းက စောင့်နေလိုက်တယ်။

မကြာခင်မှာ မင်းကြီးရဲ့ သမက်တော်တွေ ရောက်ရှိလို့လာခဲ့ကြတယ်··။

သူတို့မှာ ဘာပစ္စည်းတစ်ခုမှ ဝယ်လာခဲ့တာ မတွေ့ကြရဘူး··။ ဘာတစ်ခုမှလည်း ရခဲ့တာ မတွေ့လိုက်ရဘူး··။

ဒီလိုနဲ့ နန်းတော်ကို ပြန်ရောက်တော့ ဘုရင်ကြီးအား သမက်တော်လေးက သူ့ရတနာပစ္စည်းတွေကို ဆက်သလိုက်တယ်··။

ဘုရင်ကြီးမှာ လွန်စွာအားရကျေနပ်သွားပြီး ချီးကျူးစကား ဆိုလိုက်တယ်··။

"အိမ်း တော်ပါပေရဲ့ကွယ်··"

"ဒါနဲ့ အရှင်ဘုရား··"

"ဘာများ လျှောက်တင်မလဲ လျှောက်လေ··"

"ဖခမည်းတော်က ယောက်ျားတို့ အစွမ်းသတ္တိကို သုံးကြိမ် သုံးခါ စမ်းရမယ်ဆိုတဲ့စကား ရှိသေးတယ်လေ··"

"အိမ်း ဟုတ်ပေသားပဲ.."

အကြီးတွေက ဆိုလာတယ် ...။

ဘုရင်ကြီးက သတိရသွားပြီး နောက်ထပ် အမိန့်တော်မြတ် ချမှတ်လို့ လာပြန်ပါတယ်..။

"ဒီတစ်ကြိမ်မှာတော့ လှေနဲ့ခရီးထွက်ကြရမယ်.. လှေကြီးတစ်စင်း နဲ့ပဲ ဆင်စရာငွေတွေကို ဘဏ္ဍာတိုက်က ကြိုက်သလောက် ထုတ်ယူ သွားကြပေတော့.."

အမိန့်ချမှတ် လိုက်တယ်..။

ဒီလိုနဲ့ သမက်တော်အကြီး ခြောက်ယောက်တို့ ခရီးထွက်ခဲ့ ကြပြန် တယ်..။

သမက်ငယ်လေးကတော့ လှေတစ်စီးနဲ့ တစ်ဦးတည်း ဆန်ထွက် လာခဲ့တယ်..။

ခဝါဆိပ်တစ်ခု အရောက်မှာတော့ ခဝါသမားတစ်ဦးက မြွေ တစ်ကောင်ကို သတ်ပစ်မယ် ဟန်ပြင်နေတာ တွေ့လိုက်ရတယ်..။

"ဟေ့ ဟေ့.. မလုပ်ပါနဲ့.."

သမက်တော်လေးက ဟန့်တားလိုက်တယ်..။

"ဟင် ဘာဖြစ်လို့လဲ.."

"အသင် ခဝါသမား ဒီမြွေကို မသတ်ပါနဲ့ အသင့်ကို ငွေငါးရာ ပေးပါ့မယ်.."

"ဟင်.."

ခဝါသမားက မြွေကို မသတ်ဘဲ တအံ့တသြနဲ့ ငွေငါးရာကို လက်ခံပြီး လဲယူလိုက်တယ်..။

ဘုရင့်သမက်တော်လေးကလည်း မြွေကို လွှတ်လိုက်တယ်..။

"သင် သွားလိုရာ သွားပေတော့.."

မြွေကို လွှတ်ပြီး မကြာမတင်မှာပဲ ခရီးဆက်ခဲ့ပြန်ရာ..၊ သိပ် မကြာမီမှာ အလွန်လှပတဲ့ နဂါးမတစ်ကောင်ကို တွေ့လိုက်ရပြန်တယ်..။

နဂါးမက ငွေပဒေသာပင်တစ်ခုကို ကိုင်ပြီး ဘုရင့်သမက်တော်ကို စကားဆိုတယ်..။

"အသင်မင်းသားငယ် အသင်ဟာ လူသားတို့ထားအပ်တဲ့ မေတ္တာတရားနဲ့ ပြည့်ဝသူဖြစ်ပါတယ်..။ ငါဟာ နဂါးပြည်က ဖခမည်းတော် ဘုရင်ကြီးကို ခွင့်တောင်းပြီး လူ့ပြည်မှာ ဥပုသ်စောင့်နေခဲ့တာပါ..။ ငါ့ အသက်ကို သင်ကယ်လို့သာ အသက်ရှင်ခွင့် ရခဲ့တာပါ..။ ဒါကြောင့် ငါဟာ ဒီပဒေသာပင်နဲ့ ကန်တော့ပါရစေ.."

မြွေတစ်ဖြစ်လဲ နဂါးမငယ်က သူ့ကို ပြောဆိုကန်တော့ ရှာတယ်လေ..။

ဘုရင့်သမက်တော်ငယ်လေးဟာ ငွေပဒေသာပင်ကိုယူပြီး သူ့ရဲ့ မယားညီအစ်ကိုတွေကို ရှာဖွေတယ်..။ သူ့ညီအစ်ကိုတော်တွေဟာ

မတရားတဲ့ အမှုလွန်ကျူးနေတဲ့ နိုင်ငံတစ်ခုရောက်ပြီး..၊ အဲဒီတိုင်းပြည်မှာ အချုပ် အနှောင်ခံနေရတာကို ကြားသိလိုက်ရတယ်..။

ဒါကြောင့် ဘုရင့်သမက်ငယ်လေးဟာ အဲဒီ မတရားမှုတွေကို တိုက်ခိုက်ဖယ်ရှားပြီး လွတ်မြောက်စေခဲ့တယ်..။

ပြီး မိမိနိုင်ငံ ပြန်လာခဲ့တယ်..။

ဒီနောက်မှာတော့ ဘုရင်ကြီးအား ငွေပဒေသာပင်ကို ဆက်သလိုက်တယ်..။

"အင်း.. ဒါမှ ငါ့သားကွ.."

ဘုရင်ကြီးမှာ ဝမ်းသာအားရဖြစ်ရင်းက အများအကြိုက်နဲ့ အညီ သမက်တော်လေးနဲ့ သမီးထွေးကို တိုင်းပြည်နှင်းအပ် အုပ်ချုပ်စေခိုင်းလိုက်တော့တယ်..။

အားလုံးမှာ ဝမ်းသာ သာဓုခေါ်လိုက်ကြတယ်..။

❖

□□□ □□□ □□□

## ၁၂။ ငပျင်းရဲ့ဇာတ်လမ်း

### (မြန်မာ့ကျေးလက်ပုံပြင်ဇာတ်လမ်း)

တစ်ချိန်တုန်းက အခါတစ်ပါးမှာ လူတစ်ယောက်ရှိတယ်..။ သူ့ကို လူအများက ငဖျင်းလို့ ခေါ်ဝေါ်ကြတယ်..။ အဘယ့်ကြောင့် ဆိုသော် ထိုသူဟာ အလုပ်အကိုင်ရယ်လို့ ဘာတစ်ခုမှ မလုပ်သောကြောင့် ဖြစ်တယ်..။ ငဖျင်းရဲ့ မိန်းမနဲ့ ကလေးများက အများအားဖြင့် ထမင်းကို အဝမစားကြဖူးချေ..။

တစ်ခါတရံသောက်ရေအိုးထဲတွင် ရေတစ်ပေါက်မှမရှိတာနဲ့ ရေကိုပင် မသောက်ကြရ..။ ဒါကြောင့် အဝတ်အစား သစ်သစ်လွှင်လွှင် ဝတ်ရေးကို စိတ်ပင်မကူးဝံ့ကြဘူး..။

ကာလကြာညောင်းလာတဲ့အခါ မိန်းမဖြစ်သူက ငဖျင်းကို အလုပ် မလုပ်လို့ ပြစ်တင်စကား ပြောလာတော့တယ်..။

သို့သော် ငဖျင်းကမူ အောက်ပါအတိုင်း သူ့မိန်းမကို ပြန်ပြီးပြော လိုက်တယ်..။

"စိတ်ပူမနေစမ်းပါနဲ့ ရှင်မရာ..၊ ငါတို့ အခုဆင်းရဲပေမယ့် မကြာမီ အတွင်း ငါတို့ ချမ်းသာလာပါလိမ့်မယ်.."

"ရှင်ဟာ တစ်နေ့တစ်နေ့အလုပ်ဆိုလို့ ဘာတစ်ခုမှ မလုပ်ဘဲနဲ့ ကျွန်မတို့ ဘယ်လိုများ ချမ်းသာလာမှာလဲဆိုတာကို ပြောစမ်းပါဦး.."

မိန်းမဖြစ်သူက ငဖျင်းကို စောင်းကြည့်ရင်း မေးလိုက်မယ်..။

"ခဏလေး စောင့်ကြည့်စမ်းပါ ရှင်မရယ်.. မကြာခင်အတွင်း ငါတို့ ချမ်းသာလာပါလိမ့်မယ်.."

ငဖျင်းက သူတို့မိသားစု ချမ်းသာလာမယ့်နေ့ရက်ကို စောင့်ရန်ကိုသာ ပြန်ပြောလိုက်တယ်..။

ငဖျင်း ပြောတဲ့အတိုင်း မိန်းမဖြစ်သူနဲ့ ကလေးများက သူတို့ ချမ်းသာလာမယ့်နေ့ကို စောင့်မျှော်နေကြတယ်..။

အတန်ကြာ စောင့်ပေမယ့် တစုံတရာ ထူးခြားမလာတာကြောင့် သူတို့ဟာ ဆက်လက် စောင့်မနေနိုင်တော့ဘူး..။

"ဒီမှာ ကိုဖျင်း... ရှင်က စောင့်ပါဆိုလို့ ကျွန်မတို့ သားအမိတွေ ချမ်းသာမယ့်နေ့ကို စောင့်လာရတာလည်း အတော်ကြာပြီ..၊ အခုတော့ ချမ်းသာမလာဘူး..၊ ဘယ်တော့ ချမ်းသာမလဲ မပြောတတ်ဘူး...၊ ကလေးတွေ ထမင်းမစားရတာ သုံးရက်တောင် ရှိပြီရှင့်.."

မိန်းမဖြစ်သူက သည်းမခံနိုင်တော့ဘဲ ငဖျင်းကို ပြောလိုက်တယ်..။

ဒါကြောင့် ငဖျင်းမှာ မနေသာတော့ဘဲ ပညာရှိတစ်ဦးကို တွေ့အောင်ရှာရန် ဆုံးဖြတ်လိုက်ရတော့တယ်..။

ပညာရှိကို တွေ့တဲ့အခါ ဆင်းရဲခြင်းဘဝမှ ဘယ်ကဲ့သို့ အလွတ်ရုန်းပြီး သကာလ..၊ သူဌေးကြီးဖြစ်အောင် ဘယ်ကဲ့သို့ ပြုလုပ်ရမှာကို မေးမြန်းပြီးတော့ ကြည့်မယ်ဆိုတဲ့ အကြံဖြင့် ငဖျင်းဟာ ပညာရှိရှာရန် အိမ်မှထွက်ခဲ့တယ်..။

သုံးရက်သုံးညမျှ မနေမနားလာခဲ့ရာ ငဖျင်းဟာ လမ်းခရီး တစ်နေရာမှာ အလွန်ပိန်ခြောက်နေတဲ့ ဝံပုလွေတစ်ကောင်ကို တွေ့ရတယ်..။

"အို.. သဘောသကာယ ကောင်းမွန်သော လူသား..၊ အသင် ဘယ်သွားမလို့ပါလဲ.."

ဝံပုလွေက ငဖျင်းကို မေးလိုက်တယ်..။

"ပညာရှိထံသို့သွားပြီး သူဌေးဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို မေးမလို့ပါ.."

ငဖျင်းက မှန်တဲ့အတိုင်းပဲ ပြောလိုက်တယ်..၊ ငဖျင်းရဲ့ စကားကို ကြားရတဲ့အခါ ဝံပုလွေဟာ အလွန်ဝမ်းသာသွားပြီး....

"အဆင်သင့်လိုက်တာလေ အသင်လူသား..၊ ပညာရှိထံ ရောက်သောအခါ ကျွန်ုပ်အတွက်လဲ တစ်ခုမေးပေးစေလိုပါတယ်..၊ ကျွန်ုပ်ကို ကြည့်စမ်းပါ အသင်လူသား..၊ ကျွန်ုပ်ဟာ ထူးဆန်းသော ရောဂါဝေဒနာ တစ်မျိုး ဖိစီးခြင်းခံရတာနဲ့ ဝံပုလွေရုပ်ပင် မပေါက်တော့ပါ..။ ဒီရောဂါကြီးက စွဲကပ်ခဲ့တာ (၃)နှစ် (၃)မိုး ကြာပါပြီ..။ နေ့အချိန်ဖြစ်စေ ညအချိန်ဖြစ်စေ သက်သာရာကို မရပါ..။ ဒါကြောင့် ကျွန်ုပ်တွင်

စွဲကပ်နေတဲ့ ဝေဒနာကို ပျောက်ကင်း ချမ်းသာအောင် ဘယ်ကဲ့သို့ ပြုလုပ်ရမှာကို ပညာရှိထံ မေးပေးပါ အသင်လူသား" လို့ မှာလိုက်ရှာတယ်..။

"ကောင်းပါပြီ ကျွန်ုပ်မေးလိုက်ပါ့မယ်.."

ငဖျင်းဟာ ဝံပုလွေကို ကတိပေးပြီးနောက် ခရီးကို ဆက်လက်ထွက်ခွာခဲ့ပြန်တယ်..။ (၃)ရက် (၃)ညမျှ ခရီးဆက်မိတဲ့အခါ လမ်းဘေးက သရက်ပင်ကြီးတစ်ပင်ကို တွေ့ရပြန်တယ်..။

"သဘောသကာယကောင်းတဲ့ အသင်လူသား သင်ဘယ်ကိုသွားမလို့ပါလဲ.."

သရက်ပင်ကြီးက ငဖျင်းကို လှမ်းမေးလိုက်တယ်..။

"ပညာရှိကြီးထံသွားပြီး အလုပ်မလုပ်ဘဲနဲ့ ပိုက်ဆံ အမြောက်အများဘယ်လိုနည်းနဲ့ ရမလဲဆိုတာကို မေးမလို့ပါ.."

ငဖျင်းစကားကို ကြားရတဲ့အခါ သရက်ပင်ကြီးက အလွန်ဝမ်းသာသွားတော့တယ်..။

"အဆင်သင့်လိုက်တာ အသင်လူသား ပညာရှိထံ ရောက်တဲ့အခါကျွန်ုပ်အတွက် ပြဿနာတစ်ရပ်ကို တစ်ဆိတ်ကျေးဇူးပြုပြီး မေးပေးစမ်းပါ..။ ကျွန်ုပ်ဟာ နွေကုန်လို့ မိုးကျကာနီးမှာ အရွက်အလက်များစိမ်းလန်း နုပျိုလာပြီး ပန်းများလဲ ဖူးပွင့်ပါတယ်..။ ဒါပေမယ့် ကျွန်ုပ်ရဲ့လှပသော အဖူးအပွင့်တွေဟာ ရက်ကြာကြာမခံဘဲ မြေသို့ ကြွေကျကုန်ပါ

တော့တယ်..။ ဘာကြောင့် ခုလိုဖြစ်တယ်ဆိုတာကို ပညာရှိကြီးထံ မေးပေးစမ်းပါ အသင်လူသား.."

"ကောင်းပါပြီး သရက်ပင်ကြီး သင်ပြောတဲ့အတိုင်း ငါမေးပေးပါ့မယ်.."

ဖျောင်းဟာ သရက်ပင်ကြီးကို ကတိပေးပြီးလျှင် ခရီးဆက်လက်ထွက်လာခဲ့ပြန်တယ်..။

သုံးရက်သုံးညမျှ ခရီးဆက်မိတဲ့အခါ ဖျောင်းဟာ ရေကန်ကြီးတစ်ခုရှိရာသို့ ရောက်လာတယ်..။

ထိုအခါ ရေကန်ထဲမှ ငါးကြီးတစ်ကောင်က ပေါ်လာပြီး ဖျောင်းကို အောက်ပါအတိုင်း မေးလိုက်တယ်..။

"အို.. သဘောသကာယ ကောင်းသောလူသား..၊ သင် ဘယ်ကိုသွားမလို့ပါလဲ.."

"ပညာရှိထံသွားပြီး အလုပ်မလုပ်ဘဲ ကြီးပွားချမ်းသာတဲ့ နည်းကိုတောင်းမလို့ပါ.."

"အဆင်သင့်လိုက်လေ အသင်လူလား အသင်လူသားကို ကျွန်ုပ်တစ်ခုမှာလိုက်ပါရစေ..၊ ပညာရှိနဲ့တွေ့တဲ့အခါ ကျွန်ုပ်ရဲ့ ပြဿနာကလေးကို တစ်ဆိတ်ကျေးဇူးပြုပြီး မေးပေးစမ်းပါ..။ အင်း ခုနစ်နှစ်တောင်ရှိပြီကော..၊ ကျွန်ုပ်ရဲ့ လည်ချောင်းထဲမှာ အရာဝတ္ထုတစ်ခု နင်နေပါတယ်..၊ ဒါကြောင့် ကျွန်ုပ်ဟာ တစ်နေ့တစ်ရက် စားကောင်းခြင်း

စားလို့မရ..၊ အိပ်ကောင်းခြင်း မအိပ်ရနဲ့..၊ ဝဋ်ဒုက္ခခံစားနေရပါတယ်..။ ဒီဝဋ်ဒုက္ခမှ လွတ်ကင်းချမ်းသာအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ပညာရှိထံ မေးပေးစမ်းပါ အသင်လူသား..''

''ကောင်းပါပြီ ငါးကြီး သင်မှာတဲ့အတိုင်း ကျွန်ုပ်မေးခဲ့ ပါ့မယ်..''

ငဖျင်းဟာ ငါးကြီးကို ကတိပေးပြီးတော့ သူ့ခရီးကို ဆက်လက်ခဲ့ပြန်တယ်၊ သုံးရက် သုံးည လွန်မြောက်ပြန်သောအခါ ငဖျင်းဟာ စိမ်းလန်းစိုပြည်တဲ့ ပန်းခြံကြီးတစ်ခြံအတွင်းသို့ ရောက်လာခဲ့တယ်..။

ပန်းခြံထဲမှာ ပန်းရောင်စုံများ ဖူးပွင့်နေတာ အထူးပဲလှပမွှေးကြိုင်ပြီး၊ အရိပ်ကောင်းလှတဲ့ သစ်ပင်ကြီး တစ်ပင်အောက် မြက်ခင်းပေါ်မှာ..၊ အဘိုးအိုတစ်ဦး ထိုင်ပြီးစာကြည့်နေတာကို ဖျင်းတွေ့လိုက်ရတယ်..။

စာကြည့်နေတဲ့ အဘိုးအိုမှာ ဆံပင်များ ဆွတ်ဆွတ်ဖြူနေပြီး..၊ ရှည်လျားတဲ့ မုတ်ဆိတ်များမှာလည်း ဖြူဖွေးနေတာကို တွေ့ရတယ်..။

''သင် ဘာအလိုရှိပါသလဲ.. ငဖျင်း..''

အဘိုးအိုက စာကြည့်နေရာက ခေါင်းထောင်ကြည့်လိုက်ပြီး ငဖျင်းကို မေးလိုက်တယ်..။ အဘိုးအိုရဲ့စကားကြောင့် ငဖျင်းမှာ အံ့အားသင့်သွားတယ်..

''ဘဘက ကျွန်တော့်နာမည်ကို ဘယ်လိုလုပ်ပြီး သိနေပါသလဲ..၊ ဘဘဟာ ကျွန်တော်ရှာနေတဲ့ ပညာရှိကြီးပဲ ဖြစ်ပါသလား''လို့ မေးလိုက်တယ်..။

"အဖိုးတန်လှတဲ့ အချိန်ကို အလဟဿဖြုန်းမနေပါနဲ့.. ကျွန်ုပ်ထံမှ ဘာကို အလိုရှိတယ်ဆိုတာကိုသာ မြန်မြန်ပြောစမ်းပါ"

အဘိုးအိုရဲ့စကားကြောင့်.. ငဖျင်းဟာ သူလာခဲ့ရခြင်းရဲ့ အကြောင်းရင်းကို အဘိုးအိုကို ပြောပြလိုက်တယ်..။

"ဒါ့အပြင် မေးစရာများ ရှိသေးသလား.. မေးလော့.."

အဘိုးအိုက ထပ်ဆင့်ပြောပြန်တယ်..။

အဲဒီအခါ ငဖျင်းက ဝံပုလွေ၊ သရက်ပင်နဲ့ ငါးကြီးက သူ့ကို ပါးလိုက်တဲ့ ပြဿနာတွေကို အဘိုးအိုကို ပြောပြလိုက်တယ်..။

"ငါးကြီးရဲ့ လည်ချောင်းထဲမှာ အလွန်ကြီးမားတဲ့ အဖိုးတန်ကျောက်မျက်တုံးကြီး တစ်တုံးနင်နေတာ ဖြစ်တယ်..၊ ထိုကျောက်မျက်ရတနာကို ထုတ်ယူပြီး ပစ်လိုက်ပါက သူ့ဝေဒနာလုံးဝ ပျောက်ကင်းချမ်းသာသွားလိမ့်မယ်..။ သရက်ပင်ကြီးမှ အပွင့်အဖူးများ အချိန်မတိုင်မီ ကြွေကျခြင်းကတော့ ထိုသရက်ပင်ကြီးရဲ့ အောက်မှာ ရွှေအိုးကြီးတစ်လုံး မြှုပ်နှံထားတဲ့အတွက် ဖြစ်ပါတယ်..။ သရက်ပင်ကြီးရဲ့အောက်မှာ မြှုပ်နှံထားတဲ့ ရွှေအိုးကြီးကို သူဖယ်ပစ်လိုက်ရင်..၊ အဖူးအပွင့်တွေ ကြွေကျတော့မှာ မဟုတ်တဲ့အပြင် အနံ့အရသာနဲ့ ပြည့်စုံတဲ့ သရက်သီးတွေ သီးလိမ့်မယ်..။ ဝံပုလွေနဲ့ ပတ်သက်ပြီး ပိန်ခြောက်လို့ အားအင်ပျော့လို့နေတဲ့ အဖြစ်က တဖန် ကျန်းမာဝဖြိုးပြီး အားအင်ဗလ ကြီးမားလာစေလို

ပါက သူ့လက်ထဲ ကျရောက်လာတဲ့ ကမ္ဘာပေါ်က အပျင်းဆုံး ငဖျင်း ဆိုသူကို စားရမယ်..''

''ကျွန်တော့် အတွက်ကော ဘဘ..''

ငဖျင်းက သူ့အတွက် ကျန်နေသေးတာနဲ့ အလောတကြီး မေးခွန်း မေးလိုက်တယ်..။

''သင် အလိုရှိသမျှအားလုံး သင့်အတွက် အသင့်ရှိနေပြီး ဖြစ်တယ်.. စိတ်ချပြီးသာ ပြန်သွားပေလော့..''

အဘိုးအိုရဲ့ စကားကြောင့် ငဖျင်းဟာ ဝမ်းသာအားရဖြစ်ကာ လာလမ်းအတိုင်း လှည့်ပြန်လာခဲ့တယ်..။

သုံးရက် သုံးည လွန်မြောက်တဲ့အခါ ငဖျင်းဟာ ရေကန်ကြီး ရှိရာသို့ ရောက်လာခဲ့တယ်..။ ငါးကြီးက ငဖျင်း ပြန်လာတာကို တွေ့တဲ့အခါ အလွန်ပဲ ဝမ်းသာသွားပြီး ...

''ပညာရှိကြီးနဲ့ တွေ့ခဲ့ပြီးပြီလော..၊ အသင်လူသား ကျွန်ုပ်မှာလိုက်တဲ့ စကားကို ပညာရှိကြီးအား သင်မေးခဲ့ပါရဲ့လော..''လို့ မေးလိုက်တယ်..။

''မေးခဲ့ပါတယ် ငါးကြီး..၊ သင်စားကောင်းခြင်း မစားရ အိပ်ကောင်းခြင်း မအိပ်နိုင်ခြင်းမှာ သင့်လည်ချောင်းထဲမှာ အလွန်ကြီးမားတဲ့ ကျောက် မျက်ရတနာတုံးကြီး နင်နေခြင်းကြောင့် ဖြစ်တယ်တဲ့..၊

ဒီကျောက်မျက် ရတနာတုံးကြီးကို လည်ချောင်းထဲက ထုတ်ယူပစ်လိုက်ရင်..၊ သင်ခံစားနေရတဲ့ ဝေဒနာဟာ ရုတ်ချည်း ပျောက်ကင်းချမ်းသာသွားလိမ့်မယ်တဲ့..''

ငဖျင်းဟာ ပြောပြောဆိုဆိုနဲ့ပဲ သူ့ခရီးကို ဆက်လက်ပြီး သွားရန် ဟန်ပြင်လိုက်တယ်..။

''အို.. စိတ်ထားမြင့်မြတ်တဲ့ အသင်လူသား.. ကျွန်ုပ်ကို သနားပါဦး..၊ တစ်ဆိတ်ကျေးဇူးပြုပြီး ကျွန်ုပ်လည်ချောင်းထဲက ကျောက်မျက်ရတနာတုံးကြီးကို ထုတ်ပေးပါ..။ ဒီလိုပြုလုပ်ပေးတဲ့အတွက် ကျွန်ုပ်အသက်ကို ကယ်ဆယ်ရာရောက်ရုံသာမက သင့်အဖို့လည်း အဖိုးတန်တဲ့ ကျောက်မျက်ရတနာကြီး ရတဲ့အတွက် ကြီးပွားချမ်းသာပါလိမ့်မယ်..''

ခြေလှမ်းပြင်နေတဲ့ ငဖျင်းကို ငါးကြီးက ကပျာကယာ တောင်းပန်လိုက်ရှာတယ်..။

''မင်းလည်ချောင်းထဲက ပစ္စည်းကို ငါအလိုမရှိပါဘူး.. ငါ့မှာမရှိတဲ့ အရာဝတ္ထုများဟာ ငါ့လက်ထဲကို သူ့အလိုအလျောက် ရောက်လာပါလိမ့်မယ်ကွာ..''

ငဖျင်းဟာ ပြောပြီးတာနဲ့ တပြိုင်နက် ငါးကြီးကို လှည့်တောင်မကြည့်တော့ဘဲ ရေကန်ကြီးဆီမှ ထွက်ခွာပြီးလာခဲ့တယ်..။

သုံးရက် သုံးည လွန်မြောက်ပြန်တဲ့အခါ ငဖျင်းဟာ သရက်ပင်ကြီးရှိရာ နေရာသို့ ရောက်ခဲ့ပြန်တယ်..။ သရက်ပင်ကြီးက ငဖျင်း ပြန်လာ

တာကိုတွေ့တဲ့အခါ အလွန်ဝမ်းသာသွားတယ်..။ ဒါကြောင့် သရက်ပင်ကြီး တစ်ပင်လုံးရဲ့ အကိုင်းအလက်အရွက်များဟာ တစ်ပြိုင်နက်လှုပ်ရှားလို့ နေပေတော့တယ်..။

"ကျွန်ုပ်ရဲ့ ပြဿနာနဲ့ ပတ်သက်ပြီး ပညာရှိကြီးထံ မေးခဲ့ပြီလော..၊ အသင်လူသား ကျွန်ုပ်ဟာ ယခု ခံစားနေရတဲ့ ဒုက္ခက ဘယ်လိုနည်းဖြင့် လွတ်မြောက်နိုင်ပါသတဲ့လဲ.."

သရက်ပင်ကြီးက ငဖျင်းကို ကမြောသောပါး မေးလိုက်ရာတယ်..။

"ပညာရှိကြီးထံ သင့်ဒုက္ခနဲ့ ပတ်သက်ပြီး ကျွန်ုပ်မေးခဲ့ပါပြီ..၊ သင့်အောက်မှာ ရွှေအိုးကြီးတစ်လုံး မြှုပ်နှံထားတဲ့အတွက် သင်ယခုကဲ့သို့ အဖြစ်မျိုးနဲ့ ကြုံတွေ့နေရတာ ဖြစ်တယ်တဲ့..။ သင့်အောက်မှာ မြှုပ်နှံထားတဲ့ ရွှေအိုးကြီးကို တူးဖော်ပစ်လိုက်ရင် သင့်ရဲ့ အဖူးအပွင့်တွေ ကြွေတော့မှာ မဟုတ်တဲ့အပြင် အနံ့အရသာနဲ့ ပြည့်စုံတဲ့ သရက်သီးများလဲ သီးလိမ့် မယ်တဲ့.."

ငဖျင်းဟာ ပြောပြီးတာနဲ့ အဲဒီနေရာက ထွက်ခွာသွားရန် ဟန်ပြင် လိုက်တယ်..။

"ခဏလေးနားထောင်စမ်းပါ.. ကျေးဇူးရှင်ကြီးရယ်..၊ ကျွန်ုပ်ရဲ့ အောက်မှာ မြှုပ်နှံထားတဲ့ ရွှေအိုးကြီးကို တစ်ဆိတ် ကျေးဇူးပြုပြီး တူးဖော် ပေးစမ်းပါ..၊ ရွှေအိုးကြီးကို သင်တူးဖော်လိုက်တာနဲ့ ကျွန်ုပ်ရဲ့ဒုက္ခကို ပျောက်ကင်းစေရုံသာမက သင့်အဖို့လဲ အဲဒီ ရွှေအိုးကြီးကို ရတော့

ယခု ချက်ချင်းပဲ သူဌေးသူကြွယ်ကြီးအဖြစ်သို့ ရောက်ပါလိမ့်မယ်··"

သရက်ပင်ကြီးက ငဖျင်းကို သနားစဖွယ် တောင်းပန်ရှာတယ်··။

"အို ·· မင်းရွှေအိုးကို ငါ အလိုမရှိပါဘူး··၊ ငါ့မှာ မရှိသေးတဲ့ အရာဝတ္ထုတွေဟာ ငါ့အတွက် အားလုံး အသင့်ဖြစ်နေပြီ လို့ ပညာရှိကြီးက ငါ့ကို ပြောလိုက်တယ်··၊ ကိုင်း ငါသွားတော့မယ်··"

ငဖျင်းဟာ ပြောပြောဆိုဆိုနဲ့ပဲ သရက်ပင်ကြီးကို ဖယ်ခွာ လာခဲ့ပြန်တယ်··။

သုံးရက် သုံးည လွန်မြောက်တဲ့နေ့မှာ ငဖျင်းဟာ ပိန်ခြောက်နေတဲ့ ဝံပုလွေကို မူလတွေ့ရတဲ့နေရာမှာပဲ တွေ့ရပြန်တယ်··။ ငဖျင်း ပြန်အလာကို ရက်ပေါင်းအတော်ကြာ စောင့်မျှော်နေရလို့ ငံပုလွေဟာ အတော်စိတ်တို နေပုံ ပေါက်နေတယ်··။

"ဒီမယ် ကိုယ့်လူ·· ပညာရှိကြီးက ကျုပ်အတွက် ဘာပြောလိုက် သလဲ··၊ စကားတွေ ရှည်ရှည်ဝေးဝေး လုပ်မနေနဲ့ မြန်မြန်သာပြော··"

စိတ်တိုနေတဲ့ ဝံပုလွေက ငဖျင်းကို ခပ်ဆတ်ဆတ်ပဲ မေးလိုက် တယ်··။

"ကမ္ဘာပေါ်မှာ အဖျင်းဆုံးလူကို စားရပါက သင့်ဝေဒနာ ပျောက်ကင်း ချမ်းသာလိမ့်မယ်တဲ့··"

ငဖျင်းကလည်း အဘိုးအိုက ပြောလိုက်တဲ့အတိုင်း ဝံပုလွေကို ပြန်ပြောပြလိုက်တယ်··။

ဝံပုလွေက ငဖျင်းကို ကျေးဇူးတင်စကား ပြောလိုက်ပြီးနောက် လမ်းခရီးမှာ တွေ့ကြုံခဲ့ရသမျှကို ပြန်ပြောပြပါရန် တောင်းပန်လိုက်ပြန်တယ်..။

အဲဒီအခါ ငါးနဲ့ သရက်ပင်တွေရဲ့ အကြောင်းကို ဝံပုလွေကို ပြောပြလိုက်တယ်..။

ငဖျင်းရဲ့ စကားအဆုံးမှာ ဝံပုလွေဟာ တဟားဟားနဲ့ အားရပါးရ ရယ်လိုက်ပြီးနောက်..

"ဒီလိုဆို ငါ့အဖို့ အဲဒီလူဖျင်းကို ထွေထွေထူးထူး လိုက်ရှာနေဖို့ မလိုတော့ဘူး..၊ သူ့ဟာသူ ငါ့ရှေ့ကို ရောက်နေပြီပဲ..၊ ဒီမယ် လူသား..၊ ဒီလောကကြီးမှာ သင့်လောက်ဖျင်းတဲ့လူဟာ မရှိတော့ ဘူး.." လို့ပြောပြီး ငဖျင်းကိုယ်ကို ခုန်အုပ်ပြီး ကိုက်သတ်ကာ စားပစ်လိုက်[illegible]..။

အပျင်းကြီးလှတဲ့ ငဖျင်းဟာ ဒီလိုနဲ့ သူ့ဇာတ်[illegible] ပေတော့တယ်..။

( ပြီး[illegible]

ဥဂ္ဂါစံ(ဖန်[illegible]

□□□ □□□ □□□